


www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

မင်းသွေးသစ္စာ...... စာမရှိ

| | |
|---|---|
| ပုံနှိပ်မှတ်တမ်း | စာမူခွင့်ပြုချက်အမှတ် [ ၅၀၁၂၁၂၀၆၀၉ ]<br>မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၅၀၁၂၆၄၀၆၁၀ ] |
| ပုံနှိပ်ခြင်း | ပထမအကြိမ် အုပ်ရေ (၅၀၀) |
| ထုတ်ဝေသည့်လ | ဇွန်လ ၂၀၀၇ |
| မျက်နှာဖုံးနှင့် အတွင်းစာသား ပုံနှိပ်သူ | ဦးကျော်လှိုင် (၅၅၇၃) စေတနာအော့ဖ်ဆက် အမှတ် (၅၉)၊ ၁၉ လမ်း၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဒေါ်ခင်ခင်စိန် (၀၁၈၁၉) ချစ်မင်းလွှဲစာပေ အမှတ် (၄၃)၊ မလိခလမ်း၊ (၇) မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။ |
| ကွန်ပျူတာ | ပန်းအိစံ |
| မျက်နှာဖုံးပန်းချီ | သိန်းဇော် |
| တန်ဖိုး | ၃၀ ကျပ် |


## သရဖီလှိုင်စာပေ

မှ

## ဆက်လက်ထွက်ရှိမည့်စာအုပ်များ

မင်းသွေးသစ္စာ

- အောင်တော်မူ
- ကြောင်တစ်ရာပိုလ်
- မာယာ
- ပုလဲရှာသူ မမိုးဖြူ
- တိုက်မြွေ

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

မြန်မာပြည်အနောက်မြောက်ပိုင်းတွင် ရှေးဘုရင်များလက်ထက်တော်မှစ၍ 'ပယင်းတွင်း' ဒေသဟု လူသိများသော 'ဟူးကောင်းချိုင့်ဝှမ်းလွင်ပြင်' တည်ရှိ၏။

ဟူးကောင်းသည် ရှမ်းဘာသာစကားဖြစ်၏။ 'ဟူး' သည် ဦးခေါင်း၊ 'ကောင်း' သည် စည်တော်ဟု အဓိပ္ပာယ်ရလေရာ စည်တော် ဦးခေါင်းပြုရာအရပ်ဟု ဒေသသမိုင်းနှင့် ဆက်နွယ်ခေါ်တွင်လာခြင်း ဖြစ်၏။

ချိုင့်ဝှမ်းလွင်ပြင်၏ အချို့နေရာများ၌ ပေ (၅၀၀)မှ ပေ (၃၀၀) ကျော် တောင်တန်းများက နေရာယူကာ ပတ်လည်တွင်မူ ပေ (၅၀၀၀) မှ ပေ (၁၁၀၀၀) ကျော် တောင်တန်းကြီးများ၊ ကျောက်တောင်မြင့်ကြီးများက ဝန်းရံထား၏။



www.burmeseclassic.com

www.burmeseclassic.com



ချင်းတွင်း၏ မြစ်ဖျားခံရာ 'တနိုင်းခ' မြစ်သည် မြစ်ကြီးနားနှင့် မိုးကောင်းနယ်စပ်ရှိ 'ကူပွန်' တောင်တန်းမှ ရေဝေခံကာ မြောက်သို့ စီးဆင်း၏။

ထိုမှ ဟူးကောင်းချိုင့်ဝှမ်းလွင်ပြင်အတိုင်း အကွေ့အကောက်များစွာနှင့် အနောက်မြောက်သို့ စီးဆင်းပြန်၏။

ဆက်လက်၍ တောင်သို့စုန်ကာ စီးဆင်းလေ၏။ ထို့အပြင် တနိုင်းခသည် ဟူးကောင်းချိုင့်ဝှမ်းလွင်ပြင်တွင် လက်ယှက်ထိုးဖြစ်ပေါ်နေသော မြစ်ခွဲများ၊ တောင်ကျချောင်းများ၏ ဆက်သွယ်စီးဝင်ရာ မြစ်မကြီးလည်း ဖြစ်၏

ထိုဒေဝ၏ မိုးရာသီက ခြောက်လမျှ တာရှည်၏။ မိုးနှောင်းမှ ဆောင်းဦးအထိ နှင်းမိုးများ တဖွဲဖွဲ ကျဆင်းနေတတ်၏။

ဆောင်းတွင် အရိုးကွဲမတတ် အေးစိမ့်သလို နွေတွင် အပူရှိန်ပြင်းလှ၏။ ထို့အပြင် နွေဘက်၌ ပြင်းပြသော အပူဒဏ်ကိုခံရပြီးနောက် ညတွင် နိုက်နိုက်တုန်မျှ ချမ်းအေးနေတတ်၏။

ဆိုးရွား၍ အပူအအေးမညီမျှသော ရာသီဥတုသာလျှင်ဖြစ်၏။ ထိုဒေသ၏ ဆိုးရွားသော ရာသီဥတုနှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် ဒေသခံတိုင်းရင်းသားများမှအပ လူသူ အရောက်အပေါက်နည်းပါးလှ၏။

လူတစ်စုကမူ ခက်ခဲကြမ်းတမ်းသော ခရီးရှည်ကြီးကိုနှင်ကာ





ဟူးကောင်းချိုင့်ဝှမ်းလွင်ပြင်သို့ ရောက်ရှိလာကြ၏။

သူတို့သည် ဝန်တင်လားများ၊ ဒေသခံမုဆိုးလမ်းပြ၊ အထမ်းသမားများနှင့်အတူ ရေစီးသန်လှသော တောင်ကျချောင်းတစ်ခု၏ နံဘေးတွင် စခန်းချလျက်ရှိ၏။

အချိန်ကာ ဒုတိယကမ္ဘာစစ်မတိုင်မီ နှစ်များစွာကဖြစ်၏။ ထိုအချိန်က အိန္ဒိယနိုင်ငံ 'လီဒို' မြို့နှင့် ဆက်သွယ်ကာ ဟူးကောင်းချိုင့်ဝှမ်းလွင်ပြင်မှဖြတ်၍ ဖောက်လုပ်သော နာမည်ကျော် လီဒိုလမ်းမကြီးပင် ဖောက်လုပ်ရခြင်း မရှိသေးချေ။

တောင်ကျချောင်းနံဘေးတွင် စခန်းချနေသောလူစုကို အသက် (၅၀)ကျော်ခန့် ဦးဘမြဲဟူသော လူကြီးက ဦးဆောင်လာ၏။

ဦးဘမြဲသည် ထိုဒေသ၏ 'နှင်းမိုး' ဒဏ်ကိုခံနိုင်ရန် ခေါင်းစွပ်ပါသော သားရေခံသားမွေးအင်္ကျီကို ဝတ်ဆင်ပြီး ရွက်ဖျင်တဲရှေ့ရှိ ကျောက်တုံးကြီးထက်တွင် ဆေးတံကိုဖွာ၍ ငြိမ်သက်နေ၏။

သူနှင့် မလှမ်းမကမ်းတွင်မူ အသက် (၃၀)ကျော်ခန့် အောင်မြင့်ဆိုသော လူက တောလိုက်ဓါးမြှောင်နှင့်သစ်ပင်ကို အကြောင်းမဲ့ ထိုးခွနေ၏။

ထို့နောက်မှ သူ၏ ကျဉ်းမြောင်းသောမျက်လုံးအစုံက ပို၍ ကျဉ်းမြောင်းသွားကာ သရော်လှောင်ပြောင်ဟန်နှင့် ဟက်ခနဲရယ်ပြီး

*"ဘယ်လိုလဲ ဦးဘမြဲ၊ ခင်ဗျားရဲ့မှတ်ဉာဏ်က*

www.burmeseclassic.com



*အလွန်တိကျတဲ့ မြေပုံတစ်ချပ်လိုပဲ၊ အမှားအယွင်း မရှိနိုင်ဘူးဆိုဗျ၊ အခုတော့ လိုက်လေလေးလေ ဖြစ်နေပြီထင်တယ်"*

ဟု ပြောလိုက်၏။ ဦးဘမြဟူသော လူကြီးက ကျောက်တုံးထက်မှ ဖုတ်ခနဲ ခုန်ချကာ

*"မင်းရဲ့လေသံက တို့ရဲ့ခရီးကို စိတ်ပျက်အားလျော့နေပုံပဲ"*

ဟု ရေရွတ်ပြီး အောင်ပွင့်ထံလှမ်းလာ၏။ ထို့နောက် အောင်ပွင့်နှင့် မျက်နှာချင်းဆိုင်ရပ်တန့်ပြီး

*"ငါတို့ရဲ့ပန်းတိုင်ကိုရောက်ဖို့ အသက်ကိုတောင် စွန့်လွှတ်သင့်ရင် စွန့်လွှတ်ရမယ်လို့ ခရီးမစခင်ကတည်းက အားလုံး သဘောပေါက်ခဲ့ကြတာပဲကွာ၊ ဒီလိုစွန့်စားသွားလာခဲ့ကြတဲ့အတွက် ထိုက်တန်တဲ့ အကျိုးကျေးဇူးကို ခံစားရမှာမလွဲပါဘူး၊ အဓိကကတော့ ကိုယ့်အချင်းချင်း ယုံကြည်မှုအပြည့်ရှိဖို့ပါပဲ၊ မကြာခင်မှာ မင်းမျှော်လင့်နေတဲ့ 'ရွှေသိုက်'ကို ခြေချနိုင်စေရမယ်လို့ ငါ အာမခံပါတယ်"*

ဟု ပြောကာ ထိုနေရာမှ လှည့်၍ ရွက်ဖျင်တဲကြီးအတွင်း ဝင်ရောက်သွားတော့၏။





အောင်ပွင့်က ဦးဘမြ၏ ကျောပြင်ကို တွေတွေကြီး စိုက်ကြည့်နေစဉ် မလှမ်းမကမ်းမှ ကျွဲပေါက်ကြီးတစ်ကောင်လို သန်မာဟန်ရှိသော မုတ်ဆိတ်ကျင်စွယ်နှင့် လူထွားကြီးက

*"ကိုအောင်ပွင့်၊ ကျုပ်တို့ရဲ့ အထမ်းသမားတွေက ခရီးဆက်ဖို့ သိပ်စိတ်မပါတော့ဘူးဗျ၊ သူတို့က ဦးဘမြပြောသလို အသက်စွန့်ဖို့ ရည်ရွယ်ချက်မရှိတာတော့ အမှန်ပဲ"*

ဟု ပြောလေ၏။

အောင်ပွင့်က ရွက်ဖျင်တဲအနီးရှိ ယာယီဆောက်လုပ်ထားသော ဝါးကွပ်ပျစ်တွင် ထိုင်နေကြသော အထမ်းသမားသုံးယောက်ထံ ကြည့်ရှုပြီး ပခုံးကိုတွန့်ကာ

*"ဘာမှမတတ်နိုင်ဘူး၊ သူတို့ကို ငွေကြေးအလုံအလောက်ပေးပြီး ငှားရမ်းလာခဲ့တာပဲ၊ သူတို့ကိုယ်တိုင် ကျေကျေနပ်နပ် လိုက်လာခဲ့တဲ့ ခရီးမှာ စည်းကမ်းကို ဖောက်ဖျက်ပြီး ငြင်းဆန်မယ်ဆိုရင်တော့ ငါ့လက်ချက်နဲ့ ဘာမလွန်ကို မြန်မြန်ရောက်သွားလိမ့်မယ်ဆိုတာ သတိပေးထားစမ်းကွာ"*

ဟု ပြောလိုက်၏။

အထမ်းသမားသုံးယောက်မှာ မျက်နှာငယ်ကလေးနှင့် ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ခရီးကြမ်းကိုနှင်ခဲ့သည်မှာ တစ်လကျော်ခန့် ကြာမြင့်ခဲ့ပြီ ဖြစ်၏။

ထိုအတောအတွင်း သူတို့အတွက် တောနက်ထဲတွင် ဆင်ရိုင်းအုပ်များကြားမှ အသက်လုပြေးလွှားခဲ့ကြဖူး၏။

အထမ်းသမားတစ်ယောက်မှာ ချောက်ကမ်းပါးတွင်းသို့ ခြေချော်ကျပြီး ရေစီးသန်လှသော တောင်ကျချောင်းတွင် သစ်လုံးဖောင်နှင့် သွားလာစဉ် ရေထဲကျကာ ကြိုးတစ်ချောင်းကို ဆွဲလိုက်မိ၍သာ မသေဆုံးခြင်းဖြစ်၏။

သူတို့သည် ရိုးအသော တိုင်းရင်းသားများပီပီ ခက်ခဲကြမ်းတမ်းသောခရီးအတွက် ဆိုင်ရာအစောင့်အရှောက်နတ်များကို ကူညီစောင့်ရှောက်ပါရန် မကြာခဏ တိုင်တည်နေတတ်ကြ၏။

ထိုအထဲတွင် 'လဘန်လ'က အထမ်းသမားခေါင်းဆောင်ဖြစ်သလို ဤခရီးစဉ်တွင် သူပိုင်ဆိုင်သည့် လားသုံးကောင်ကိုပါ ခေါ်ဆောင်လာခဲ့၏။

လားတစ်ကောင်မှာမူ လမ်းခရီးတွင် အနာရောဂါဖြစ်၍ သေဆုံးသွားခဲ့ပေပြီ။ ထိုလားများအတွက် 'လဘန်လ' ထံမှ အောင်မွှင့်က လားတန်ဖိုးထက် ပိုမို၍ အခကြေးငွေပေးကာ ဝယ်ယူခဲ့ပြီးဖြစ်၏။

လဘန်လသည် မက်လောက်စရာငွေကြေးများကြောင့် မိသားစုကို ထားရစ်ကာ ခရီးထွက်လာရသော်လည်း စိတ်တွင်း၌ တထင့်





ထင့် ဖြစ်လျက်ရှိ၏။

အောင်မွှင့်ကိုမူ အလိုလိုနေရင်း ထိတ်လန့်နေ၏။ သူ့အတွက် အောင်မွှင့်သည် မကောင်းဆိုးဝါး နွားတစ်ကောင်လို တဖြည်းဖြည်း ထင်မှတ်လာမိ၏။

အောင်မွှင့်သည် အထမ်းသမားများကို မကြာခဏခြိမ်းခြောက်ရင်း မညှာမတာ ခိုင်းစေတတ်၏။

သူတို့၏ ဓလေ့ထုံးစံအရ ယုံကြည်သက်ဝင် ကိုးကွယ်သော နတ်များကိုလည်း သရော်လှောင်ပြောင်တတ်၏။ ထို့ကြောင့်ပင် အောင်မွှင့်ထံ ကံကြမ္မာဆိုးက မလွဲမသွေ ကျရောက်ပေတော့မည်ဟု 'လဘန်လ' က စွဲမြဲယုံကြည်နေ၏။

ထိုအခိုက် အရှေ့ဘက်တောနက်ဆီမှ သေနတ်သံတစ်ချက် ထွက်ပေါ်လာ၏။

အောင်မွှင့်က နားစွင့်လိုက်ပြီး လူထွားကြီးကို

*"မကမ်ယူတို့တော့အမဲရပြီထင်တယ် ဘကျော်"*

ဟု ပြောလိုက်၏။ ဘကျော်က မျက်မှောင်ကြုတ်၍ ခေါင်းယမ်းပြီး

*"မဖြစ်နိုင်ဘူး ကိုအောင်မွှင့်၊ သေနတ်သံက*
*ကောင်းကင်ကို ထောင်ပြီး ပစ်ခတ်လိုက်တဲ့အသံဗျ၊*
*သူတို့က မျောက်တွေ၊ ငှက်တွေ သွားပစ်တာမှမဟုတ်*
*တာ၊ ဟဲ ဟဲ... ချေတွေ၊ ဆတ်တွေက မိုးပေါ်*



www.burmeseclassic.com

www.burmeseclassic.com



*ပျံ့နေရင်တော့ မပြောတတ်ဘူး”*

ဟု ဆိုလေရာ အောင်ပွင့်က စိတ်ဝင်တစားဖြင့် မျက်လုံးတောက်ပလာပြီး

*“မင်းပြောပုံက သူတို့ အန္တရာယ်တစ်ခုခုနဲ့ ကြုံတွေ့နေတာကို ဆိုလိုချင်တာလား”*

ဟု မေးမြန်းလိုက်လေ၏။

လူထွားကြီးဖြစ်သူ ဘကျော်က အနိုင်အမာသိရှိနေဟန်ဖြင့် ခေါင်းညိတ်ပြီး

*“ဒီလို ခရီးရှည်ကြီးသွားနေရတဲ့ အခြေအနေမှာ ဘယ်သူက ကျည်ဖြုန်းပြီး မိုးပေါ်ထောင်ပစ်နေမှာလဲဗျ၊ ပြီးတော့ ကျုပ်တို့အဖွဲ့မှာ အမဲပစ်ရင် ကျည်သုံးတောင့်ထက် ပိုမသုံးရဘူးလို့ ဦးဘမြဲက စည်းကမ်းထုတ်တယ် မဟုတ်လား၊ မဂမ်ယူက ဒူးလေးပဲ သုံးတယ်ဆိုတော့ သေနတ်ကိုင်တဲ့ ဦးဘမြဲရဲ့သား ‘တူးခေါင်’ ဆိုတဲ့ ကောင်လေး အန္တရာယ်နဲ့တွေ့နေနိုင်တယ်”*

ဟု ပြောလိုက်၏။ အောင်ပွင့်က မျက်နှာကြီးဝင်းထိန်ပြီး လေသံတီးတိုးနှင့် ဘကျော်ကို

*“အဲဒီမှာ အန္တရာယ်နဲ့တွေ့ပြီး တစ်ခါတည်း*





*ကိစ္စချောသွားတော့လည်း ကောင်းတာပေါ့ကွာ”*

ဟု ပြောလိုက်၏။

ထိုအခိုက်တွင်ပင် သူတို့သည် အရှေ့ဘက် တောနက်ဆီမှ သေနတ်သံတစ်ချက် ထပ်မံပေါ်ထွက်လာသည်ကို ကြားလိုက်ရတော့၏။

* * *

ပန်းအိစံ ကွန်ပျူတာ
ဆိုင်အမှတ်(၇) မျက်နှာစာတန်း၊ ကျောက်မြောင်းဈေး၊ တာမွေ



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာတွင် ရေတံခွန်တစ်ခုက လှပစွာ စီးဆင်းနေ၏။ ရေတံခွန်၏အခြေတွင် မြက်ခင်းစိမ်းရှိ၏။ အရောင်အသွေးစုံစွာ ဖူးပွင့်နေသော တောပန်းရောင်စုံရှိ၏။

တောတွင်းသားတစ်ယောက်လို ဆံပင်ရှည်ကို အနီရောင်ဖျင်တစ်စနှင့် နဖူးမှစည်းနှောင်ထားသော အသက် (၂၀)ခန့် လူငယ်တစ်ယောက်သည် ရေတံခွန်အခြေရှိ ကျောက်တုံးများကို လွှားခနဲ၊ လွှားခနဲ ခုန်ပျံကာ သွားလာနေ၏။





သူ၏နောက်မှ ပုကွကွ၊ ဂင်တိုတိုနှင့် လူတစ်ယောက်ကလည်း ထက်ကြပ်မကွာ လိုက်ပါရင်း

*“တူးခေါင်… ဒီနေ့ အမဲပစ်ထွက်တာ ကျုပ်နစ်တောင့်ပဲသုံးမယ်လို့ကတိပေးထားတာမမေ့နဲ့ဟော့”*

ဟု အော်ဟစ်ပြောဆိုလေ၏။

တူးခေါင်ဟူသော လူငယ်က ဟက်ခနဲရယ်ပြီး

*“မမေ့ပါဘူးဗျာ၊ ကျုပ်စကားအတိုင်း တည်မတည်ဆိုတာ မကြာခင် ဟိုက ဆားကျင်းကိုရောက်တော့ အဖြေထွက်မှာပေါ့ မဂမ်ယူ”*

ဟု ပြောလိုက်၏။

ရေတံခွန်၏တစ်ဖက်တွင် ချုံနွယ်များပေါက်ရောက်နေသော ကျောက်ဆောင်မြင့်တစ်ခုက ကာဆီးထား၏။

သူတို့သည် ထိုကျောက်ဆောင်မြင့်ပေါ်သို့ နွယ်ပင်၊ ချုံပင်များကို ခိုတွယ်ကာ တက်ကြရပြန်၏။ ကျောက်ဆောင်မြင့်ပေါ်မှနေ၍ တောင်စောင်းအတိုင်း ဆင်းသက်သွားလျှင် ဆားကျင်းကို ရောက်ပြီဖြစ်၏။

သဘာဝအလျောက် ဖြစ်ပေါ်နေသော ဆားကျင်းတွင် တောတိရစ္ဆာန်မျိုးစုံတို့ ရှိနေတတ်၏။

ဆားကျင်းကို ကျောက်ဆောင်မြင့်ပေါ်မှ လှမ်း၍မြင်ရလေလျှင် မဂမ်ယူက မြေတွင်ဝပ်၍ ခြောင်းမြောင်းကြည့်ရှုပြီး ဝမ်းသာပျာနှင့်



www.burmeseclassic.com

www.burmeseclassic.com



"ဆတ်တစ်အုပ်တော့ ကျနေပြီကွ၊ ညာဘက်
အစွန်ဆုံးက ဆတ်ထီးကြီးက ငါ့အတွက်ဟေ့"

ဟု တူးခေါင်ကို ပြောလေ၏။

သူတို့သည် ထိုကဲ့သို့ အမဲကောင်များ အုပ်လိုက်တွေ့လျှင် တစ်ပြိုင်နက်တည်း သားကောင်ရွေးချယ်သတ်မှတ်ကာ ပစ်ခတ်တတ်ကြ၏။

တူးခေါင်က ခေါင်းညိတ်ပြီး ကျောမှ ရိုင်ဖယ်ကို အသာအယာ ဖြုတ်ယူလိုက်၏။

မဂမ်ယူက ကျောက်တုံးကြီးတစ်ခုအနီး တိုးကပ် အကာအကွယ် ယူကာ မှဆိုးဒူးထောက်ထိုင်ပြီး ဒူးလေးကို ညှိတွင်၍ ပစ်မှတ်ကို ချိန်ရွယ်လေ၏။

တူးခေါင်ကလည်း မြေပြင်တွင် ဝမ်းလျားမှောက်ကာ ရိုင်ဖယ် ကို ပြင်၍ မဂမ်ယူ၏အချက်ပေးသံကို နားစွင့်လေ၏။

ထိုအခိုက် မဂမ်ယူရှိနေရာ တောင်စောင်း၏ ညာဘက် ကျောက်စွန်းတစ်ခုမှ ရိပ်ခနဲ လှုပ်ရှားလာသော အရာတစ်ခုကို တူးခေါင်၏ မျက်လုံးထောင့်မှ ဖျတ်ခနဲ တွေ့လိုက်ရ၏။

မဂမ်ယူ၏ အာရုံကမူ တောတောင်အုပ်ဆီသို့ ကျရောက်နေ၏။ တူးခေါင်သည် ကိုယ်ကို တစ်ပတ်လှိမ့်၍ သေနတ်ပြောင်းကို အရိပ်မည်းထံသို့ လှုပ်တစ်ပြက် ထိုးချိန်လိုက်၏။





အရိပ်မည်းမှာ ဆတ်အုပ်ထဲ ခြောင်းမြောင်းရောက်ရှိလာသော သစ်နက်ကောင်ဖြစ်၏။ ထိုအချိန်၌ သစ်နက်သည် မုဆိုးသာဖြစ်၏။

သစ်နက်က ကျောက်စွန်းထက်မှနေ၍ အကာအကွယ်မဲ့နေသော မဂမ်ယူထံ တိုက်ခိုက်ရန် ခုန်လွှားလာခြင်းဖြစ်၏။

တစ်နည်းအားဖြင့် သားရဲမုဆိုးက လူမုဆိုးအား အလစ်အငိုက် တွင် တိုက်ခိုက်လိုက်ခြင်းသာ ဖြစ်၏။

တူးခေါင်သည် သစ်နက်ကို သေနတ်နှင့် လှမ်း၍ပစ်ခတ်လိုက် သော်လည်း ပစ်ချက်က လွဲချော်သွားပေပြီ။

သစ်နက်က လေထဲမှခုန်၍ မဂမ်ယူထံ ရောက်ရှိကာ လုံးထွေး သွား၏။ တူးခေါင်သည် ထိုအခါမှ မဂမ်ယူနှင့်လုံးထွေးနေသော သစ်နက်ကို ဓိဓိပိန်ခြေရန် ပစ်ကွင်းရှင်းလင်းအောင် စောင့်နေရ၏။

မဂမ်ယူမှာလည်း ဒူးလေးတခြား၊ လူတခြားဖြစ်ကာသစ်နက်၏ ချွန်မြသောအစွယ်နှင့် လက်သည်းများကြားတွင် အသက်လုနေရ၏။

ထိုအခိုက် တူးခေါင်သည် ထူးဆန်းသောမြင်ကွင်းတစ်ခုကို မြင်တွေ့လိုက်ရ၏။ တူးခေါင်က တစ်ပြန်တစ်လှည့်စီ လုံးထွေး နေသော မဂမ်ယူနှင့် သစ်နက်ကို ကြည့်ရှုရင်း ပစ်ကွင်းကောင်းကို ရရှိလိုက်၏။

သစ်နက်က လဲကျနေသော မဂမ်ယူကို အုပ်မိုးထား၏။ ထို့ကြောင့် တူးခေါင်က လျှင်မြန်စွာ သစ်နက်၏သေကွင်းသေကွက်



www.burmeseclassic.com

www.burmeseclassic.com



လက်ပြင်တည့်တည့်ကို ချိန်ရွယ်ပစ်ခတ်ရန် ပြင်လိုက်၏။

ထိုအခိုက် သစ်နက်ဆင်းလာရာ ကျောက်စွန်းမှ စူးရှရှိုင်သော အမိန့်သံက ထွက်ပေါ်လာခြင်းဖြစ်၏။

*"မပစ်နဲ့၊ ရပ်လိုက်စမ်း"*

တူးခေါင်၏အကြည့်က ထိုနေရာသို့ရောက်ရှိသွား၏။ အသံရှင်သည် ပါးလွှာသော ချည်ထည်သင်တိုင်းရှည်ကြီးကို ဝတ်ဆင်ထား၏။

ဆံပင်ရှည်တို့က လေတွင်လွင့်၍ မျက်နှာကိုပင် ဖုံးအုပ်လုမတတ် ဖြစ်နေ၏။

သို့သော် ထိုအသံရှင်သည် ထိုကဲ့သို့ဟန့်တားပြီးလျှင်ပြီးခြင်းပင် ဝိညာဉ်တစ်ကောင်လို ကျောက်စွန်းမှ ဖျတ်ခနဲ ပျောက်ကွယ်သွား၏။

တူးခေါင်သည် ထူးဆန်းသော အဖြစ်အပျက်ကြောင့် ကြောင်ငေး မနေအားဘဲ သစ်နက်ကို အပြတ်ရှင်းရန် ပြင်လိုက်၏။

မဂမ်ယူ၏ အသက်ကိုကယ်တင်ရန် ရုတ်တရက်ရောက်ရှိလာသော အသံရှင်၏အမိန့်ကို နာခံ၍မဖြစ်ချေ။

သူ၏သေနတ်ပြောင်းက သစ်နက်ထံရောက်ရှိချိန်၌ သစ်နက်ကလည်း ကြိုတင်သိရှိနေသည့်အလား ရုတ်ခြည်းပင် မဂမ်ယူကို သက်လွှတ်ကာ တစ်ဖက်တောင်စောင်းသို့ တစ်ပတ်ကျွမ်းပစ်၍ ခုန်လွှားသွားတော့၏။





တူးခေါင်၏သေနတ်က လေကိုသာ ပစ်ခွင်းမိသွား၏။ အဖြစ်အပျက်က မျက်စိတစ်မှိတ်အတွင်း လျှင်မြန်စွာ ပြီးဆုံးသွား၏။

မဂမ်ယူသည် မြေပြင်မှ ပြုံးဖြီးဖြီးကြီးလုပ်၍ ထလာကာ

*"ကံကောင်းလို့ပေါ့… သစ်နက်ရဲ့အစွယ်များမှာ အသက်ပါမသွားတာ၊ မုဆိုးကို အမဲလိုက်ခံရတာ ဒါမှ ပဲ"*

ဟု ရေရွတ်လေ၏။

မဂမ်ယူ၏ပေါင်တွင် သစ်နက်၏လက်ချက်ဖြင့် သွေးတို့ယိုစီးကျနေသည်မှအပ ကြီးကျယ်သော ဒဏ်ရာမရရှိချေ။

သူသည် ထူထဲသော သားရေကိုယ်ကြပ်အင်္ကျီကို ဝတ်ဆင်ထား၍လည်း သစ်နက်၏ကုတ်ဖွဲ့မှုများကို ခံနိုင်ခြင်းဖြစ်၏။

တူးခေါင်က မျက်မှောင်ကြုတ်ပြီး ကျောက်စွန်းပေါ် ငေးမျှော်ကြည့်လိုက်မိ၏။

သူသည် ဝင်ရောက်ဟန့်တားသူ အဖြူရောင်အရိပ် ကို မျက်လုံးတွင်းမှ ပျောက်ပျက်၍မရအောင် စွဲထင်နေဆဲဖြစ်၏။

မဂမ်ယူသည် ထိုအဖြစ်အပျက်ကို သိရှိလိုက်ဟန်မတူချေ။ တူးခေါင်က ပြောပြလိုက်လျှင် မဂမ်ယူက မျက်လုံးပြူးကျယ်၍

*"ဒီလို အရိုင်းအစိုင်း သတ္တဝါတစ်ကောင်ကို ပစ်ခတ်ဖို့ ဘယ်လိုလူမျိုးက ဝင်ပြီးဟန့်တားတာလဲ၊ ပြီးတော့ ဒီလောက် လူသူအလှမ်းဝေးတဲ့ တောနက်*



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ လူသားတစ်ယောက်ကို တွေ့လိုက်ရတယ်ဆို တာ မဖြစ်နိုင်ဘူးထင်တယ်၊ မင်း မျက်စိနောက်တာ များလားကွာ”

ဟု တူးခေါင်ကို ပြော၏။ တူးခေါင်က ခေါင်းယမ်းပြီး

“ကျုပ် မျက်စိမနောက်ပါဘူး၊ တိတိကျကျပြော ရရင် အဲဒီအဖြူရောင်အရိပ်ဟာ ယောက်ျားရင့်မာကြီး တစ်ယောက်မဟုတ်ဘဲ ငယ်ရွယ်နုနယ်တဲ့ မိန်းမပျို ကလေးဖြစ်နေတယ်ဆိုရင် ခင်ဗျား ပိုပြီး အံ့သြလိမ့် မယ်၊ ကျုပ်တစ်သက်မှာ ဖျတ်ခနဲမြင်တွေ့လိုက်ရုံနဲ့ ဒီလောက်ချောမောလှပလွန်းတဲ့ မိန်းမကို တစ်ခါမှ မမြင်တွေ့ခဲ့ဖူးသေးဘူး”

ဟု ဆိုလိုက်၏။ မဂမ်ယူက လှုပ်လှုပ်ရှားရှားဖြစ်ကာ

“ဒါဆိုရင် မဟုတ်မှလွဲရော ဥစ္စာစောင့်တို့၊ သူယောင်မယ်တို့၊ တောတောင်အစောင့်အရှောက်တို့ ဖြစ်လိမ့်မယ်၊ မင်းကို ဟန့်တားပြီး ကျောက်စွန်းက ရုတ်တရက် ပျောက်ကွယ်သွားတာ စဉ်းစားရခက် တယ်၊ ဘာကြောင့်လဲဆိုတာသိရအောင် အဲဒီ ကျောက်စွန်းပေါ် တက်ကြည့်ရမယ်”

ဟု ပြောဆိုပြီး ဒဏ်ရာကိုပင် အမှုမထားဘဲ ကျောက်စွန်းသို့





ကုတ်တွယ်၍ တက်သွားတော့၏။

မဂမ်ယူသည် ကျောက်စွန်းသို့ ခြေချမိလျှင် မျက်လုံးက ထပ်မံ ပြူးကျယ်သွားပြန်ကာ အော်ဟစ်ပြီး

“လက်စသတ်တော့ သစ်နက်က ငါတို့ကို ဒါ ကြောင့် ရုတ်တရက် ရုန်းမူတာကိုးကွ၊ ဒီကောင်ကြီးက ဟောဒီကျောက်စွန်းမှာ သူရှာဖွေလာတဲ့ အမဲကောင်ကို ပွဲတော်တည်မလို့ပြင်နေတုန်း ငါတို့ရောက်လာလို့ အနှောင့်အယှက်ဖြစ်ပြီး တိုက်ခိုက်တာပဲ၊ သစ်နက်ရှာ ထားတဲ့ အမဲကောင်က ဆတ်ထီးကြီးတစ်ကောင်ပဲကွ၊ လတ်လတ်ဆတ်ဆတ်ကြီး ရှိသေးတယ်၊ မင်းရဲ့ ဥစ္စာစောင့် မိန်းမချောကလေးလည်း ရုတ်တရက် ပျောက်ကွယ်သွားတာ စဉ်းစားလို့ရပြီ၊ ကျောက်စွန်း ပေါ်က မင်းကိုဟန့်တားပြီးပြီးခြင်း ဒီဘက်က ကျောက် ဖျာကြီးပေါ်ကို ခုန်ချပျောက်ကွယ်သွားတာ ဖြစ်ရမယ်”

ဟု ပြောလေ၏။

ထို့နောက် မဂမ်ယူသည် သစ်နက်ရှာဖွေထားသည့် အမဲကောင် ဆတ်ထီးကြီးအား အပိုင်စီးလိုက်၏။ အပြန်လမ်းတွင် တူးခေါင်နှင့် မဂမ်ယူသည် ဝါးတစ်လုံးတွင် ဆတ်ထီးကြီးအားလျှို၍ တစ်ဖက်စီ ထမ်းပိုးကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မဂမ်ယူက

"ဟဲ ဟဲ... မင်းအတွက် သတ်မှတ်ထားတဲ့ သေနတ်ကျည်နှစ်တောင့်ပြည့်လို့ အမဲမရပေမဲ့ ရလိုက်သလိုပါပဲကွာ၊ ဟိုဆားကျင်းက ဆတ်အုပ်လည်း သေနတ်သံကြောင့် ပျောက်ကုန်ပြီဆိုတော့ ဒီဆတ်ထီးကြီးနဲ့ပဲ ဒီနေ့အတွက် ကျေနပ်ရမှာပေါ့"

ဟု ပြောလေ၏။

တူးခေါင်ကမူ နှုတ်ဆိတ်လျက်သာရှိ၏။ သူ၏အတွေးအာရုံထဲတွင် တဒင်္ဂအချိန်ကလေး၌ မြင်တွေ့လိုက်ရသော အဖြူရောင်ဝတ်စုံရှည်နှင့် မိန်းမပျို၏ ပုံရိပ်က စိုးမိုးနေဆဲသာဖြစ်၏။

***





စခန်းသို့ရောက်လျှင် မဂမ်ယူသည် အမဲကောင်အား ဓါးပါးကလေး တစ်လက်နှင့် အရေခွာကာ အရိုးအသားများကို တစ်ပိုင်းစီဖြစ်စေရန် စိတ်ရှည်လက်ရှည် ပြုလုပ်လေ၏။

ထိုအချိန်၌ တူးခေါင်က ဖခင်ရှိရာ ရွက်ဖျင်တဲအတွင်း ဝင်ရောက်လာ၏။

ဦးဘမြဲသည် ကြိုးပုခက်တွင် လဲလျောင်းရင်း အင်္ဂလိပ်ဘာသာနှင့် ရေးသားထားသော တိဗက်နှင့် အိန္ဒိယတို့၏ ရှေးဟောင်းယဉ်ကျေးမှုများ၊ ကူးလူးဆက်ဆံပုံနှံ့ခြင်းဟူသော စာအုပ်ထူကြီးကို ဖတ်ရှုနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တူးခေါင်က ဦးဘမြကို

"အဖေပြောတော့ ဒီကနေ မိုင် (၂၀)ပတ်လည်မှာ ဘယ်လို လူနေအိမ်ခြေမှမရှိဘူးဆို၊ ကျုပ် အခုဆားကျင်းဘက်မှာ မထင်မှတ်ဘဲ မိန်းမပျိုတစ်ယောက်ကို တွေ့ခဲ့တယ်"

ဟု ပြောကာ ဖြစ်ပျက်ခဲ့သမျှကို အစအဆုံး ရှင်းပြလိုက်၏။ ဦးဘမြက စာကြည့်မျက်မှန်ဝိုင်းကလေးကို လက်ညှိုးဖြင့်တွန်းတင်ပြီး

"အဲဒီမိန်းကလေးက မြန်မာစကားကို ကောင်းကောင်းပြောဆိုတတ်ပုံပဲ၊ သစ်နက်ကို မပစ်ခတ်ဖို့ သူက ဟန့်တားခဲ့တယ် မဟုတ်လား၊ အင်း… အဲဒီမိန်းကလေးကို ထပ်ပြီးတွေ့ဆုံရရင် သိပ်ကောင်းမှာပဲ၊ ငါတို့ရှာဖွေနေတဲ့ ရွှေသိုက်ရဲ့လမ်းစကို ရနိုင်တယ်"

ဟု ပြောလေ၏။ တူးခေါင်က မျက်မှောင်ကြုတ်၍

"အဲဒီရွှေသိုက်အကြောင်း ကျုပ်ကို တိတိကျကျပြောစမ်းပါ အဖေ၊ ခရီးမထွက်ခင်ကတည်းက ရွှေသိုက်အကြောင်းကို မေးခဲ့ပေမဲ့ အဖေ့ဆီက ဘာမှ အဖြေမရခဲ့ဘူး၊ ကျုပ်အတွက်တော့ အဲဒီရွှေသိုက်ဟာ ပဟေဠိတစ်ခုလိုဖြစ်နေသလို ကိုအောင်မွှင့်တို့





လူစုကလည်း တဖြည်းဖြည်း အဖေ့အပေါ် ယုံကြည်မှု လျော့နည်းလာပုံရတယ်"

ဟု ဆိုလိုက်၏။

ထိုအခိုက် အောင်မွှင့်က တဟဲဟဲရယ်မောရင်း ရွက်ဖျင်တဲအတွင်း ဝင်ရောက်လာကာ

"သိပ်ဟုတ်တာပေါ့ တူးခေါင်၊ ဒီနေ့ရာအထိ ငါဟာ ဦးဘမြကို ယုံကြည်ပြီး စွန့်စားသွားလာခဲ့ရပေမဲ့ ရွှေသိုက်အကြောင်း ဘာမှမသိရသေးတာ တော့ တော်တော်ရယ်စရာကောင်းနေတယ်"

ဟုပြောလေ၏။ ဦးဘမြက မျက်နှာတင်းမာသွားပြီးမှ သက်ပြင်းချကာ

"ဒီမှာ မောင်အောင်မွှင့်၊ မင်းယုံကြည်ထားတဲ့အတိုင်း ရွှေသိုက်ကိုတွေ့အောင် ငါရှာဖွေပေးမှာပါ၊ ဒါပေမဲ့ ခရီးစဉ်စကတည်းက ရွှေသိုက်နဲ့ပတ်သက်တဲ့ အတိတ်အကြောင်းတွေ မမေးမြန်းပါဘူးလို့ မင်းကတိပေးထားခဲ့တာပဲ၊ ငါ့အတွက် လွန်ခဲ့တဲ့ အနှစ် (၂၀) ကျော်က ခိုးရွားလှတဲ့ အတိတ်အကြောင်းတွေကို အသစ်ဖြစ်ပြီး မပြောခဲ့တာကိုတော့ ခွင့်လွှတ်စေချင်တယ်၊ ဒါမှမဟုတ်ရင်တော့ မင်းအနေနဲ့ ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



*လမ်းခွဲသွားနိုင်တယ်"*

-ဟု အပြတ်ပြောလေ၏။

ထိုအချိန်၌ တူးခေါင်သည် ဖခင်၏မျက်နှာကို ကြည့်ရှုမိလေရာ အတိတ်၏ နာကျင်မှုများကို ကျိတ်၍ခံစားဟန် ဖြစ်ပေါ်နေသည်ကိုတွေ့ရ၏။

ရွှေသိုက်၏အတိတ်အကြောင်းနှင့်ပတ်သက်၍ မဖွင့်ဟချင်သော ဖခင်သည် ဘာကြောင့်များ ရွှေသိုက်ကို ရှာဖွေရန် ကြံစည်ခဲ့သည် မသိဟုလည်း တွေးမိ၏။

ထိုအခိုက် အပြင်ဘက်ဆီမှ မဂမ်ယု၏ အော်ဟစ်သံကို ကြားလိုက်ရ၏။

ဦးဘမြက ခေါင်းယမ်းပြီး

*"ထုံးစံအတိုင်း မဂမ်ယုနဲ့ အောင်ပွင့်ရဲ့တပည့် ဗလကြီး ဘကျော်တို့ ပြဿနာတက်ကြပြန်ပြီ ထင်တယ်"*

ဟုရေရွတ်လေ၏။

တူးခေါင်သည် ရွက်ဖျင်တဲအပြင်သို့ရောက် လျှင် ဆတ်သားများကို ကြပ်တင်ခြင်း၊ ချက်ပြုတ်ခြင်း ပြုလုပ်နေသည့် မီးပုံကြီးနားတွင် ခေါသတကြီး ခုန်ပေါက်နေသော မဂမ်ယုအား အထမ်းသမား လဘန်လက ချော့မော့ဖျောင်းဖျနေသည်ကိုတွေ့ရ၏။





မလှမ်းမကမ်းရှိ ဘကျော်က မဂမ်ယုကို ထီမထင်ဟန်နှင့် စောင်းငဲ့ကြည့်ရှုပြီး

*"မင်းလို တောသားအရိုင်းအစိုင်းကောင်ကို ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်မယ်၊ နောင်ဆိုရင် ငါ့ကို ရိုရိုသေသေဆက်ဆံပါ"*

ဟုပြောလိုက်၏။

မဂမ်ယုက လဘန်လ၏လက်တွင်းမှ ရုန်းကန်ရင်း အော်ဟစ်က

*"ငါ့ရဲ့ နတ်ဘုရားရုပ်ထုကလေးကို ဖျက်ဆီးတဲ့အတွက် မင်းကို ကျားဆွဲပါစေ၊ ဆင်နင်းပါစေ၊ ဘေးဒုက္ခအန္တရာယ်အမျိုးမျိုးတွေ့ပါစေ၊ အဲဒီလို သေဆုံးသွားရင်တောင်မှ မင်းရဲ့ ဝိညာဉ်ဟာ မကျွတ်မလွတ်ဘဲ တောတောင်ထဲမှာ တဝဲလည်လည် ဖြစ်နေပါစေ၊ ငါ့ရဲ့ ကျိန်စာဟာ မကြာခင် မင်းအပေါ် ကျရောက်ပါစေ"*

ဟုပြောဆိုလေ၏။

မဂမ်ယုသည် ယုံကြည်ကိုးကွယ်ရာ အစောင့်အရှောက်အဖြစ် နတ်ဘုရားရုပ်ထုကလေးတစ်ခုအား ခရီးဆောင်အိတ်အတွင်း၌ထားရှိသည်ကို အားလုံးအသိပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ ဘကျော်က ထိုရုပ်ထုအား နောက်ပြောင်ပြန်နှင့် ဖျက်ဆီးပစ်လိုက်ချေပြီ။

ဘကျော်သည် မဂမ်ယူ၏ ကျိန်ဆိုမှုကြောင့် မျက်နှာကြီး မည်းခနဲဖြစ်သွား၏။

ထိုအချိန်တွင် ဒေါသတကြီး ရှန်းကန်နေသော မဂမ်ယူကို လာဘန်လက မထိန်းနိုင်တော့ဘဲ လက်လွှတ်ထွက်သွား၏။ မဂမ်ယူက မြားတစ်စင်းလို ဘကျော်ထံ ပြေးဝင်လာပြီး

*"သေပေတော့ မိစ္ဆာကောင်"*

ဟုအော်ဟစ်ကာ တိုက်ခိုက်လေ၏။

ဘကျော်သည် မဂမ်ယူ အား အနီးသို့မရောက်မီပင် သူ၏ ကြီးမားလှသော လက်သီးတစ်လုံးနှင့် ဗိုးခနဲ မိတ်ဆက်ပေးလိုက်၏။ မဂမ်ယူမှာ ဆယ်ပေါင်တူနှင့် ဆီး၍အထုခံလိုက်ရသလို နောက်သို့ လန်ကျသွား၏။

ဘကျော်က ဖျတ်ခနဲပင် သူ့အနီးသို့ရောက်ရှိလာကာ

*"ဒီမှာ မဂမ်ယူ၊ မင်းက တောတိရစ္ဆာန်တွေကို သတ်ဖြတ်တာ ကျွမ်းကျင်ပေမဲ့၊ လူကို ဘယ်လို တိုက်ခိုက်ရတယ်ဆိုတာ နားမလည်သေးပါဘူးကွာ၊ မင်း ငါ့ကို ရိုရိုသေသေ ဆက်ဆံဖို့ နောက်ဆုံးသတိ ပေးလိုက်မယ်"*





ဟုပြောကာ မဂမ်ယူ၏ လည်ပင်းကို သူ၏တောစီးဖိနပ်ဖြင့် ဖိနင်းထားလိုက်၏။

ထိုအခိုက် တူးခေါင်က

*"တော်လောက်ပြီ ကိုဘကျော်"*

ဟု ဟန့်တားလေရာ ဘကျော်က ဆတ်ခနဲလှည့်ပြီး

*"တူးခေါင် မဆိုင်တဲ့ကိစ္စမှာ ဝင်မရှုပ်နဲ့"*

ဟုပြောလေ၏။

အောင်ပွင့်ကမူ ထိုအဖြစ်အပျက်ကို စီးကရက်တစ်လိပ် ဖွာရှိုက်ရင်း စိမ်ပြေနပြေ ကြည့်ရှုနေ၏။

တူးခေါင်က ဘကျော်ထံ ခြေလှမ်းပြင်ကာ

*"ခင်ဗျားက တစ်ဖက်သားရဲ့ ကိုးကွယ်ယုံကြည်မှုကို စော်ကားတဲ့အပြင် အနိုင်အထက်လုပ်တာကို လက်ပိုက်ကြည့်မနေနိုင်ဘူး"*

ဟုပြောလိုက်၏။

ဘကျော်က တံတွေးကို ထွီခနဲထွေး၍

*"ဘာလဲ... မင်းလို နို့နံ့တောင်မစင်သေးတဲ့ ကောင်လေးက ငါ့ကို ယှဉ်ချင်လို့လား"*

ဟု ပြောလေရာ တူးခေါင်သည် မျက်နှာရဲခနဲဖြစ်ပြီး

*"ခင်ဗျားက တိုက်ခိုက်ဖို့ ရန်လိုနေပါလား၊*



www.burmeseclassic.com

www.burmeseclassic.com



ထွေကြသေးတာပေါ့ဗျာ”

ဟုကြိမ်းဝါးလိုက်၏။

ထိုအခိုက် တူးခေါင်၏လက်ကို တစ်စုံတစ်ယောက်က လှမ်း၍ ဆွဲလေရာ ခြေလှမ်းက တုံ့ခနဲ ရပ်တန့်သွား၏။ ဦးဘမြကတူးခေါင်၏လက်ကို တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်၍

“တူးခေါင် ဒေါသဟာ တဒင်္ဂ ရူးသွပ်မှုကိုဖြစ်စေတယ်၊ ရူးသွပ်နေတဲ့လူတစ်ယောက်အတွက်လည်း အများတွေချည်း ကျူးလွန်ဖို့ရာနှုန်းပြည့်နီးစပ်နေပြီဆိုတာ၊ အဖေပြောခဲ့ဖူးတယ်၊ ခေါင်းအေးအေးထားပါ”

ဟုပြောကာ တဆက်တည်းပင် အောင်ပွင့်ဘက်သို့လှည့်ကာ

“မောင်အောင်ပွင့်၊ မင်းလူကို ထိန်းပါ”

ဟုဆိုလေ၏။ ထိုအခါမှပင် အောင်ပွင့်က စီးကရက်ကိုဖွာပြီး

“ဘကျော် နောက်ဆုတ်လိုက်စမ်း၊ ဒီလောက်ဆိုရင် မင်းအကြောင်း ကောင်းကောင်းသိသွားမှာပါ”

ဟု ဟန့်တားလေတော့၏။ ဘကျော်သည် သခင်၏အမိန့်ကိုနာခံသည့် အမဲလိုက်ခွေးတစ်ကောင်လို ချက်ချင်းပင် ငြိမ်သက်သွား၏။

ထို့နောက် မဂမ်ယူ၏ အနီးမှခွာကာ သူနှင့်အောင်ပွင့်တို့ အရက်





ဝိုင်းဖွဲ့နေရာ သစ်ပင်ကြီး၏ခြေရင်းဆီသို့ ထွက်ခွာသွားလေ၏။

မဂမ်ယူသည် မေးကြောကြီးများ ထောင်အောင် အံကြိတ်ရင်း မျက်လုံးမှ မီးဝင်းဝင်းတောက်မတတ်ရှိနေ၏။ သူသည် ဘကျော်အပေါ်တွင် မည်သို့မျှ မပြေနိုင်သည့် အငြိုးအတေးကို ထားလိုက်ပြီဖြစ်၏။

တူးခေါင်က မဂမ်ယူကို ကြည့်၍သက်ပြင်းချကာ ဖခင်ကြီးအနေနှင့် အောင်ပွင့်တို့ကို ပူးပေါင်း၍ ခရီးရှည်ကြီးထွက်လာသည်မှာ မြွေပွေးကို ခါးပိုက်ပိုက်လာခြင်းသာဖြစ်သည်ဟု တွေးလိုက်မိ၏။

အောင်ပွင့်သည် မင်းသားခေါင်းဆောင်းထားသော ဘီလူးသာဖြစ်၏။ ခရီးမထွက်ခွာမီက အောင်ပွင့်လောက် သဘောကောင်း၍ အပြောချိုသူမရှိဟုထင်ရ၏။

ထိုအချိန်က အဖြစ်အပျက်များသည် တူးခေါင်၏ အတွေးထဲသို့ တရိပ်ရိပ် တိုးဝင်လာ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



မြစ်ကြီးနားမြို့စွန်၏ တောင်စောင်းတစ်ခုရှိ ကျောက်တုံးများဖြင့် စီကာ ဆောက်လုပ်ထားသော အိမ်ကလေးသို့ ခရီးဆောင်အိတ်ကြီးကိုလွယ်ပိုးထားသည့် လူငယ်တစ်ယောက် ရောက်ရှိလာ၏။

အိမ်တံခါးက အသင့်ပင် ပွင့်ဟနေ၏။ သို့သော် လူငယ်သည် အိမ်တွင်းမှ လူနှစ်ယောက်၏ အပြန်အလှန် စကားသံကိုကြားကာ တံခါးပေါက်တွင်ပင် ရပ်တန့်၍ နားစွင့်လျက်ရှိ၏။ ထိုအခိုက် တစ်ယောက်က

"ဒီမှာ ဦးဘမြ၊ ခင်ဗျားဆီက စကားစရလာပြီဆိုတော့ ကျုပ်ရဲ့ စိတ်ဝင်စားမှုကို ရပ်လို့မရတော့ဘူးဗျ၊ ကျုပ်က စွန့်စားသွားလာနေရမှ စားဝင်





အိပ်ပျော်တဲ့သူပါဗျာ၊ ခင်ဗျားပြောတဲ့ ဟူးကောင်းလွင်ပြင် တစ်နေရာက ရွှေသိုက်ကို ကျုပ်စိတ်ဝင်စားတယ်ဆိုပေမဲ့ လောဘတက်လို့ မဟုတ်ပါဘူး၊ တွေ့တော့လည်း ကျုပ်တို့ကံပေါ့ဗျာ၊ မတွေ့တော့လည်း စွန့်စားသွားလာရတာ အမြတ်ပေါ့၊ ဒီခရီးအတွက် ကုန်ကျစရိတ်အားလုံးကို ကျုပ်တာဝန်ယူမယ်ဗျာ"

ဟုပြောလေ၏။ ထိုအခါ ဦးဘမြက

"မလောပါနဲ့ မောင်အောင်ပွင့်၊ ဒီခရီးရဲ့ ခက်ခဲကြမ်းတမ်းမှုက ခန့်မှန်းလို့မရဘူး၊ မထင်မှတ်ဘဲ အသက်ကိုတောင် စွန့်လွှတ်ရနိုင်တယ်ဆိုတာ သတိထားပါ၊ ကျုပ်က မောင်အောင်ပွင့်လို ရွှေကုန်သည်တစ်ယောက်အနေနဲ့ ကျုပ် လွန်ခဲ့တဲ့ အနှစ် (၂၀) ကျော်က ကြုံတွေ့ဖူးတဲ့ ရွှေသိုက်ရဲ့အကြောင်းကို ဇာတ်သုတအဖြစ် ဖောက်သည်ချရုံပဲရှိတာပါ၊ အဲဒီဒေသကို ကျုပ်အနေနဲ့ နောက်တစ်ကြိမ်ခြေမချဖို့ ဆုံးဖြတ်ထားတယ်"

ဟုဆိုလိုက်၏။

ဦးဘမြ၏စကားဆုံးလျှင်ဆုံးခြင်းပင် အောင်ပွင့်က ရယ်မော၍

"ဟဲဟဲ... ဘာကြောင့်ခြေမချချင်သလဲဦးဘ



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်မမေးတော့ပါဘူး၊ ဦးဘမြဲမှာ အဲဒီရွှေသိုက်နဲ့ ပတ်သက်ပြီး ခံစားချက်ပြင်းပြင်းရှိခဲ့မယ်လို့ တွေးမိပါတယ်၊ ဒါပေမဲ့ ဒီလို အဖိုးတန်ရွှေသိုက်ကြီး လူမသိ၊ သူမသိ တိမ်မြုပ်ပျောက်ကွယ်နေတာတော့ မကောင်းဘူးဗျ၊ ဦးဘမြဲအနေနဲ့ ရွှေသိုက်ရဲ့အတိတ်အကြောင်းကို ပြောမပြချင်ရင်နေပါဗျာ၊ ရွှေသိုက်ကို ရှာဖွေဖို့တော့ ကျုပ်နဲ့လက်တွဲဖို့ အတင်းအကျပ်တောင်းဆိုရမှာပဲ၊ ကျုပ်က စိတ်ဝင်စားမိပြီဆိုရင် နောက်ဆုတ်တတ်တာမဟုတ်ဘူးဗျ''

ဟုပြန်ပြော၏။

ထိုအခိုက် လူငယ်သည် အိမ်တွင်းသို့လှမ်း၍ ဝင်လာလေရာ ဦးဘမြဲက

''တူးခေါင်... မင်း ကျောင်းပိတ်ရက်မှာ သူငယ်ချင်းတွေနဲ့ ဘုရားဖူးထွက်မယ်လို့ အဖေဆီ သံကြိုးရိုက်ထားတယ်မဟုတ်လား''

ဟုမေးမြန်းလေရာ တူးခေါင်က ခရီးဆောင်အိတ်ကိုချ၍

''အဲဒီအစီအစဉ်က လူမစုံတာနဲ့ ပျက်သွားတယ်၊ အဲဒါလည်း ကောင်းပါတယ်ဗျာ၊ ကျောင်းပိတ်ရက်မှာ ကျုပ် အဖေ့အလုပ်တွေ ကူလုပ်နိုင်တာပေါ့၊ ပြီးတော့





မဂမ်ယူဆီသွားပြီး 'စမုန်'တောင်ဘက်မှာ တောလိုက်ဖို့လည်း စဉ်းစားထားတယ်''

ဟုအဖြေပေးလိုက်၏။

ထိုအခိုက် အောင်ပွင့်က စီးကရက်ကို မီးညှိပြီး ဦးဘမြဲကို ကြည့်၍

''ဒါ ဦးဘမြဲရဲ့သား တူးခေါင်ပေါ့၊ ရန်ကုန်မြို့ကြီးမှာ ကောလိပ်ကျောင်းတက်နေတယ်ဆိုလို့ ကျုပ်မြင်ယောင်ထားတဲ့ ပုံစံနဲ့တော့ တစ်ခြားစီပါလား၊ ကျုပ်က ကောလိပ်ကျောင်းသား ပညာတတ်တွေဆိုတာ ဘိုကေကို ကော့နေအောင်သင်ပြီး ခပ်ပျော့ပျော့ နေတတ်တာကို တွေ့ဖူးတာကိုးဗျ၊ အခုတော့ တူးခေါင်ပုံက တောတွင်းသား မုဆိုးတစ်ယောက်နဲ့ ပိုတူနေတယ်''

ဟု ဆိုလေရာ ဦးဘမြဲက ခေါင်းညိတ်ပြီး

''ကျုပ်သားက (၁၃) နှစ်သားကတည်းက ဒူးလေးတစ်လက်ကိုင်ပြီး ရွာခံမုဆိုးတွေနဲ့ တောလည်ခဲ့တာဗျ၊ ကျုပ်ထပ်ပြောရရင် ပထမဆုံး တောလည်ထွက်တဲ့အကြိမ်ကတည်းက ကျားကို လှံနဲ့ထိုးပြီး အနိုင်ယူခဲ့တာဗျ၊ သွေးကတော့ သိပ်မနည်းဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ကောလိပ်ကျောင်းသားဆိုပေမဲ့ ကျောင်းစာကို စိတ်မဝင်စားဘဲ ကျောင်းပြီးတာနဲ့ ကျုပ်ရဲ့ ပရဆေး စိုက်ပျိုးရောင်းဝယ်ရေးလုပ်ငန်းကို သူဦးဆောင်မယ်လို့ ပြောထားတယ်ဗျ''

ဟုပြောလေ၏။ ထိုအခါ အောင်ပွင့်က တူးခေါင်ထံ လှမ်းလာ၍ ပခုံးကိုပုတ်ကာ

''မြို့အုပ်တွေ၊ အရေးပိုင်တွေမလုပ်ဘဲ သာမန် စိုက်ပျိုးရေးလုပ်ငန်းကိုပဲ စိတ်ဝင်စားတယ်ဆိုတော့ အဆန်းပါလားကွ''

ဟု ရင်းနှီးဟန်ဖြင့် ပြောလေရာ တူးခေါင်က

''ကျုပ်မှာ အမေမရှိတော့ကတည်းက ဟောဒီ လောကကြီးထဲမှာ သားအဖနှစ်ယောက်ပဲ တစ်ယောက်ကိုတစ်ယောက် သံယောဇဉ်ကြီးခဲ့ကြတာပါ၊ ကျုပ်အဖေနဲ့မခွဲဘဲ ဟောဒီကျုပ်ရဲ့ ဇာတိမှာ အခြေချမယ်လို့ ဆုံးဖြတ်ထားတယ်၊ ပြီးတော့ ဒီတောဒီတောင်တွေကိုလည်း ကျုပ် မခွဲနိုင်ဘူးဗျ''

ဟုပြောဆိုလိုက်၏။ အောင်ပွင့်က ရယ်မောပြီး

''ဟား ဟား... ကြိုက်သွားပြီဟေ့၊ မင်းနဲ့ငါ မိတ်ဆွေဖွဲ့လို့ရပြီ၊ မင်းအဖေကို တိုက်တွန်းစမ်းပါကွာ၊





မင်းအဖေဆီမှာ အဖိုးတန်ရွှေသိုက်ရဲ့လျှို့ဝှက်ချက် တွေရှိတယ်ကွ၊ မင်းလည်း စွန့်စားမှုနဲ့ ပျော်မွေ့လိမ့်မယ်လို့ထင်တယ်၊ မင်းတို့သားအဖနဲ့ငါနဲ့ ပေါင်းလိုက်ရင် အဖိုးတန်ရွှေသိုက်ဟာ တို့လက်ထဲက မလွတ်တော့ဘူး''

ဟု တိုက်တွန်းလေ၏။ တူးခေါင်က ခေါင်းယမ်းပြီး

''ရွှေသိုက်အကြောင်းပြောဆိုနေတာတွေ ကျုပ် တခါးဝက ကြားခဲ့ပါတယ်၊ ဒါပေမဲ့ ဒီရွှေသိုက်ကို ရှာဖွေဖို့ မရှာဖွေဖို့ကိစ္စက အဖေ့ရဲ့အဆုံးအဖြတ်ပေါ်မှာ မူတည်ပါတယ်''

ဟုဆိုလေ၏။ အောင်ပွင့်က ဦးဘမြဲကို

''ကျုပ်ကတော့ ဒီခရီးကို သွားဖြစ်အောင် အမြဲ တိုက်တွန်းနေတော့မှာပဲဗျ''

ဟုပြောတော့၏။

အောင်ပွင့်သည် သူ၏စကားအတိုင်းပင် နောက်တစ်နေ့၌လည်း ရောက်ရှိလာပြန်ကာ ဦးဘမြဲအား

''ဒီမှာ ဦးဘမြဲ၊ သိပ်ပြီးအတွေးမခေါင်ပါနဲ့ဗျာ၊ ခင်ဗျားတို့ သားအဖရဲ့စီးပွားရေးက ဒီလောက်လည်း အဆင်ပြေတာမဟုတ်ဘူး၊ ခင်ဗျားကတော့ ထားပါ



www.burmeseclassic.com

www.burmeseclassic.com



တော့လေ၊ တူးခေါင်ရဲ့နောင်ရေးက ရှိသေးတယ် မဟုတ်လား၊ ခင်ဗျားမရှိတဲ့အချိန်မှာ တူးခေါင်ကို ဒီလို ချီးချီးတဲ့တဲ့နဲ့ ထားရစ်ခဲ့တော့မှာလား၊ ရွှေသိုက်ကိုတွေ့ရင် တူးခေါင်ရဲ့ နောင်ရေးက စိတ်ချရပြီဗျ၊ အဲဒီခရီးစဉ်အတွက် ကျုပ်အားလုံးစီစဉ်ပေးပါ့မယ်ဗျာ"

ဟု တိုက်တွန်း၏။ ဦးဘမြကာ

"ကျုပ်တို့သားအဖက ချီးတဲ့တယ်ဆိုပေမဲ့ စိတ်ချမ်းသာပါတယ်ဗျာ၊ ပြီးတော့ တူးခေါင်ကို သူ့ခြေထောက်ပေါ် သူရပ်နိုင်အောင် စိတ်ဓာတ်မာကျော အောင် ကျုပ်လေ့ကျင့်ပေးခဲ့တယ်ဗျ၊ သူ့အတွက် ကျုပ်စိတ်ချပါတယ်"

ဟုပြောကာ ငြင်းဆန်၏။ နောက်တစ်နေ့တွင်လည်း မြို့တွင်းရှိ ပရဆေးပင်များကြားတွင် အလုပ်ရှုပ်နေသော တူးခေါင်ထံရောက်ရှိ လာပြန်ကာ

"ဒီမှာ တူးခေါင်၊ မင်းအဖေ လူပျိုလူလွတ်ဘဝ က သစ်တောဘက်မှာ အမှုထမ်းဖူးတယ်ဆိုတာ မင်း သိမှာပေါ့၊ အဲဒီတုန်းက ကြီးဝိုင်းသတ်မှတ်တဲ့အဖွဲ့နဲ့ သွားလာရင်း မင်းအဖေတစ်ယောက်တည်း လူကွဲပြီး ဟူးကောင်းလွင်ပြင်တစ်နေရာက ရွှေသိုက်ကို





မထင်မှတ်ဘဲ တွေ့ခဲ့တယ်လို့ ငါ့ကိုပြောတယ်၊ အဲဒီ ရွှေသိုက်ကိုသာရပြီဆိုရင် တို့ရဲ့ ဆယ်သက်စားမကုန် နိုင်လောက်အောင် ရွှေတုံးရွှေခဲတွေကို ပိုင်ဆိုင်ရ မှာကွ၊ မင်းအနေနဲ့လည်း တကယ့်သူဌေးကြီး တစ်ယောက်လို စည်းစိမ်ခံစားနိုင်တာပေါ့ကွာ၊ ဒါမှ မဟုတ်ရင်လည်း စွန့်စားသွားလာရတဲ့ ဗဟုသုတ တော့ အမတ်တင်မှာပဲ၊ ခရီးသွားလာရင်း မင်းရဲ့ စိတ်ကြိုက် အမဲပစ်ခွင့်လည်းရမှာပဲ"

ဟု ပြောပြန်ရာ တူးခေါင်က

"အဲဒီကိစ္စကို အဖေခေါင်းညိတ်တဲ့နေ့မှာ ကျုပ် ဘက်ကလည်း အဆင်သင့်ပါပဲဗျာ"

ဟု ဆိုလိုက်၏။

နောက်တစ်ကြိမ်၌ အောင်ပွင့်က ဦးဘမြကို အထက်ပါအတိုင်း ထပ်မံတိုက်တွန်းပြန်၏။

ထိုအခါ ဦးဘမြက လေးနက်ဟန်နှင့်

"ကျုပ်ဆီကို မိုးကောင်းဘက်က မိတ်ဆွေတချို့ ရောက်လာတယ်၊ သူတို့က မိုးကောင်းချောင်းဖျားက ရွာကလေးတစ်ရွာမှာ နေကြတာပါ၊ သူတို့အဖြစ်က စိတ်မကောင်းစရာပဲ၊ မိုးကောင်းချောင်းရေကြီးပြီး



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရဲ့ရွာတွေ ပျက်စီးကုန်ကြတယ်၊ အဲဒီအတွက် ကျုပ် အကူအညီပေးချင်ပေမဲ့ ဘာမှမတတ်နိုင်ဘူး၊ ညက တစ်ညလုံး ကျုပ်စဉ်းစားပြီးတော့မှ အဖြေတစ်ခုထွက်လာတယ်၊ အဲဒါကတော့ အတိဒုက္ခရောက်နေတဲ့ လူတွေကို ကူညီဖို့ ရွှေသိုက်ကိုရှာဖွေဖို့ပဲ၊ ရွှေသိုက်ကိုတွေ့ရင် တစ်ဝက်တိတိကို ဒုက္ခသည်တွေအတွက် အသုံးပြုမယ်၊ အဲဒါကို သဘောတူရင်တော့ ခရီးထွက်ဖို့ စီစဉ်ပေတော့"

ဟု သဘောတူလေတော့၏။

အောင်ပွင့်သည် မျက်နှာကြီး ဝင်းထိန်၍ ထခုန်မတတ် ဝမ်းသာကာ

"ဟား ဟား… ကျုပ်ကလည်း စေတနာမခေါင်းပါးပါဘူးဗျာ၊ ရွှေသိုက်ကို ဦးဘမြစိတ်ကြိုက်စီရင်ပါ၊ ကျုပ် ဒီနှစ်ရက်၊ သုံးရက်အတွင်း ခရီးထွက်ဖို့ စီစဉ်မယ်ဗျာ"

ဟု ပြောကာ ထွက်ခွာသွားတော့၏။

***





တူးခေါင်၏စိတ်က လက်ရှိကာလသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်၏။ အောင်ပွင့်နှင့် ဘကျော်မှာ စောစောက ဘာမျှမဖြစ်ခဲ့သလိုပင် အရက်ဝိုင်းဖွဲ့နေကြ၏။

မီးပုံနံဘေးတွင်မူ မဂမ်ယူသည် ခေါင်းငိုက်စိုက်ချလျက် ငူငူငိုင်ငိုင်ကြီး ထိုင်နေ၏။

တူးခေါင်က မဂမ်ယူထံ ရောက်ရှိလာပြီး

"စိတ်လျှော့လိုက်ပါ မဂမ်ယူ၊ တကယ်တော့ ခင်ဗျားကို ဒီခရီးမှာ အပါခေါ်လာခဲ့တဲ့ ကျုပ်ရဲ့အပြစ်တွေပါ"

ဟု ဆိုလေ၏။



www.burmeseclassic.com

မဂမ်ယူက သူ၏အုတ်မှုတ်ခွက်လိုဆံပင်ကို လက်ချောင်းများနှင့် ထိုးဖွပြီး ရီဝေသောမျက်လုံးအစုံနှင့် တူးခေါင်ကို မော့ကြည့်ကာ

"ဒီခရီးကို ငါကိုယ်တိုင် စိတ်ပါလက်ပါ လိုက်လာခဲ့တာပဲ၊ လောကကြီးက ဒီလို လူတစ်ဖက်သားကို အနိုင်ကျင့်စော်ကားတတ်တဲ့ လူတွေကို ကြာကြာလက်မခံတတ်ပါဘူး၊ ဒါပေမဲ့ သူတို့ကို သဘာဝတရားကြီးကပေးတဲ့ အပြစ်ထက်ပိုပြီး ငါလက်တုံ့ပြန်ဖို့ ဆုံးဖြတ်ပြီးပြီ၊ သူတို့ဟာ ငါ့ရဲ့ကိုးကွယ်ယုံကြည်မှုကို စော်ကားတာ၊ ငါ့ရဲ့ မျိုးနွယ်စုကိုပါ စော်ကားရိုင်းပျတာပဲမဟုတ်လား၊ ငါ့ရဲ့မျိုးနွယ်စု ဂုဏ်သိက္ခာကို ပြန်ပြီးအရယူရမယ်"

ဟု အောင်မွှင့်တို့ကို ရည်ရွယ်၍ပြော၏။

တူးခေါင်သည် သက်ပြင်းချ၍ မဂမ်ယူအနီး၌ ထိုင်ချလိုက်၏။ မဂမ်ယူသည် အချိန်မရွေးပေါက်ကွဲတော့မည် မီးတောင်တစ်လုံးနှင့် တူနေ၏။

သူက မဂမ်ယူ၏ပခုံးကိုပုတ်၍ တစ်စုံတစ်ရာ ပြောမည့်ဟန်ပြင်စဉ် မဂမ်ယူက ခေါင်းယမ်းပြီး အံကြိတ်ကာ

"မင်း ငါ့ကို နှစ်သိမ့်ဖို့ မကြိုးစားပါနဲ့တော့၊ ဒါဟာ ငါ့အသက်ထက်တောင် ပိုပြီးတန်ဖိုးထားတဲ့





ငါ့ရဲ့ရည်ရွယ်ချက်ပဲ၊ အခွင့်အရေးရတာနဲ့ ဒီလူတွေကို လက်တုံ့ပြန်မယ်၊ တစ်ခုတော့ရှိတယ်၊ ရွှေသိုက်ကို ရှာမတွေ့သရွေ့ ငါ့စိတ်ကို ထိန်းသိမ်းထားပါ့မယ်လို့ မင်းကို ကတိပေးပါတယ်"

ဟု ပြောလေ၏။

တူးခေါင်လည်း မဂမ်ယူကို တဖြည်းဖြည်း နားချရမည်ဟု သဘောပေါက်မိ၏။ ညသို့ရောက်လျှင် ဦးဘမြဲက စစ်သုံးမြေပုံကြီးတစ်ချပ်ကိုယူ၍ ကြည့်ရှုပြီး အားလုံးကို

"တို့ရဲ့ရည်ရွယ်ချက်ဟာ မကြာခင်ရက်ပိုင်းအတွင်း အထမြောက်လိမ့်မယ်လို့ ထင်တယ်"

ဟု ပြောလေရာ အောင်မွှင့်က မျက်လုံးအစုံတဖျပ်ဖျပ်တောက်ပကာ

"ဒါဟာ ရွှေသိုက်ကိုတွေ့တော့မယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ့၊ တစ်ချိန်က သွားလာခဲ့ဖူးတဲ့ မြေအနေအထားတွေကို ခင်ဗျား ကောင်းကောင်း မှတ်မိလာပြီပေါ့"

ဟု အားတက်သရော မေးမြန်း၏။ ဦးဘမြဲက ဆေးတံကိုဖွာကာ

"တစ်ချိန်တုန်းက ကျုပ်ခြေချခဲ့တဲ့နေရာဟာ



www.burmeseclassic.com

www.burmeseclassic.com



အနှစ် (၂၀)ကျော် အချိန်ကွာဟသွားပြီဆိုတော့ မြေမျက်နှာသွင်ပြင်တွေနဲ့ မြစ်ချောင်းတွေ တိမ်ကောတာတွေ တိမ်ကောပြီး အသစ်ဖြစ်ပေါ်လာတာတွေ ဖြစ်ပေါ်ပြောင်းလဲခဲ့တဲ့အတွက် ကျုပ်ဟာ နေရာစိမ်းကို ပြန်ရောက်သလို ဖြစ်နေရတယ်ဆိုတာ ဝန်ခံပါတယ်၊ ပြီးတော့ အဲဒီအချိန်က ကျုပ်ဟာ တစ်ကိုယ်တည်း အဖျားရောဂါကို အပြင်းအထန်ခံစားနေရပြီး တိကျတဲ့ လမ်းညွှန်မြေပုံလိုဟာမျိုး အမှတ်အသားတွေ မလုပ်မိခဲ့တာလည်း ပါတာပေါ့၊ ဒါကြောင့် ကျုပ်ရဲ့မှတ်ဉာဏ်ကိုပဲ အားကိုးပြီး ခရီးထွက်လာရတယ်ဆိုတာ အားလုံးကိုပြောပြီးပါပြီ၊ နောက်တစ်နေ့မှာ ဒီရေစီးသန်လှတဲ့ တောင်ကျချောင်းကိုဖြတ်ဖို့ ကြိုးစားကြမယ်၊ တစ်ဖက်ကမ်းကပေ(၄၀၀၀)ကျော်လောက်ရှိတဲ့ ကျောက်တောင်ကြီးကို ကျော်ရမယ်"

ဟု ပြောလေ၏။ ထိုအခါ ဘကျော်က

"ဒါဆိုရင် ရွှေသိုက်ကိုတွေ့ပြီပေါ့"

ဟု မေးမြန်းရာ ဦးဘမြက

"အတိအကျတော့ မပြောနိုင်သေးဘူး၊ နီးစပ်ပြီလို့တော့ ပြောနိုင်တယ်"





ဟု အဖြေပေး၏။ ထို့နောက် လူစုခွဲ၍ အောင်ပွင့်နှင့် ဘကျော်သည် သူတို့၏ရွက်ဖျင်တဲသို့ ပြန်ရောက်လာကြ၏။

ထိုအခါ ဘကျော်က

"ကိုအောင်ပွင့်၊ အဘိုးကြီးပုံစံက ရွှေသိုက်တည်နေရာကို သေသေချာချာ မှတ်မိပုံပဲဗျ၊ ဒါပေမဲ့ ကျုပ်တို့ကို သံသယဖြစ်ပြီး တိတိကျကျ မပြောတာဖြစ်ရမယ်"

ဟု ဆိုလေ၏။ အောင်ပွင့်က ခေါင်းညိတ်ထောက်ခံပြီး

"ဟုတ်တယ်၊ ဘယ်လိုပဲဖြစ်ဖြစ် တစ်ချိန်ချိန်မှာ ရွှေသိုက်ကို တွေ့မှာမလွဲဘူး၊ ဒီကြားထဲ မဂမ်ယူကို သတိထားရမယ်၊ မဂမ်ယူက ငါတို့ကို မဖြစ်မနေ လက်တုံ့ပြန်မှာပဲ"

ဟု ပြောလေရာ ဘကျော်က

"ဒီကောင့်ကို ကျုပ်တာဝန်ထားစမ်းပါ၊ အဘိုးကြီးကလွဲပြီး ကျုပ်တို့လူတွေကို အမှည့်ချွေချွေထားမှ၊ ရွှေသိုက်ကိုတွေ့တဲ့အချိန်မှာ ကျုပ်တို့အတွက် မြိုင်ဘက်တွေ လျော့သွားမှာပေါ့၊ ဒီကြားထဲ မဂမ်ယူက အမှားလုပ်လာရင် ကျုပ်က ဘဝတစ်ပါးကို ပြောင်းပေးလိုက်မှာပါ၊ သူ့ခေါသနဲ့သူ ကျုပ်ကို



www.burmeseclassic.com

ရန်ပြုလို့ လက်တုံ့ပြန်ရတာကို ဘယ်သူမှ အပြစ်ပြောလို့မှာမဟုတ်ပါဘူး၊ ဟား ဟား... ဒါကလည်း ကျုပ်တို့ ဆင်ထားတဲ့အကွက်ပဲ မဟုတ်လား"

ဟု ဆိုလိုက်လေ၏။

နောက်တစ်နေ့သို့ရောက်လျှင် သူတို့လူစုသည် ချောင်းတစ်ဖက်ကမ်းသို့ကူးရန် ဖောင်တစ်ခုကို ပြုလုပ်ကြရ၏။ သစ်လုံးပိုင်းကြီးများ၊ ဝါးများနှင့် ကြိမ်နွယ်များကို အသုံးပြုကာ ဖောင်ကိုပြုလုပ်လေရာ ညနေစောင်းမှပင် လက်စသတ်လေ၏။

လားသမား လဘန်လက ဝါးလုံးထိုးစီးဆင်းနေသော ချောင်းရေကို ကြည့်ပြီး ဦးဘမြကို

"ကျုပ်ရဲ့လားတွေကို ဖောင်ပေါ်တင်ပြီး ဒီလိုရေစီးကြမ်းပုံမျိုးနဲ့ ကူးဖို့မလွယ်ဘူး၊ အန္တရာယ်ရှိတယ်၊ လားတွေကလည်း အငြိမ်နေမှာ မဟုတ်ဘူး"

ဟု ပြောလေ၏။ မဂမ်ယူက

"အန္တရာယ်ရှိပေမဲ့ ဒီချောင်းကို မလွဲမသွေဖြတ်မှ ခရီးဆုံးကိုရောက်မှာပဲ၊ လားတွေ၊ ပစ္စည်းတွေ၊ လူတွေကို တစ်ဖက်ကမ်းရောက်အောင် အခေါက်ခေါက်ကူးယူရမှာပဲ"

ဟု ဆိုလိုက်၏။ ထိုအခါ ဦးဘမြက





"ဒီလိုပဲလုပ်ရမှာပဲ၊ ဒီနေ့တော့ အချိန်မရှိတော့ဘူး၊ နောက်တစ်နေ့မှ ချောင်းကို ဖြတ်ကူးကြတာပေါ့၊ အားလုံး ညီညီညွတ်ညွတ်နဲ့လုပ်ကြရင် ချောင်းတစ်ဖက်ကို အန္တရာယ်ကင်းကင်းနဲ့ ရောက်သွားမှာပါ"

ဟု ပြောလေတော့၏။

* * *

သရဖီလှိုင်စာပေ
အမှတ် (၅)၊ အနော်ရထာလမ်း၊ ကျောက်မြောင်း၊
ရန်ကုန်မြို့။

www.burmeseclassic.com



နောက်တစ်နေ့သို့ရောက်လျှင် သူတို့လူစုသည် တောင်ကျချောင်းတစ်ဖက်သို့ ဖောင်ဖြင့်ဖြတ်ကူးရန် ပြင်ကြ၏။ တူးခေါင်တို့ အိပ်ရာမှနိုးလျှင်နိုးခြင်းပင် လာဘန့်လက မိုးရိမ်ထိတ်လန့်မှာန်နှင့် ရောက်ရှိလာပြီး

"မဂမ်ယူကို မတွေ့ဘူး"

ဟု သတင်းပေး၏။

မဂမ်ယူသည် စခန်းအား အလှည့်ကျကင်းစောင့်ရာ၌ မိုးလင်းပိုင်းကို တာဝန်ယူခဲ့၏။ ထို့ကြောင့် ဦးဘမြကက

"သူ့ထုံးစံအတိုင်း အိပ်ရေးပျက်လို့ သစ်ပင်ကြီးတစ်ပင်ပေါ်မှာ အိပ်ပျော်နေတာထင်တယ်"





ဟု ပြောလေရာ လာဘန့်လက ခေါင်းယမ်းပြီး

"ကျုပ်နဲ့ အထမ်းသမားတွေ နေရာအနှံ့မှာ ရှာဖွေပြီးပြီ ဆရာကြီး၊ လူကိုတော့မတွေ့ဘူး၊ ဒါပေမဲ့ သူ့ရဲ့ဒူးလေးကိုတော့ ချောင်းစပ်က ကျောက်တုံးတွေကြားမှာ တွေ့တယ်"

ဟု ဆိုလေ၏။

ဦးဘမြမှာ လှုပ်လှုပ်ရှားရှားဖြစ်သွားသလို တူးခေါင်သည်လည်း ချက်ချင်းပင် စိုးရိမ်စိတ်ဝင်သွား၏။ မဂမ်ယူသည် ခရီးထွက်မည်ကို သိရှိလျှော မည်သို့မျှ တစ်နေရာတွင် အိပ်ပျော်နေမည်မဟုတ်ချေ။ ထို့အပြင် သူ၏လက်ရုံးတစ်ဖက်လို အားထားသည့် ဒူးလေးကိုလည်း ချောင်းစပ်တွင် အကြောင်းမဲ့စွန့်ပစ်ထားမည်မဟုတ်ချေ။

ထိုအခါ ဦးဘမြက အားလုံးကို

"ခရီးထွက်ဖို့ကိစ္စကိုဆိုင်းပြီး မဂမ်ယူကိုရှာဖွေရမယ်"

ဟု ပြောလိုက်ရာ မီးပုံမှဘေးတွင် နံနက်စာစားသောက်နေသော အောင်မွန်က မျက်မှောင်ကြုတ်ပြီး

"ဒီမုဆိုးကောင် စောစောစီးစီး ဘယ်ကိုရှောင်ရှည်နေသလဲ မသိဘူး"

ဟု ရေရွတ်လေ၏။ ဘကျော်ကလည်း ကော်ဖီခွက်ကို ဆုပ်ကိုင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



မှော၍

"ကင်းစောင့်ရင်း ကျားဆွဲသွားတယ်ဆိုရင် အသံတွေတော့ ကြားရမှာပဲ၊ စခန်းမှာလည်း ခြေရာလက်ရာမပျက်ပါဘူး၊ မဂမ်ယုဟာ ကျုပ်တို့ခရီးမှာ မလိုက်ချင်တော့လို့ ထွက်ပြေးတာ ဖြစ်ရမယ်"

ဟု ဆိုလေ၏။ ထိုအခါ တူးခေါင်က

"မဂမ်ယုက ဒီလောက်သစ္စာဖောက်တဲ့လူ မဟုတ်ဘူး၊ သူ ဒီစခန်းက ပျောက်သွားတာ သွေးရိုးသားရိုးမဟုတ်နိုင်ဘူးလို့ ကျုပ်ထင်တယ်"

ဟု ပြောလိုက်၏။ တူးခေါင်၏စကားဆုံးလျှင် ဘကျော်က ဝုန်းခနဲ ထလာပြီး

"စကားကို ထိန်းထိန်းသိမ်းသိမ်း ပြောစမ်းကောင်လေး၊ မနေ့က ငါနဲ့ မဂမ်ယု ပြဿနာဖြစ်တယ်၊ သူပျောက်သွားတာ သွေးရိုးသားရိုး မဟုတ်ဘူးဆိုတာ ငါလက်ချက်လို့ တိုက်ရိုက်စွပ်စွဲလိုက်တာပေါ့"

ဟု ပြောလေရာ ဦးဘမြကဝင်၍

"တော်ကြတော့ဟေ့၊ ဘာကြောင့်မှန်းမသိဘဲ အပြစ်ထုတ်လို့မရဘူး၊ တို့တစ်တွေ လှည့်ရှာကြည့်ပြီး





ရှာကြရမယ်"

ဟု ဆိုလိုက်လေ၏။

ထိုအခါ ဘကျော်က မျက်နှာကြီးသုန်မှုန်၍ အောင်ပွင့်နှင့်အတူ အရှေ့ဘက်တောဆီသို့ ထွက်ခွာသွားတော့၏။

တူးခေါင်သည်လည်း လဘာန်လနှင့်အတူ ချောင်းစပ်သို့ ရောက်ရှိလာ၏။

ဦးဘမြမှာမူ အထမ်းသမားနှစ်ယောက်နှင့် အခြားတစ်နေရာသို့ ထွက်ခွာသွားပြီ ဖြစ်၏။

ချောင်းစပ်သို့ရောက်လျှင် လဘာန်လက ကျောက်တုံးပုံတစ်ခုသို့ လက်ညှိုးညွှန်ကာ

"မဂမ်ယုရဲ့ဓားလေးကို အဲဒီကတွေ့တာပဲ"

ဟု တူးခေါင်ကို ပြောဆို၏။

ထိုနေရာသည် ကမ်းစပ်ပေါ်မှ ရေမချရသေးသည့် ဖောင်နှင့်များစွာ အလှမ်းမဝေးလှပေ။

တူးခေါင်သည် ချောင်းစပ်အတိုင်း လျှောက်လှမ်းရင်း ဖောင်အနီးသို့ရောက်လျှင် ချုံပုတ်တစ်ခုပေါ်မှ အရာတစ်ခုကို မြင်တွေ့၍ ကောက်ယူကြည့်ရှုလိုက်၏။

ထိုအရာကလေးမှာ မဂမ်ယု၏လည်တွင်ဆွဲသည့် ဝက်သွယ်ပုတီးသာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျစ်ထားသော အနက်ရောင်ချည်ကြိုးနှင့် ဝက်ဆွယ်များကို လည်ဆွဲလို သီကုံးထားခြင်းသာ ဖြစ်၏။

တစ်ခါက မဂမ်ယူသည် ထိုပုတီးကိုပြ၍ ဘူးခေါင်ကို

*"ငါတို့ရဲ့ ရှေးလုံးစံအရ တောင်ကျွန်းကောင် ပစ်ခတ်သတ်ဖြတ်မှုတဲ့ ယောကျ်ားမှသာ မိန်းကလေး တွေက ကြင်ဖက်အဖြစ် ရွေးချယ်တတ်တယ်ကွ၊ ရဲရင့်ပြီး သတ္တိရှိတဲ့လူကိုသာ ယောကျ်ားတော်ချင်ကဲ့ သဘောပေါ့ကွာ၊ အခု ငါပစ်ခတ်လို့ရထားတဲ့ တော ဝက်ဆွယ်တွေက ဟောဒီကြိုးနဲ့တောင် မဆန့်အောင် များနေတာကြောင့် ဘယ်မိန်းမပျိုကလေးကမှ ငါ့ကို စိတ်မဝင်စားတာသေချာပါရဲ့ကွာ"*

ဟု အပြောင်အပျက် ပြောခဲ့ဖူး၏။

ယခုတော့ ထိုအရာကလေးသည် ကြိုးပြတ်၍ ချုံနှင့်ညိတွယ်နေ၏။

ဘူးခေါင်က မဂမ်ယူ၏ ရှုံးသားသောမျက်နှာကို မြင်ယောင်မိပြီး လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ

*"ဒီအတိုင်းဆိုရင် မဂမ်ယူရယ်၊ ခင်ဗျားအဖြစ်ကို ကျုပ် တွေးတောင် မတွေးရဲတော့ပါဘူး၊ ခင်ဗျားဟာ အန္တရာယ်တစ်ခုခုနဲ့ မလွဲမသွေ တွေ့ကြုံသွားရတယ်*



*ဆိုတာ ကျိန်းသေနေပါပြီ"*

ဟု ဆိုနှင့်ကြေကွဲစွာ ရေရွတ်လိုက်မိ၏။

အချိန်အတန်ကြာလျှင် လူအားလုံးသည် စခန်း၌ စုရုံးမိကြပြီ ဖြစ်၏။

သဘာန်လနှင့်အထမ်းသမားများသည် မဂမ်ယူ၏အဖြစ်ဆိုး ကို ကောင်းစွာရိပ်မိလေရာ သူတို့၏မျက်နှာမှာ စက္ကူဖြူတစ်ရွက်လို ဖြူရော်နေကြ၏။

မဂမ်ယူပြီးလျှင် သူတို့၏အလှည့်ကျရောက်လာတော့မည်ဟု တွေးကာ စိုးရိမ်ထိတ်လန့်နေခြင်းသာ ဖြစ်၏။ အောင်ပွင့်က ဦးဘမြ ကို

*"မဂမ်ယူရဲ့ အရိပ်အယောင်တောင် မတွေ့ရဘူး၊ ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ၊ ခရီးစဉ်ကို ကြောက် လန့်ပြီး ထွက်ပြေးတဲ့ လူတစ်ယောက်ကို ဒီမှာပဲ စခန်းချပြီး ရှာဖွေနေရမှာလား"*

ဟု မေးမြန်း၏။

ဦးဘမြသည် နှုတ်ဆိတ်နေပြီး အတန်ကြာမှပင်

*"ဘယ်လိုပဲဖြစ်ဖြစ် ခရီးဆက်ရမှာပဲ"*

ဟု ပြောလေ၏။ သဘာန်လက အားလုံးကို ဝေ့ဝဲကြည့်ပြီး မျက်လွှာကိုချကာ

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး… ကျုပ်တို့ ဒီခရီးမှာ မလိုက်တော့ဘူး၊ ကျုပ်တို့ကို ပြန်ခွင့်ပြုပါ"

ဟု တောင်းဆိုလေရာ အောင်ပွင့်က မျက်မှောင့်နီကြီးနှင့် ကြည့်ရှုပြီး

"လဘန်လ… ငါတို့ခရီးဆုံးအထိ မင်းတို့ကို လိုအပ်တယ်၊ ခရီးမှာလိုက်ပါတာ ဘေးအန္တရာယ်တွေနဲ့ မသေချာပေမဲ့ ငါ့စကားကို ငြင်းပယ်ရင်တော့ အခုပဲ ဘေးအန္တရာယ်နဲ့တွေ့ရမယ်ဆိုတာ မြဲမြဲ မှတ်ထားစမ်း"

ဟု ဟိန်းဟောက်လေ၏။

လဘန်လလည်း စကားမဆက်ရဲတော့ဘဲ ငြိမ်ကုတ်သွား၏။ တူးခေါင်က အောင်ပွင့်တို့ဆရာတပည့်ကို စူးစိုက်ကြည့်ပြီး ဦးဘာမြကို

"အဖေ… မဂမ်ယှု့ရဲ့ကိစ္စက ဒီလိုနဲ့ပြီးသွားမှာလား"

ဟု မကျေမချမ်းနှင့် မေးမြန်းလိုက်၏။ ဦးဘာမြက နှုတ်ခမ်းကို တင်းတင်းစေ့ပြီး

"အချိန်တန်ရင် အဖြေမှန်ပေါ်ပေါက်လာမှာပါ၊ အဲဒီအချိန်ရောက်မှ ပြဿနာကိုရှင်းတာ ကောင်းလိမ့်မယ်၊ လောလောဆယ် မဂမ်ယှုကို မေ့ပျောက်ထားလိုက်ပါ၊ ဒီခရီးမှာ တစ်ကွေ့မဟုတ်တစ်ကွေ့ ဒီလိုစိတ်သောကရောက်စရာအကြောင်းတွေ ပေါ်ပေါက်လာလိမ့်မယ်ဆိုတာ တို့အားလုံး ကြိုတွေးမိခဲ့ကြတာပဲ မဟုတ်လား"

ဟု အဖြေပေးလေ၏။





ပန်းအိုးစံ ကွန်ပျူတာ
ဆိုင်အမှတ်(၇) မျက်နှာစာတန်း၊ ကျောက်မြောင်းဈေး၊ တာမွေ။



www.burmeseclassic.com

မိုးနှင်းများက တဖွဲဖွဲကျလျက် ပတ်ဝန်းကျင်တစ်ခွင်လုံး မှုန်ရီဝေဝါးနေ၏။ တောင်ကျချောင်း၏ရေစီးကမူ ဆင်ရိုင်းတစ်ကောင်ကိုပင် ဆွဲယူသွားနိုင်လောက်အောင် ပြင်းထန်စွာ စီးဆင်းနေ၏။

တူးခေါင်မှာမူ အပေါ်ပိုင်းဗလာကျင်းလျက် ဘောင်းဘီတိုကလေးနှင့် ရှိနေ၏။ သူ၏ခါး၌ နိုင်လွန်ကြိုးတစ်စကို ချည်နှောင်ထား၏။

တူးခေါင်အတွက် တစ်ဖက်ကမ်းသို့ လက်ပစ်ကူးပြီး မောင်ကို ဆွဲယူရန် ပြင်ရမည် ဖြစ်၏။



ဦးဘွမြကြ ဆေးတံကိုမှုတ်ပြီး

"ငါ့သား သတိထားပြီးသွားပါ၊ ရေစီးကို တအားဆန်ပြီး မကူးခတ်ဘဲ အလိုက်သင့် တစ်ဖက်ကမ်းကိုကပ်နိုင်အောင် ကြိုးစားပါ၊ ချောင်းရေထဲမှာ သစ်လုံးပိုင်းတွေ၊ တခြားအရာတွေ မျောပါလာတတ်တာကိုလည်း မျက်စိလျှင်လျှင်ထားပြီး ရှောင်တိမ်းပါ"

ဟု မှာလေ၏။

တူးခေါင်က ဖခင်၏စကားဆုံးလျှင် ခေါင်းညိတ်ပြီး အယက်ကို ဝအောင်ရှူကာ ရေထဲသို့ ဒိုင်ဗင်ထိုးချလိုက်တော့၏။

ရေစီးအားက တူးခေါင်၏ကိုယ်ခန္ဓာကို ဆွဲယူသွားရန် ကြိုးစားနေ၏။

တူးခေါင်က အားအင်အပြည့်နှင့် ကူးခတ်ရင်း တစ်ဖက်ကမ်းသို့ ကပ်နိုင်ရန် ကြိုးစား၏။

ကမ်းစပ်မှကြည့်နေသော လဘန်သက တစ်စုံတစ်ရာကို မြင်တွေ့ပြီး

"တူးခေါင်... သစ်လုံးပိုင်းကြီး မျောလာတယ်"

ဟု အော်ဟစ်သတိပေးလေ၏။

www.burmeseclassic.com



တူးခေါင်ကလည်း ထိုသစ်လုံးပိုင်းကို မြင်တွေ့ပြီးဖြစ်လေရာ လွတ်မြောက်အောင် ရှောင်တိမ်းလိုက်နိုင်၏။ သစ်လုံးပိုင်းက သူ့အနီးမှ လျှင်မြန်စွာ ရွေ့လျားသွားခြင်းနှင့်အတူ သူသည်လည်း ရေစီးနှင့် မျောပါသွားလေရာ မြေကုန်လက်ပန်း ကျမတတ် အားကာင်း၍ ကူးခတ်ရပြန်၏။

တူးခေါင်သည် မျက်နှာချင်းဆိုင်တစ်ဖက်ကမ်းသို့ တိုက်ရိုက် မရောက်ရှိဘဲ ခါးလွယ်ခုတ်နေရာရှိ ကမ်းစပ်သို့ ချောချောမောမော ရောက်ရှိသွား၏။

သူသည် ခြေလက်များ မသယ်ချင်လောက်အောင် မောပန်း နွမ်းနယ်မှုနှင့်အတူ နိုက်နိုက်တုန်မျှ ချမ်းအေးနေပြီဖြစ်၏။

သို့သော် တူးခေါင်မှာ အနားမယူအားပဲ ပါလာသည့် နိုင်လွန်ကြိုးစကို ဆွဲယူလေ၏။

ထိုအခါ တစ်ဖက်ကမ်းမှ နိုင်လွန်ကြိုးနှင့် ဆက်သွယ်ထားသော ကြိုးကြီးတစ်ချောင်းက ချောင်းကို ကန့်လန့်ဖြတ်၍ သွယ်တန်းမိပြီ ဖြစ်၏။

ထိုကြိုးကြီးကို လျှော်ပင်များကို ထုထောင်းပြီး မဂမ်ယူ ကိုယ်တိုင် စိတ်ရှည်လက်ရှည် ကျစ်ထားခြင်းဖြစ်၏။

ကမ်းနှစ်ဖက်ရှိ ကြိုးနှစ်စကို ခိုင်မာသောနေရာ၌ ချည်နှောင်မိ လျှင် ဦးဘမြက မောင်ကို ခေါ်ထဲချ၍ လဘန်လနှင့် အထမ်းသမား





နှစ်ယောက်ကို လားနှစ်ကောင်နှင့်အတူ ကူးဖြတ်ရန် အမိန့်ပေးလိုက် ၏။

မောင်မှာ လားများကို တင်ဆောင်ရာတွင် ငြိမ်သက်စေရန် တိုင် ထောင်၍ ဝါးတန်းများ ကာရံထား၏။

လားနှစ်ကောင်ကို ဝါးတန်းများကြားတွင် ညှပ်၍ ကြိုးနှင့် ချည်နှောင်ထား၏။

လဘန်လနှင့်အတူ အထမ်းသမားနှစ်ယောက်က ထိုးဝါးထိုး ခြင်း၊ သွယ်တန်းထားသောကြိုးကိုဆွဲခြင်း စသည်ဖြင့် မောင်ကို တစ်ဖက်ကမ်းသို့ ရောက်ရှိအောင် ပြုလုပ်ကြ၏။

သူတို့သည် တစ်ဖက်ကမ်းသို့ ချောချောမောမောရောက်ရှိမှပင် တူးခေါင်လည်း ထုထဲချွေးတွေးသော အဝတ်များကို ဖတ်လဲရ၏။

ထို့နောက် တူးခေါင်က မောင်လွတ်နှင့် ပြန်လည်လိုက်ပါထိန်း ကျောင်းရင်း တစ်ဖက်ကမ်းသို့ ရောက်လာ၏။

မောင်ကို တစ်ဖက်မှ ဦးဘမြတို့လူစုက ဆွဲယူလေရာ အခက်အခဲ မရှိ ရောက်ရှိလာ၏။

ထိုအခါ ဦးဘမြက အစီအစဉ်အတိုင်း ပစ္စည်းအရှုံနှင့်အတူ အောင်ပွင့်တို့ ဆရာတာပည့်ကို တစ်ဖက်ကမ်းသို့ကူးရန် ပြင်နိုင်း၏။

အောင်ပွင့်နှင့် ဘကျော်လိုက်ပါသော မောင်သည် ရေစီးအားကို တွန်းလှန်ရင်း တစ်ဖက်မှ လဘန်လတို့၏ ဆွဲငင်မှုကြောင့် ချောင်မြင်

www.burmeseclassic.com



ရွာ ကူးသန်းသွားနိုင်ကြ၏။

တစ်ဖက်မှ ဦးဘမြတို့က ကြိုးကို အလျော့အတင်း လိုသလို ပြုလုပ်ကြရ၏။

နောက်ဆုံးအခေါက်အဖြစ် ကူးခေါင်တို့သားအဖသာ ကျန်ရှိတော့၏။

ထိုအခါ အသမ်းသမားတစ်ယောက်က မောင်လှတ် နှင့်အတူ ပြန်လည်လိုက်ပါလာ၏။

သူတို့အားလုံး မောင်ပေါ်တက်မိလျှင် ဦးဘမြက တစ်ဖက်ကမ်းသို့ အော်ဟစ်ပြီး

"ဆွဲလို့ရပြီဟေ့"

ဟု အောင်ပွင့်တို့အား အကြောင်းကြားလိုက်၏။

ချောင်းကိုဖြတ်၍ သွယ်တန်းထားသော ကြိုးကြီးအပြင် အောင်ပွင့်တို့ဘက်မှ ဆွဲယူရန် ကြိုးတစ်ချောင်းကိုပါ ထပ်မံချည်နှောင်ထား၏။

အောင်ပွင့်တို့ကလည်း လူအားနှင့် ညာသံပေး၍ ဆွဲလေ၏။ မောင်သည် ချောင်းလယ်သို့ ရွေ့လျားလာခဲ့၏။

ထိုအချိန်၌ ကြိုးကိုဆွဲသည့် အောင်ပွင့်တို့ဘက်မှ ရုပ်တန့်လိုက်လေရာ မောင်က ရေစီးအားနှင့် မျောပါသွားမည်ကဲ့သို့ ဖြစ်လေ၏။



ကူးခေါင်တို့က သွယ်တန်းထားသောကြိုးကြီးကို မောင်ပေါ်မှ မလွှတ်တမ်းဆုပ်ကိုင်ထားရ၏။ ဦးဘမြကမူ မျက်မှောင်ကြုတ်၍ တစ်ဖက်ကမ်းမှ ကြိုးကိုမဆွဲယူဘဲ ရုပ်တန့်လိုက်သည့် အောင်ပွင့်တို့ကို

"ကြိုးကိုမဆွဲဘဲ ဘာကြောင့် သစ်ပင်မှာ ချည်နှောင်လိုက်ရတာလဲကွ"

ဟု အော်ဟစ်ပြောဆိုလေရာ အောင်ပွင့်၏မျက်နှာက ပြောင်ချော်ချော်စပ်ဖြီးဖြီး ဖြစ်ပေါ်သွား၏။

သဘာန်လေနှင့် လားထိန်းသမားမှာလည်း အောင်ပွင့်၏အမိန့်ကြောင့် ကြိုးကို လက်လွှတ်ထားရပြန်တော့၏။ ထို့နောက် အောင်ပွင့်က အော်ဟစ်ရယ်မောကာ

"ဟား...ဟား... ကြိုးကို ဘာကြောင့်မဆွဲ သလဲဆိုတော့ ခင်ဗျားတွေကို ဒီဘက်ကမ်းကို ခြေချခွင့် မပေးဘူးလို့ ကျုပ်က ဆုံးဖြတ်ထားတာကိုး။ ကျုပ်ဆီမှာ ခင်ဗျားရဲ့ အမှတ်အသားတွေလုပ်ထားတဲ့ မြေပုံတစ်ချပ်ရယ်၊ မှတ်တမ်းစာအုပ်ရယ်ရှိနေပြီပဲ၊ ရွှေသိုက်ကို ရှာဖို့ ကျုပ်အတွက် မခက်ခဲတော့ပါဘူး"

ဟု ပြောခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဖောင်မှာ ရေစီးအားကြောင့် ရွေ့လျားကာ သွယ်တန်းထားသော ကြိုးကို တူးခေါင်တို့က တင်းတင်းပင် ဆုပ်ကိုင်ထားသောကြောင့် ရေလယ်တွင် မငြိမ်မသက်နှင့် ရပ်တန့်နေသလို ဖြစ်၏။

ကြာလျှင် ရေစီးအားကြောင့် ကြိုးပြတ်တောက်နိုင်သလို ဖောင်သည်လည်း တစ်စစီ ပျက်စီးနိုင်၏။

တူးခေါင်က ဖောင်ကိုရွေ့လျားစေရန် လားထိန်းသမားအား ကြိုးကြီးကိုဆွဲရန် သတိပေးလိုက်၏။ ဘကျော်က ထိုအဖြစ်ကို ကြည့်ပြီး

"ကောင်လေး... အဲဒီလိုမှည့်နဲ့ ဒီအကျကမ်းကိုကူးဖို့ မကြိုးစားနဲ့ပေါ့၊ မကြာခင် ကြိုးနှစ်ချောင်းစလုံးကို ဖြတ်ပစ်ရတော့မယ်ကွ"

ဟု ပြောလိုက်ရာ တူးခေါင်က အံကြိတ်ပြီး

"ခင်ဗျားတို့ရဲ့ယုတ်မာမှုကို ကျုပ် တစ်သက် မမေ့ဘူး"

ဟု ပြောလိုက်၏။

ဦးဘာမြက

"မင်းတို့ ငါ့ရဲ့မှတ်တမ်းတွေယူပြီး မြေပုံကို ရသွားလည်း ဘယ်တော့မှ ရွှေသိုက်ကိုတွေ့မှာ မဟုတ်ဘူးပေါ့"



ဟုဆိုလေ၏။

ထိုအခိုက် အောင်မွှင့်က ဘကျော်ကို မျက်ရိပ်ပြလိုက်၏။ ဘကျော်က တောလိုက်ဓါးမြှောင်နှင့် ကြိုးများကို လျှင်မြန်စွာ ဖြတ်တောက်လိုက်တော့၏။

တူးခေါင်တို့၏ဖောင်မှာ ရုတ်ခြည်းပင် ကြိုးပြတ်သွားသော လေတံခွန်ကဲ့သို့ ရေထဲတွင် ချာလည်လည်ကာ ရွေ့လျားသွား၏။

တူးခေါင်က တစ်ခုံတစ်ရာကို သတိပြုမိသွားပြီး

"ကြိုးစကို လက်လွှတ်လိုက်ကြ"

ဟု အော်ဟစ်သတိပေး၏။

တစ်ဖက်မှ ချည်နှောင်ထားသည့် ကြိုးစကို လားထိန်းသမားက ဆောင်ယမ်း၍ ဆွဲကိုင်ထားမိ၏။

ထိုအခါ ဖောင်၏ရွေ့လျားမှုနှင့် ကြိုးကို ဆွဲကိုင်မိလေရာ လားထိန်းသမားကို ကြိုးက တုန့်ခနဲဆွဲယူထားသလိုဖြစ်၍ ဖောင်မှ လွင့်စင်သွား၏။

ဦးဘာမြနှင့် တူးခေါင်မှာလည်း ထိုအဖြစ်ကို ဂရုမပြုနိုင်အားဘဲ ကိုယ့်အဟုန်ဖြင့် ဗရမ်းဗတာ သွားလာလျက်ရှိသော ဖောင်ပေါ်တွင် ရပ်တန့်နိုင်အောင်ပင် မနည်းကြိုးစားနေရ၏။

သူတို့အတွက် ကံတရားက မျက်နှာသာ မပေးခဲ့ချေ။

အထိန်းအကွပ်မဲ့နေသော ဖောင်က ဝဲကတော့ထိုးနေသော

www.burmeseclassic.com

www.burmeseclassic.com



ရေစီးအားအတွင်း လျှင်မြန်စွာ ရွေ့လျားသွားလာကာ တိမ်းမှောက်သွား၏။

ဖောင်ပေါ်မှ လူသားနှစ်ဦးသည်လည်း ရေထဲသို့ လွင့်စင်၍ တကွဲတပြားနှင့် မျောပါသွားကြလေ၏။

***

သရဖီလှိုင်းစာပေ
အမှတ် (၇)၊ အသောကလမ်း၊ ကျောက်မြောင်း၊
ရန်ကုန်မြို့။





တူးခေါင်သည် ဖောင်ထက်မှလွင့်စင်ကတည်းက သတိမလွတ်ဘဲ ရေထဲသို့ ကျရောက်သွား၏။

သူသည် ရေအောက်သို့ နစ်မြုပ်မသွားစေရန် ကြိုးစားကူးခတ်စဉ် အရှိန်အဟုန်နှင့် ရွေ့လျားသွားလာရင်း ဖခင်ကြီးကို ရှာဖွေလိုက်၏။

သူ၏ရှေ့ဘက် ဝါးတစ်ပြန်ကွာမျှနေရာတွင် ဖခင်ကြီးသည် ဖောင်ပျက်မှ ပြုတ်ထွက်လာသော ဝါးပိုးဝါးကြီးတစ်လုံးကို ဖက်တွယ်ရင်း မျောပါနေသည်ကို တွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ကြီးသည်လည်း သတိရှိရှိပင် ဝါးပိုးဝါးကြီးကို ဖက်တွယ်ထားလိုက်ဟန်တူ၏။

တူးခေါင်သည် အားတက်ကာ ဖခင်ကြီးနှင့် နီးကပ်စေရန် ရေစီးအရှိန်နှင့် အလိုက်သင့်ကူးခတ်လေ၏။

ဦးဘမြကလည်း တူးခေါင်ကိုမြင်တွေ့သွားဟန်နှင့် မျက်နှာရွှင်ပြပြီး

"တူးခေါင်... ကမ်းကိုကပ်နိုင်အောင် ကြိုးစားရမယ်"

ဟု အော်ဟစ်ပြောဆိုလိုက်၏။

ရေစီးအရှိန်က သူတို့အား လျှင်မြန်စွာ ရွေ့လျားသွားနေစေ၏။ မကြာမီ တူးခေါင်သည် ဦးဘမြ၏အနီးသို့ရောက်ရှိကာ လူနှစ်ကိုယ်စာ ကောင်းစွာခံနိုင်သည့် ဝါးပိုးဝါးကြီးအား ဖက်တွယ်မိသွား၏။

ထိုအခိုက် ဦးဘမြသည် ရေထဲ၌ ချာလည်လည်ကာ မျောပါလာသည့် သစ်လုံးပိုင်းကြီးအား မြင်တွေ့ပြီး

"တူးခေါင်... သစ်လုံးပိုင်းက တို့ဆီတည့်တည့်လာနေပြီ"

ဟု အော်ဟစ်သတိပေးလိုက်၏။

သူ၏အော်ဟစ်သံမဆုံးမီပင် သစ်လုံးပိုင်းက သူတို့ထံ တိုး





ဝင်လာ၏။

တူးခေါင်သည်လည်း သစ်လုံးပိုင်းနှင့် တည့်တည့်ပင် ရိုက်ခတ်မိကာ ဝါးပိုးဝါးကြီးမှ လက်လွှတ်ထွက်သွား၏။

သူ၏ခေါင်းထဲ၌လည်း အမှောင်တိုက်ကြီးကဖုံးလွှမ်းပြီး နောက်ဆုံး ဦးဘမြ၏ စိုးရိမ်ထိတ်လန့်စွာ အော်ဟစ်လိုက်သံကို သဲ့သဲ့မျှ ကြားကာ သတိကင်းလွတ်သွားတော့၏။

တူးခေါင်၏ အသိအာရုံတို့ စုစည်းမိချိန်၌ နားထဲတွင် အမျိုးအမည် ခွဲခြားမရသည့် ဘာသာစကားတစ်မျိုးနှင့် ပြောဆိုနေသော စကားသံများကို ကြားရ၏။

သူ၏ခေါင်းထဲတွင်လည်း မူးနောက်လျက်ရှိ၏။ ပိတ်ထားသော မျက်လုံးအစုံကို အားယူဖွင့်လိုက်ရာ စူးရှသောနေရောင်နှင့် ထိတွေ့လိုက်ရ၏။

ထို့ကြောင့် မျက်လုံးကို ရုတ်တရက် ပြန်မှိတ်လိုက်စဉ် စကားသံတို့က ပိုမိုဆူညံလာ၏။

ဒုတိယအကြိမ် တူးခေါင်က မျက်လုံးကို လက်ဝါးနှင့်ကွယ်၍ ဖွင့်ကာ ပတ်ဝန်းကျင်ကို ကြည့်ရှုလိုက်၏။

သူသည် တိရစ္ဆာန်ရိုင်းတစ်ကောင်လို သစ်သားလှောင်အိမ်ထဲတွင် ပိတ်လှောင်ခံထားရ၏။ အတွင်း၌ မြက်ခြောက်များကို ခင်းကာ သစ်သီးအချို့ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



လှောင်အိမ်အပြင်၌ ရုတ်တရက်တွေ့လျှင် လူ၀ံကြီးများဟု ထင်မှတ်မှားလောက်အောင် ခေါင်းမှအစ မြေဖောက်အဆုံး သားမွေးဝတ်ရုံထူကြီး ဝတ်ဆင်ထားသောသူတစ်စုက သူ့ကို ဝိုင်းဝန်းကြည့်ရှုကြ၏။

ထိုသူများအားလုံး တောင့်တင်းကြံ့ခိုင်သော ယောက်ျားကြီးများသာဖြစ်၏။ သူတို့၏လက်တွင်း၌လည်း လှံရှည်များ၊ လေးမြားများ၊ တင်းပုတ်လိုအရာမျိုးကဲ့သို့ လက်နက်များကို ကိုင်ဆောင်ထားကြ၏။

သူတို့၏အသားများကမူ ခွတ်ခွတ်ဖြူကာ ဆံပင်တို့က အနက်ရောင် ဖြစ်၏။ တူးခေါင်မြင်တွေ့ဖူးသမျှ တိုင်းရင်းသားတို့ထဲတွင် ကိုယ်ကာယ တောင့်တင်းကြံ့ခိုင်လွန်းသောသူများဖြစ်၏။

တူးခေါင်သည် ထိုသူများကို လေ့လာနေမိစဉ် လူကြားမှတိုး၍ သားမွေးဝတ်စုံရှည်ကြီးကို ရင်ဘတ်မှဖွင့်၍ ဝတ်ဆင်ထားသော အသက် (၃၀)ခန့် လူတစ်ဦးက လှောင်အိမ်အနီးသို့ တိုးကပ်လာ၏။

ထိုသူမှာ အခြားသူများထက် ထူးခြားသောအသွင်ရှိကာ လည်ပင်း၌ အရောင်တောက်တောက် ငွေကွင်းကြီးတစ်ခုကို ဝတ်ဆင်ထား၏။

ထိုသူက တူးခေါင်ကို စူးစိုက်ကြည့်ပြီး တစ်စုံတစ်ရာ ပြောဆိုလေ၏။ တူးခေါင်သည် ထိုသူ၏စကားကို နားမလည်ချေ။





ထို့ကြောင့် ခေါင်းယမ်းပြီး

*"ခင်ဗျားတို့ ဘယ်မျိုးနွယ်စုကလဲ၊ ကျုပ်က မြန်မာလူမျိုးပါ၊ ဖောင်နဲ့ ခရီးသွားလာရင်း ဒီကို ရောက်လာတဲ့သူပါ"*

ဟု ပြောဆိုလိုက်၏။ ထိုသူက မျက်လုံးအစုံတောက်ပသွားကာ တူးခေါင်ကို မြန်မာစကားမပီမသနှင့်

*"မင်းက ဗမာလား"*

ဟု မေးမြန်း၏။ တူးခေါင်က ဝမ်းသာဟန်နှင့်

*"ဟုတ်ပါတယ်၊ ကျုပ်နဲ့အတူ ကျုပ်ရဲ့ဖခင်လည်း ပါပါတယ်၊ အခုတော့ သူ ဘယ်ရောက်နေမှန်း မသိပါဘူး၊ ပြီးတော့ ကျုပ်ဘာကြောင့် ဒီနေရာကိုရောက်နေသလဲဆိုတာ သိချင်ပါတယ်"*

ဟု မေးမြန်းလိုက်၏။

ထိုသူက တူးခေါင်၏အမေးကို နားလည်ဟန်ရှိသော်လည်း ဘာမျှမပြောဆိုဘဲ ခပ်စိမ်းစိမ်း စိုက်ကြည့်နေ၏။

ထို့နောက် အနီးရှိလူများကို တစ်စုံတစ်ရာ အော်ဟစ်ပြောဆိုပြီး ထိုနေရာမှ လှည့်ထွက်သွားတော့၏။

ထိုအခါ တူးခေါင်၏အနီးမှ ဝိုင်းအုံနေသူများသည် ထိုသူ၏နောက်မှ လိုက်ပါကာ မလှမ်းမကမ်းရှိ မြေကွက်လပ်တွင် စုရုံး



www.burmeseclassic.com

www.burmeseclassic.com



ကြ၏။

တောတွင်းနေရာအနှံ့အပြားမှ လူများလည်း အလျှိုလျှိုပေါ်ထွက်လာကာ ထိုနေရာတွင် ငြိမ်သက်စွာ စုရုံးနေကြ၏။

တူးခေါင်က ထိုလူစုလူဝေးကိုကြည့်၍ အံ့ဩပြီး

*"သူတို့လူစုက အင်အားမနည်းပါလား၊ လူ (၃၀) လောက် ရှိလိမ့်မယ်၊ အားလုံးက လက်နက်ကိုယ်စီနဲ့၊ ဒီမှာ လူနေအိမ်ခြေတွေ ဘာတွေ မတွေ့ရ ပုံထောက်ရင် ဒီလူတွေဟာ ဒီနေရာမှာ အကြောင်းတစ်ခုခုနဲ့ ခရီးတစ်ထောက် နားခိုနေတာဖြစ်ရမယ်"*

ဟု တွေးမိ၏။

တူးခေါင်သည် ထိုသို့ရှိနေစဉ် လူစုက ရုတ်တရက်ပင် ညီညာစွာ စီတန်း၍ ရပ်တန့်ကြ၏။ ခေါင်းဆောင်ဖြစ်ဟန်တူသော ငွေကွင်းကို လည်ပင်းတွင် ဆင်မြန်းထားသူက ထိုသူများရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်လှမ်းရင်း အသံဝါဝါကြီးနှင့် ပြောဆိုနေလေတော့၏။

သူ၏အမူအရာက မာန်ပါလှ တစ်ချက်တစ်ချက်တွင် ဝမ်းခေါင်းသံကြီးနှင့် လိုက်လံအော်ဟစ်လေ၏။

ထိုလူစုမှာ တိုက်ပွဲဝင်တော့မည့် စစ်သည်တော်များကဲ့သို့ ရှိနေသည်ကို တူးခေါင်က သတိပြုလိုက်မိ၏။ မကြာမီ ခေါင်းဆောင်က





လက်ကိုဝှေ့ယမ်းလေရာ လူအားလုံးသည် တောနက်တွင်းသို့ အလျှိုအလျှိုဝင်ကာ ပျောက်ကွယ်သွားကြ၏။

အချို့သူများမှာ အရပ်လေးမျက်နှာကို သစ်ပင်မြင့်ကြီးများပေါ်သို့ မျောက်များလို ပေါ့ပါးဖျတ်လတ်စွာ တက်ရောက်သွားသည်ကိုလည်းတွေ့ရ၏။

ခေါင်းဆောင်ကမူ တူးခေါင်ထံရောက်ရှိလာကာ မျက်နှာမှာ တင်းမာခက်ထန်၍

*"မင်းကို ငါ့ရဲ့ကင်းထောက်လူတွေက ချောင်းနံဘေးက သစ်မြစ်ကြီးတစ်ခုနဲ့ ဖက်တွယ်ပြီး သတိလစ်နေတာတွေ့လို့ ခေါ်လာခဲ့တယ်၊ အဲဒီနေရာဟာ ဒီကနေ နေ့ဝက်ခရီးရှိတယ်၊ မင်းဟာ အခုအချိန်က စပြီး ငါတို့ရဲ့အကျဉ်းသား ဖြစ်သွားပြီ"*

ဟု ပြောလေ၏။ တူးခေါင်က

*"ကျုပ်ဟာ ဒုက္ခရောက်လာတဲ့သူပါ၊ ဘာကြောင့် ကျုပ်ကို ချုပ်နှောင်ထားရတာလဲ၊ ကျုပ်ကို လွှတ်ပေးပါ၊ ခင်ဗျားကျေးဇူးကို မမေ့ပါဘူး"*

ဟု တောင်းဆိုလိုက်၏။ ခေါင်းဆောင်က ခေါင်းယမ်းပြီး

*"ငါတို့မျိုးနွယ်စုဟာ ဘယ်လိုရာစီမံးကိုမှ တွေ့ဆုံလေ့မရှိသလို တွေ့ဆုံခဲ့ရင်လည်း ဘယ်သူ့ကိုမှ*



www.burmeseclassic.com

ရှင်သန်ခွင့်မပေးခဲ့ဘူး၊ မင်းအတွက် အခုအချိန်ထိ ရှင်သန်နေတာဟာ ငါတို့က မင်းကို အသုံးပြုစရာ ရှိနေလို့ပဲ၊ ဒါကြောင့် မင်းရဲ့ဆန္ဒကို ငါ မလိုက်လျောနိုင်ဘူး၊ မကြာခင် ဒီနေရာက ငါတို့ ထွက်ခွာတော့မယ်၊ ကောင်းကောင်းလိုက်ခဲ့ပါ၊ ဒါမှမဟုတ်ရင် မင်းကို ငါတို့အသုံးမပြုခင်မှာ သတ်ဖြတ်ရမှာပဲ”

ဟု ပြောလေ၏။

တူးခေါင်သည် ထိုလူစုက မိမိကို ဘယ်နေရာတွင် အသုံးပြုမည်ဟု မှန်းဆရင်း ခေါင်းရှုပ်သွား၏။

ယခုအချိန်တွင် ဖခင်ကြီးသည်လည်း သေသည်၊ ရှင်သည် မသိရသေး။ မိမိကမူ ကံကောင်းထောက်မ၍ ကယ်တင်မည့်သူများနှင့် တွေ့ခဲ့ရ၏။

သို့သော် အခြေအနေက ကယ်တင်ပြီး အသုံးချတော့မည် ဖြစ်လေရာ ကံဆိုး၊ ကံကောင်း မဝေခွဲတတ်တော့ချေ။

***





တူးခေါင်၏ အဝတ်အစားများမှာ အလိုလိုပင် ခြောက်သွေ့နေပြီ ဖြစ်၏။ သူ၏ခါး၌ ကောလိုက်ခါးမြှောင်က ချိတ်ခွဲထားလျက်သာ ရှိ၏။

သူ၏ခေါင်းထဲ၌မူ မူးနောက်ရီဝေနေဲဖြစ်၏။ တောင်ကျချောင်းထဲ၌ သစ်လုံးပိုင်းနှင့် ရိုက်ခတ်မိ၍ နောက်စေ့တွင် ‘ဘု’ တစ်ခု ဖြစ်ပေါ်နေသည်ကို စမ်းသပ်မိ၏။

မည်သည့်လူမျိုးများမှန်းမသိရသည့် လူမျိုးစုခေါင်းဆောင်က တူးခေါင်ကို သစ်သီးများနှင့် ရေကို တိုက်ကျွေး၏။

ထို့နောက် တူးခေါင်ရှိရာ လှောင်အိမ်ကို ဝါးလုံးများဖြင့်လျှိုကာ ရှေ့နှစ်ယောက်၊ နောက်နှစ်ယောက် ထမ်းပိုး၍ ခရီးဆက်၏။ လူမျိုးစု ခေါင်းဆောင်က ရှေ့မှဦးဆောင်သွားလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားသည်မှာ တူးခေါင်သည် သူ့ကို သယ်ဆောင်လာသူများနှင့် ခေါင်းဆောင်ကိုသာ မြင်တွေ့ရ၏။ အခြားသူများမှာ တောတွင်း၌ ပုန်းလျှိုးကွယ်လျှိုးဖြင့် သွားလာနေကြဟန်တူ၏။

ထိုသူများ၏ သွားလာပုံမှာလည်း တိုက်ရှောင်ခိုက်ရှည် ကောင်းသော စစ်သည်တော်များလို့ ပိရိသေသပ်လှ၏။ တူးခေါင်သည် သစ်သားလှောင်အိမ်ထဲတွင် လိုက်ပါရင်း တစ်နာရီမျှကြာလျှင် တောနက်မှ တဖြည်းဖြည်း မြင်ကွင်းပြောင်းလာကာ ရေကန်ကျယ်တစ်ခုနဘေးမှ မြေအနိမ့်အမြင့် မညီညာသော မြက်ခင်းပြင်ကျယ်ကြီးသို့ ရောက်ရှိလာ၏။

ထိုနေရာကို မိုးထိမြင့်မားသည်ဟု ထင်ရသည့် ကျောက်တောင်မြင့်ကြီးများက ကာရံထား၏။

ရေကန်ကျယ်ကြီး၏တစ်ဖက်တွင်လည်း သစ်ပင်အုပ်တို့က ထူထဲစွာ ပေါက်ရောက်နေ၏။ ထိုနေရာအထိ ရောက်ရှိလာသော်လည်း အထမ်းသမားများမှာ ရပ်တန့်ခြင်းမရှိသေးပေ။

သူတို့သည် ရေကန်ကျယ်နံဘေးအတိုင်း မြက်ခင်းကိုဖြတ်၍ ကျောက်တောင်ခြေတစ်ခုသို့ ဦးတည်သွားလာနေ၏။ ကျောက်တောင်ခြေအထိ မြက်ခင်းပြင်မှာ တစ်မိုင်ခန့်မျှ ကျယ်ဝန်းမည်ဟု ခန့်မှန်းရ၏။

ရေကန်ကျယ်ကြီးကလည်း ထိုကျောက်တောင်ခြေတွင် အဆုံး





သတ်၍ ထား၏။

တူးခေါင်သည် မြင့်မားမတ်စောက်သော ကျောက်တောင်ခြေအစပ်သို့ရောက်လျှင် ထူးဆန်းသည့် မြင်ကွင်းတစ်ခုကို မြင်တွေ့လိုက်ရ၏။

မြေပြင်မှ ပေ (၁၀၀) ခန့် အမြင့်ရှိသော ကျောက်စွန်းတစ်ခုတွင် လက်ဝါးကပ်တိုင်ပုံသဏ္ဌာန်ပြုလုပ်ထားသော သစ်သားတိုင်တွင် လူတစ်ယောက်ကို ကြိုးဖြင့်တုပ်နှောင်ထား၏။

ထိုသူမှာ ခေါင်းငိုက်စိုက်လျက် သတိကင်းလွတ်နေဟန်ရှိသူဖြစ်၏။ သူ၏သင်တိုင်းလိုဝတ်စုံမှာလည်း မြင်မကောင်းအောင် စုတ်ပြဲနေ၏။

တူးခေါင်ကို သယ်ဆောင်လာသူများက ထိုနေရာတွင်ပင် ရပ်တန့်လေ၏။ သူတို့သည် သစ်သားလှောင်အိမ်ကြီးကိုချပြီးလျှင် ခေါင်းဆောင်က ပါးစပ်တွင် လက်ဝါးနှစ်ဖက်ကိုကာ၍ ကျောက်တောင်ဘက်သို့မော့ကာ တစ်စုံတစ်ရာ အော်ဟစ်ပြောဆိုလိုက်၏။

ထိုအခါ ကျောက်စွန်းထက်ရှိ ချုပ်နှောင်ခံထားရသော လူ၏နံဘေးမှ အဖြူရောင်ငှက်မွေးများကို ခေါင်းတွင်စိုက်ထားပြီး လက်ရက်ချည်ထည်သင်တိုင်းရှည်ကို ဝတ်ဆင်ထားသည့် အဘိုးအိုတစ်ယောက်ပေါ်လာ၏။

အဘိုးအို၏ မုတ်ဆိတ်တို့က ခေါင်းထက်ရှိ ငှက်မွေးငှက်တောင်



www.burmeseclassic.com

များနှင့်အပြိုင် ဖြူဆွတ်နေ၏။

အဘိုးအို၏ ချက်လုံးအစုံကမူ သေးငယ်ကျဉ်းမြောင်း၍ နှာခေါင်းကလည်း ငှက်ကုတ်သီးလို ချွန်၍ ကောက်နေ၏။

အဘိုးအိုက ခေါင်းဆောင်၏စကားဆုံးလျှင် မည်ကဲ့သို့ သဘောကျစရာကို တွေ့ရှိသွားသည်မသိ။ ကျယ်လောင်စွာ ရယ်မောလေရာ ကျောက်တောင်တွင် ပဲ့တင်ထပ်သွား၏။

အဘိုးအိုက အားရအောင်ရယ်မောပြီးနောက် လက်တွင်းမှ တစ်တောင်ခန့်အရှည်ရှိသော ရွှေရောင်တုတ်ချောင်းကလေးကို ခုံယမ်းရင်း တစ်စုံတစ်ရာ အော်ဟစ်လေ၏။

အဘိုးအိုထံ ပမိုဟ်မသုန်ရှူးစိုက်နေသော ခေါင်းဆောင်သည် ထိုအပြုအမူကြောင့် ချက်နှာပျက်က ခါးမှဓါးပြားကြီးကို ရှမ်းခနဲ ဆွဲထုတ်လိုက်၏။

တစ်ပြိုင်နက်ပင် ကျောက်စွန်းထက်မှ အဘိုးအိုကဲ့သို့ အဖြူရောင် သင်တိုင်းရှည်များ ဝတ်ဆင်ထားသော လူများက ဟိုမှ သည်မှ ပေါ်ထွက်လာ ကျောက်တောင်ကြီးထက်မှ အော်ဟစ်ညာသံပေးရင်း ဆင်းသက်လာကြ၏။

ထိုသူများမှ လက်နက်ကိုယ်စီကိုင်စွဲ၍ ကြိုးများကို ခိုတွယ်ဆင်း သက်လာလေရာလျှင်မြို့စွာပင်ကျောက်တောင်ခြေသို့ရောက်ရှိလာ၏။

ထိုအခိုက် ထိုသူများနှင့် တစ်ဖွဲ့တည်းဖြစ်ပုံရသော လူတစ်စု





ကလည်း တစ်ဖက်ရှိ မြက်ခင်းအစပ်တောင်ကုန်းမှ ဘွားခနဲ ပေါ်ထွက်လာကြပြန်၏။

သူတို့သည်လည်း ညာသံပေး၍ အော်ဟစ်ကာ လက်နက် ကိုယ်စီနှင့် ဖြစ်၏။ ခေါင်းဆောင်နှင့်အတူ အထမ်းသမားစစ်သည် လေးယောက်မှာ မျက်နှာစာနှစ်ဖက်မှ ပြေးဝင်လာကြသော ရန်သူ များကို ကြည့်၍ ကြောက်ရွံ့ဟန်မရှိဘဲ ကျောချင်းကပ်ကာ တိုက် ခိုက်ရန် ပြင်ဆင်လိုက်ကြ၏။

ရန်သူအင်အားက များပြားလှ၏။ လူမျိုးစုခေါင်းဆောင်အတွက် ထွက်ပေါက်ဟူ၍ ရှေကန်ကျယ်ကြီးသာရှိ၏။ ရန်သူကလည်း ထိုကဲ့သို့ ဖြစ်စေရန် နှစ်ဖက်ညှပ်၍ တိုက်ခိုက်ရန် ပြင်ဆင်ထား ခြင်းဖြစ်၏။

တူးခေါင်သည် ထိုအခြေအနေကြောင့် မိမိမှာ တိုက်ပွဲကြားတွင် အချောင်ခံရနိုင်သည်ဟုတွေးမိ၏။ သူသည် ကျောက်တောင်ထက်မှ လူများအနီးသို့ မရောက်မီပင် ဓါးမြှောင်ကို အသုံးပြု၍ သစ်သား လှောင်အိမ်ကို တုတ်နှောင်ထားသည့် ကြိုးများကို ဖြတ်တောက်လေ ၏။

ရှုပ်ထွေးနေသော အခြေအနေကို အခွင့်ကောင်းယူ၍ သူ၏ လွတ်မြောက်မှုကို ရှာဖွေရပေလိမ့်မည်။

မကြာမီ အဖြူရောင်သင်တိုင်းရှည် ဝတ်ဆင်ထားသူ လူတစ်စုက



www.burmeseclassic.com

www.burmeseclassic.com



အနီးသို့ ရောက်ရှိလာ၏။

ထိုအခါ လူမျိုးစုခေါင်းဆောင်က ခါးတွင် ချိတ်ဆွဲထားသော ကြေးကရားကလေးတစ်ခုကို နှုတ်ခမ်းတွင်တေ့၍ မှုတ်လေရာ စူးရှသောအသံက အဆက်မပြတ် ပေါ်ထွက်လာ၏။

ထို့အတူ ရေကန်စပ်ရှိ ချုံပုတ်များ၊ ကိုင်းပင်များကြားမှ အပေါ်ပိုင်း ဗလာကျင်းလျက် နံငယ်ဗိုင်းသာသာ သားရေစများကို ဝတ်ဆင်ထားသော လူစုက ရှုံ့နှံ့အလိမ်းလိမ်းနှင့် ကမ်းစပ်သို့ တက်ရောက်လာကြ၏။

ထိုသူများမှာ လူမျိုးစုခေါင်းဆောင်၏ ကိုယ်ပျောက်စစ်သည်တော်များပင် ဖြစ်၏။ ထိုသူများသည် ကျူရိုးများကို အသုံးပြု၍ ရေကန်ကျယ်ကြီး၏ တစ်ဖက်မှ ရေတွင် ငုပ်လျှိုးကာ ကူးခတ်လာခဲ့ခြင်းကို တူးခေါင်သည် သဘောပေါက်လိုက်မိ၏။

လူမျိုးစုခေါင်းဆောင်၏ အကွက်မြင်လှသော အစီအစဉ်ကြောင့်ပင် ဖြစ်ပေသည်။

တူးခေါင်သည် လှောင်အိမ်ကို ဖျက်ဆီးပြီးသော်လည်း အပြင်သို့ မထွက်သေးဘဲ အခြေအနေကို စောင့်ဆိုင်းကြည့်ရှုနေ၏။

မကြာမီ နှစ်ဖက်ညှပ်၍ တိုက်ခိုက်လာသော ရန်သူနှင့် ရေထဲမှ ဘွားခနဲပေါ်ထွက်လာသော လူစုတို့ ရောထွေးသွားလေ၏။

ကျောက်ဘောင်ယက်မှလူစုသည် သူတို့ထင်မှတ်ထားသလို





မဟုတ်ဘဲ ရန်သူ၏အင်အားအလုံးအရင်းကို ရင်ဆိုင်လိုက်ရလေရာ တုံ့ခနဲဖြစ်သွားကြ၏။

သို့သော် တိုက်ပွဲက စတင်နေပြီဖြစ်လေရာ နောက်မဆုတ်သာတော့ဘဲ ဖွတ်တိုး၍ တိုက်ခိုက်လေတော့၏။

လူမျိုးစုခေါင်းဆောင်၏ စည်သည်တော် လူထွားကြီးက တင်းပုတ်ကို လက်နှစ်ဖက်ဖြင့် ဇွေ့ယမ်းကာ ဝမ်းခေါင်းသံကြီးနှင့် အော်ဟစ်တိုက်ခိုက်၏။

ငင်းသည် မှန်ယိုနေသော ဆင်တစ်ကောင်လိုရှိလေရာ အဖြူရောင် သင်တိုင်းရှည်နှင့် လူနှစ်ယောက်မှာ တင်းပုတ်စာမိလျှင် လွင့်စင်ထွက်သွား၏။

လူမျိုးစုခေါင်းဆောင်၏ မျက်လုံးများကမူ မီးဝင်းဝင်းတောက်တောက်ရှိကာ လက်စွဲတော်ဓါးပြားကြီးနှင့် ရန်သူ၏ လုံပုံတစ်ချောင်းကို ရိုက်ဖယ်ထုတ်ပြီး တစ်ဆက်တည်းပင် အခြားရန်သူ၏ ရင်ဘတ်ကို ကန့်လန့်ဖြတ် ခုတ်ပိုင်းလိုက်၏။

ထိုနေရာတစ်ဝိုက်တွင် ငရဲပွက်သည့်အလား ဆူညံနေ၏။ ဝရုန်းသုန်းကား အလဲလဲအပြိုပြိုနှင့် အော်ဟစ်တိုက်ခိုက်ရင်း ရန်သူ၏ အသက်ကို နှုတ်ယူရန် ကြိုးစားနေကြ၏။

တူးခေါင်သည် လှောင်အိမ်တွင်းမှ မိမိကို မည်သူမျှ ဂရုမထားမိစဉ် ထွက်ခဲ့၏။ သူ၏လက်တွင်း၌ တောလိုက်ဓါးမြှောင်ကို



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင်လျက်ရှိ၏။

အဖြူရောင်သင်တိုင်းရှည်နှင့် အရိပ်ဖြူဖြူများက လှျှင်မြန်စွာပင် ခေါင်းဆောင်ကို အဓိကထား၍ ဝန်းရံတိုက်ခိုက်နေ၏။

လူမျိုးစုခေါင်းဆောင်သည် ရန်သူသုံးယောက်ကို ရင်ဆိုင်ရင်း နောက်သို့ ဆုတ်လာရာ တူးခေါင်ကို ကျောပေးလျက်သားရှိ၏။

ထိုစဉ် လေးသမားတစ်ယောက်က နဘေးမှနေ၍ လူမျိုးစု ခေါင်းဆောင်ကို ပစ်ခတ်ရန် ကြိုးစားသည်ကို တူးခေါင်သည် ရိပ်ခနဲ မြင်တွေ့လိုက်ရ၏။

ခေါင်းဆောင်ကလည်း လျှပ်တစ်ပြက်မြင်တွေ့လိုက်ဟန်တူကာ စောင်းငဲ့ကြည့်သော်လည်း သဲသဲမဲမဲဝင်လာသည့် ရှေ့မှရန်သူများကို ရင်ဆိုင်နေရ၏။

တူးခေါင်သည် အလိုအလျောက်ပင် လေးသမားကို တောလိုက် ဓါးမြှောင်နှင့် ပစ်ပေါက်လိုက်မိ၏။

လေးသမားမှာ လေးညှို့ကိုမတင်နိုင်မီမှာပင် လက်မောင်းတွင် တောလိုက်ဓါးမြှောင် ထိမှန်ခံလိုက်ရ၏။

လူမျိုးစုခေါင်းဆောင်သည် ရန်သူကို လှည့်ပတ်တိုက်ခိုက်ရင်း ထိုအဖြစ်ကိုတွေ့၍ တူးခေါင်ကို ဖျတ်ခနဲကြည့်ရှုပြီး မျက်လုံးမှ အရောင်တစ်မျိုး ပြောင်းသွား၏။

တူးခေါင်သည် အလိုလို တိုက်ပွဲအတွင်း ဝင်ရောက်မိပြီဖြစ်၏။





အဖြူရောင်အရိပ်တစ်ခုက သူ့ထံ ဓါးရှည်ကိုဝှေ့ယမ်းရင်း တိုးဝင်လာတော့၏။

တူးခေါင်သည် လက်ခနဲဖြစ်သွားသော ဓါးရောင်ကြောင့် မြေတွင် လူးလိမ့်ရင်း ရှောင်တိမ်းလိုက်ရ၏။ ထိုအခါ မြေပြင်တွင် ကျနေသည့် လှံရှည်တစ်ချောင်းကို ဆုပ်ကိုင်မိကာ ဓါးချက်ကို ခုခံရ၏။

တိုက်ပွဲတွင် တစ်ဖက်နှင့်တစ်ဖက် အပြင်းအထန်တိုက်ခိုက်နေကြရာ လူမျိုးစုခေါင်းဆောင်ဘက်မှ အသာစီးရနေ၏။ အဖြူရောင် သင်တိုင်းရှည် ဝတ်ဆင်ထားသူများမှာ ကျောက်တောင်ဘက်သို့ ဘဖြည်းဖြည်း ဆုတ်ခွာလျက်ရှိ၏။

ထိုအခိုက် ကျောက်တောင်စွန်းမှ အသံနက်ကြီးနှင့် ရယ်မောသံကို အားလုံးကြားလိုက်ရ၏။

အဖြူရောင်သင်တိုင်းရှည်ဝတ်၍ မုတ်ဆိတ်ဖြူနှင့် သိမ်းငှက် နှုတ်သီးကဲ့သို့ နှာခေါင်းရိုးကောက်ကောက်ကြီးရှိသော အဘိုးအိုက ရယ်မောလိုက်ခြင်းဖြစ်၏။

သူသည် သစ်သားတိုင်တွင် ချုပ်နှောင်ထားသူအား အနှောင် အဖွဲ့မှ ဖြေ၍ ကုတ်ပိုးမှ ကိုင်ဆွဲထား၏။

လူမျိုးစုခေါင်းဆောင်က တိုက်ခိုက်ရင်းမှ ထိုနေရာသို့ ဖျတ်ခနဲ အကြည့်ရောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် အဘိုးအို၏လက်တွင်းမှလူသည် ကျောက်စွန်းမှ တွန်းချခံလိုက်ရပြီး အရှိန်အဟုန်နှင့် ကျလာ၏။

သူသည် ကျောက်တောင်နံရံနှင့်လည်းကောင်း၊ ကျောက်ချွန်များနှင့်လည်းကောင်း အဆင့်ဆင့်ထိခိုက်မိပြီးမှ မြေပြင်သို့ ကျရောက်လာ၏။

သူ၏အရိုးတို့ ကျိုးကြေနေပြီဖြစ်သလို တစ်ကိုယ်လုံး မြင်မကောင်းအောင် သွေးတို့ရွှဲနစ်ကာ အသက်ပျောက်နေလေ၏။

လူမျိုးစုခေါင်းဆောင်သည် ထိုအဖြစ်ကြောင့် ရူးသွပ်သူ တစ်ယောက်လို မပီမသနှင့် အသံကုန် အော်ဟစ်လိုက်၏။

သူ၏လက်တွင်းမှ ဓါးပြားကြီးကလည်း ပို၍ပြင်းထန်စွာ ဝှေ့ယမ်းပြီး ရန်သူကို အလဲလဲအပြိုပြိုဖြစ်စေကာ ကျောက်တောင်အခြေသို့ တိုးကပ်လာ၏။

တူးခေါင်သည် အဖြူရောင်သင်တိုင်းရှည်နှင့် လူများ၏ တိုက်ခိုက်မှုကို လှည့်ပတ်ရှောင်တိမ်းနေရ၏။

ထိုအခိုက် ရန်သူများသည် အခြေမလှသောကြောင့် အချို့က ကြိုးများကို ခိုတွယ်ရင်း ကျောက်တောင်ထက်သို့ တက်နေကြ၏။

လူမျိုးစုခေါင်းဆောင်မှာ တဖြည်းဖြည်းနှင့် ကျောက်စွန်းထက်မှ ပစ်ချခံရသူထံ တိုးကပ်လာခဲ့၏။ ထို့နောက် သေဆုံးနေသူကို ပေါ့ပါးစွာ ပခုံးထက်တွင်ထမ်းရင်း လက်တစ်ဖက်မှ ဓါးပြားကြီးကို





ဝှေ့ယမ်း၍ ရန်သူကို တိုက်ခိုက်ပြီး ပြန်လည်ဆုတ်ခွာလာ၏။

လူမျိုးစုခေါင်းဆောင်၏ နောက်လိုက်များမှာမူ ရန်သူကို ဖိ၍ တိုက်ခိုက်နေဆဲဖြစ်၏။

ထိုစဉ် ကျောက်တောင်ပေါ်မှ လေးမြားကိုင်ဆွဲထားသော ရန်သူများ ပေါ်လာကာ မြားတံများက သူတို့ထံ မိုးသီးမိုးပေါက်များလို တရစပ် ကျရောက်လာတော့၏။

ခေါင်းဆောင်က ဆုတ်ခွာရန် အမိန့်ပေးလိုက်သောကြောင့် အားလုံးပင် ပြန်လည်ဆုတ်ခွာလာကြ၏။

ခေါင်းဆောင်မှာမူ သေဆုံးသူကိုထမ်းပိုးလျက် ဆုတ်ခွာလာရာမှ သူ၏ သားမွေးဝတ်ရုံထူကြီးကိုဖောက်၍ မြားတံတစ်ချောင်းက ပေါင်တွင် စွဲဝင်လေ၏။

ခေါင်းဆောင်သည် ဒူးညွတ်၍ လဲပြိုမည်ကဲ့သို့ ဖြစ်သွား၏။ ထိုအခိုက် အရိပ်တစ်ရိပ်က ခေါင်းဆောင်ထံ ချဉ်းကပ်လာပြီး ဖေးမလေသည်။

ခေါင်းဆောင်က ထိုသူကိုကြည့်၍

*"သြော်… မင်းကိုး၊ မင်းက အခွင့်အရေးရတာ*
*တောင် ထွက်မပြေးဘဲ တိုက်ပွဲထဲမှာရှိနေတာကိုး"*

ဟု ရေရွတ်လေ၏။

ထိုသူမှာ တူးခေါင်ဖြစ်၏။ တူးခေါင်က သူတို့ထံပျံ့ဝဲနောက်ရှိ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လာသည့် မြားတစ်စင်းကို လုံ့ရှည်နှင့် ရိုက်ဖယ်ထုတ်ပြီး

"ခင်ဗျားပန်းပေါ်ကလူကို ကျုပ်ထမ်းမယ်၊ ခင်ဗျားမှာ ဒဏ်ရာကြီးနဲ့ ဆုတ်ခွာရတာ မသွက်လက်ဘူး"

ဟု ပြောလိုက်တော့၏။

✱✱✱

ပန်းအိမ် ကွန်ပျူတာ

ဆိုင်အမှတ်(၇) မျက်နှာစာတန်း၊ ကျောက်မြောင်းဈေး၊ တာမွေ။



BURMESE CLASSIC .com



အောင်မွှင့်သည် အကြိမ်ကြိမ်ဖတ်ရှုပြီးသော သားရေဖုံးစာအုပ်ကလေးကို နဘေးသို့ချ၍ မြေပုံကြီးဆီသို့ အကြည့်ရောက်သွားပြန်၏။

ထို့နောက် အနီး၌ စိတ်ဝင်တစားနားစွင့်နေသော ဘကျော်ကို

"ဦးဘမြဲရဲ့ မှတ်စုထဲကအတိုင်းဆိုရင် ငါတို့ရှေ့က ကျောက်တောင်ကို ကျော်ဖြတ်ပြီး အရှေ့မြောက်စူးစူးကို တစ်ရက်ခရီးသွားရမယ်လို့ ဆိုတယ်၊ မြေပုံထဲမှာတော့ အဲဒီနေရာဟာ အမြင့်ပေ (၅၀၀၀) အထက်မှာရှိတဲ့ ကျောက်တောင်ကြီးတွေ ဝန်းရံထားတဲ့နေရာပဲ၊ အဲဒီနေရာကို ကြက်ခြေခတ်အမှတ်အသား

သရဖီလှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီး စက်ဝိုင်းဝိုင်းထားတယ်၊ ဒါဟာ ရွှေသိုက်နေရာပဲဆိုတာ မလွဲနိုင်ဘူး၊ တစ်ခုရှိတာက လမ်းခရီးမှာ မခန့်မှန်းနိုင်တဲ့ အန္တရာယ်တွေလည်း အများကြီး ရင်ဆိုင်ရနိုင်တယ်လို့ ရေးထားသေးတယ်''

ဟု ပြောလိုက်၏။ ဘကျော်က မျက်မှောင်ကြုတ်ပြီး

''မခန့်မှန်းနိုင်တဲ့ အန္တရာယ်ဆိုတာ ဘာတွေလဲ၊ ကျုပ်တို့ စွန့်စားလာခဲ့တဲ့ ခရီးတစ်လျှောက်မှာ ကြုံတွေ့ခဲ့တဲ့ အခက်အခဲအန္တရာယ်တွေထက် ဆိုးတာ များရှိနိုင်ပါ့မလား၊ ကျုပ်ကတော့ အဲဒီအန္တရာယ်တွေကို ဂရုမစိုက်ဘူး''

ဟု ဆိုလေ၏။ အောင်ပွင့်က ထီးထီးကြီးရှိနေသည့် ကျောက်တောင်မြင့်ကြီးကို ငေးမျှော်ကြည့်ကာ

''အန္တရာယ်နဲ့တွေ့လာတော့လည်း ရင်ဆိုင်ကျော်လွှားရုံပဲရှိတော့တာပေါ့၊ အခုလောလောဆယ် ဟောဒီက ကျောက်တောင်ကြီးကို ကျော်ဖြတ်ဖို့ ကြိုးစားရမယ်၊ လူတွေတောင် ခက်ခက်ခဲခဲ ကျော်ဖြတ်ရမှာဆိုတော့ လားတွေကို စွန့်ပစ်ခဲ့ရမှာပဲ''

ဟု ပြောလေရာ ဘကျော်က ခေါင်းညိတ်ပြီး

''လဘန်လတို့ကိုပဲ အသုံးချရတာပေါ့၊ သူတို့





ဟာ တောင်ကျချောင်းမှာ ဖောင်ပေါ်က ရေထဲကိုလှွင့်စင်ပြီး သေသွားတဲ့ လားထိန်းသမားရဲ့အဖြစ်ဆိုးကို မမေ့ပျောက်သေးဘူး ကျုပ်တို့အမိန့်ကို နာခံနေဦးမှာပါ''

ဟု ပြောကာ လဘန်လတို့ထံ စောင်းငဲ့ကြည့်လိုက်၏။

လဘန်လနှင့် အထမ်းသမားမှာ စိတ်နှင့်ကိုယ်မကပ်သလို ရှိနေ၏။ သူတို့သည် အောင်ပွင့်တို့ကို ကြောက်ရွံ့ထိတ်လန့်ကာ လိုက်ပါရသောကြောင့် ရှင်လန်းတက်ကြွမှုကင်းမဲ့နေကြ၏။

မကြာမီ သူတို့လူစုသည် လမ်းဟူ၍ သတ်သတ်မှတ်မှတ်မရှိသော ကျောက်တောင်ထက်သို့ ဝက်ရောက်ကြ၏။ ဘကျော်သည် တောင့်တင်းကြံ့ခိုင်သော ကိုယ်ခန္ဓာကို အသုံးပြု၍ ခါးတွင် ကြိုးတစ်ခွေကို ချိတ်ဆွဲပြီး ဦးစွာတက်၏။

သူသည် ခိုတွယ်စရာတင်နေရာသို့ရောက်မှပင် ကြိုးကို ကျောက်စွန်းနှင့်ချည်နှောင်၍ ကျန်လူများအား ခိုတွယ်တက်စေ၏။

အချို့နေရာများ၌ ပစ္စည်းသက်သက်ကိုသာ ကြိုးနှင့်ချည်နှောင်ကာ ဆွဲယူရသည်လည်းရှိ၏။ သူတို့၏ လားနှစ်ကောင်မှာမူ တောထဲတွင် လွှတ်ထားလိုက်ပေပြီ။

နောက်ဆုံးတွင် ခက်ခက်ခဲခဲနှင့် သူတို့လူစု ကျောက်တောင်ထိပ်သို့ ရောက်ရှိလာ၏။ ထိုမှနေ၍ မတ်စောက်၍ ကျောက်ဆောင် ကျောက်ချွန်များ ပြည့်နှက်နေသော ကျောက်တောင်ဆင်ခြေလျှောကို



www.burmeseclassic.com

www.burmeseclassic.com



ဆင်းသက်ရမည် ဖြစ်၏။

အောက်တွင် ထူထဲသိပ်သည်းစွာပေါက်ရောက်နေသော ဝါးတောကြီးကို မြင်တွေ့ရ၏။ သူတို့သည် ကျောက်တောင်ထက်မှ သတိကြီးစွာနှင့် ဆင်းသက်၍ တောင်ခြေ၌ပင် စခန်းချရန် ဆုံးဖြတ်လိုက်၏။

လဘန်လနှင့် အထမ်းသမားမှာ ဝါးကျည်တောက်များ ခုတ်ယူပြီး ရေရှာရန် ထွက်ခွာသွားကြ၏။

သို့သော် ထိုသူနှစ်ဦး ဝင်ရောက်သွားသော ဝါးတောထဲမှ တဖြောင်းဖြောင်း တဝုန်းဝုန်းနှင့်အသံများ ဆူညံစွာ ထွက်ပေါ်လာပြီး နောက် လဘန်လတို့နှစ်ယောက် နောက်ကြောင်းသို့ ပြန်လည် ပြေးလွှားလာသည်ကို တွေ့ရ၏။

ဘကျော်က ကျောက်တောင်တွင်မှီရင်းမှ နံဘေးရှိ သေနတ်ကို ဆတ်ခနဲ ကောက်ကိုင်ကာ

*"လဘန်လ ဘာဖြစ်တာလဲ"*

ဟု အော်ဟစ်မေးမြန်းလိုက်၏။ တစ်ဆက်တည်းပင် အောင်ပွင့်က ခုန်၍ထလိုက်ပြီး

*"မေးမနေနဲ့တော့ဟေ့၊ ကျောက်တောင်ပေါ်ကို သာ မြန်မြန်တက်ပြီး ရှောင်တိမ်းပေတော့၊ လဘန်လ တို့ ဆင်ရိုင်းအုပ်နဲ့ တည့်တည့်တိုးမိပြီ"*





ဟု ပြောလေ၏။

အမှန်ပင် လဘန်လတို့၏နောက်မှ မည်းမည်းအရာကြီးများက ဝါးတောထဲမှ ထွက်ပေါ်လာကြ၏။ ဆင်ရိုင်းအုပ်သည် လူစိမ်းနံ့ ကိုရ၍ ဝရုန်းသုန်းကားဖြစ်ကာ ပြေးလွှားလာကြခြင်းဖြစ်၏။

ဆင်ရိုင်းများသည် နှာမောင်းများကိုမြှောက်၍ တကျွိကျွိနှင့် ဟုန်းရှစွာ အော်မြည်ရင်း ရန်သူကို ရှာဖွေနေကြ၏။

လဘန်လနှင့် အထမ်းသမားသည် ထိုအတိုင်း ပြေးလွှားလျှင် လွတ်မြောက်မည်မဟုတ်မှန်းသိ၍ နီးစပ်ရာ ကညင်ပင်ကြီးတစ်ပင်သို့ ကုတ်တွယ်၍ တက်ကြ၏။

သူတို့ သစ်ပင်မြင့်ပေါ်သို့ ရောက်ရှိချိန်တွင် ဆင်ရိုင်းအုပ်က ကျော်ဖြတ်သွား၏။ ဆင်ရိုင်းအုပ်၏ ဦးတည်ရာကား ကျောက်တောင် ခြေသို့ ဖြစ်၏။

အောင်ပွင့်က သူတို့ထံ ဦးတည်လာနေသော ဆင်ရိုင်းအုပ်ကို ကြည့်၍ ထိတ်လန့်ကာ ကျောက်တောင်ထက်သို့ ကုတ်တွယ် တက်၏။

သို့သော် သူဖမ်းဆုပ်သည့် ကျောက်စွန်းက ပဲ့၍ထွက်ကာ လူလည်း တလိမ့်ခေါက်ကွေး ပြုတ်ကျလာ၏။

ဆင်ရိုင်းအုပ်က အောင်ပွင့်နှင့် လွန်စွာနီးကပ်လာပြီဖြစ်၏။ အောင်ပွင့်သည် ထိတ်လန့်တကြားနှင့် ကျောက်တောင်ထက်သို့



www.burmeseclassic.com

www.burmeseclassic.com



ကုတ်တွယ်တက်ရပြန်၏။

ဘကျော်သည် ကျောက်တောင်၏ လုံခြုံစိတ်ချရသောနေရာသို့ ရောက်ရှိနေပြီဖြစ်ရာ အောင်ပွင့်အဖြစ်ကိုမြင်လျှင် ချက်ချင်းပင် ဆင်ရိုင်းအုပ်ကြားထဲသို့ သေနတ်ဖြင့် ပစ်ခတ်လိုက်တော့၏။

ဒိုင်းခနဲ ကျယ်လောင်သောသေနတ်သံကြောင့် အောင်ပွင့်ထံသို့ တိုးကပ်လာသည့် ဆင်ရိုင်းကြီး တုံ့ခနဲဖြစ်ကာ လမ်းကြောင်းပြောင်းသွား၏။

ထိုအခါမှပင် အောင်ပွင့်လည်း ကျောက်တောင်ထက်သို့ လျှင်မြန်စွာ တက်ရောက်ရ၏။

ဆင်ရိုင်းအုပ် ထွက်ခွာသွားမှပင် အောင်ပွင့်က သက်ပြင်းချ၍

*"ကံကောင်းလို့ပေါ့ကွာ၊ ဒီတစ်ခါတော့ ဆင်ရိုင်းအုပ်ကြားမှာ အသက်ပျောက်ပြီလို့ထင်တာ၊ ဘကျော်က အားကိုးရပေလို့ပဲ"*

ဟု ချီးမွမ်း၏။

ထိုအခါမှပင် လဘန်လသည် အထမ်းသမားနှင့်အတူ ရှေ့ထွက်ရင်း

*"အောင်ပွင့်တော့ မဂမ်ယူရဲ့ကျိန်စာမိပြီ ထင်တယ်၊ ဆင်ရိုင်းအုပ်က သီသီကလေးလွတ်သွားတယ်၊ အောင်ပွင့် ဒီလောက်ထိတ်လန့်သွားတာ*





*တစ်ခါမှမမြင်ဖူးခဲ့ဘူး၊ သူ့ရဲ့ သွေးမရှိတဲ့မျက်နှာကြီးကို မြင်လိုက်ရတာ ငါ သိပ်ကျေနပ်တာပဲ၊ ဆင်ရိုင်းတွေက သူ့ကို စိစိညက်ညက်ကြေအောင် နင်းချေသွားရင် ဒီထက်ပိုပြီး ကျေနပ်လိမ့်မယ်"*

ဟု အားပါးတရ ပြောလိုက်၏။

အထမ်းသမားကလည်း ခေါင်းညိတ်ပြီး

*"ငါလည်း မင်းအတိုင်းပါပဲကွာ၊ မဂမ်ယူရဲ့ ကျိန်စာတွေက အောင်ပွင့်တို့အပေါ် ထားခဲ့ပေမဲ့ ငါတို့ပါ တစ်ဖွဲ့တည်းဖြစ်နေတော့ ကျိန်စာထဲမှာ ရောပါသွားမှာစိုးရတယ်၊ ဒါပေမဲ့ သေဆုံးခဲ့ပြီးတဲ့ အဘိုးအဘွားတွေရဲ့ဝိညာဉ်တွေက တို့ရဲ့စိတ်ထားကို သိမှာပါ၊ တို့ကို ကောင်းကောင်းစောင့်ရှောက်မှာပါ"*

ဟု ပြောလေတော့၏။

နောက်တစ်နေ့သို့ရောက်လျှင် သူတို့လူစုသည် ဝါးတောကိုဖြတ်၍ ခရီးဆက်ကြပြန်၏။

ထိုသို့သွားလာရာတွင် ဝါးတောကို လမ်းဖြစ်အောင် ခုတ်ထွင်ရှင်းလင်း၍ သွားရလေရာ ခရီးမတွင်လှချေ။

အခြေတွင်လည်း စိုစွတ်၍ ဝါးရွက်များ၊ အမှိုက်သွေးများက ခြေထောက်ကို ဖုံးအုပ်နေ၏။



www.burmeseclassic.com

ထိုအခိုက် သူတို့လူစုထံ အန္တရာယ်က မြေပြင်မှမဟုတ်ဘဲ အထက်ပိုင်းမှ ကျရောက်လာ၏။

လဘာန်လတို့က ရှေ့မှ လမ်းထွင်၍ သွားလာနေ၏။ အောင်ပွင့်တို့မှာ နောက်ဘက် မလှမ်းမကမ်းတွင်ရှိနေ၏။ ထိုအခိုက် အောင်ပွင့်က ဓါးရှည်ကို ဝှေ့ယမ်းရင်း

*"ဝါးပင်တွေပေါ်က ဘာကောင်တွေ ခုန်ချလာတာလဲ မသိဘူး"*

ဟု အော်ဟစ်ပြောဆိုလေ၏။

အစိမ်းရောင်ရှိ၍ ရှည်မျောမျောနှင့် လက်မလုံးခန့် အကောင်ငယ်ကလေးများမှာ သူတို့နှစ်ဦးထံ ဝဲပျံလာကြ၏။

ဘကျော်ကလည်း ထိုအကောင်များကို သေချာစွာကြည့်ရှုပြီး ဓါးနှင့်ဝှေ့ယမ်းကာ

*"မြွေပျံတွေဗျ၊ ဒါဟာ မြွေစိမ်းလိုအကောင်မျိုးတွေပဲ၊ မြွေစိမ်းထက်ပိုပြီး အဆိပ်ပြင်းတယ်၊ ဒီကောင်တွေဟာ ဝါးပင်၊ သစ်ပင်တွေပေါ်မှာပဲ နေတတ်တယ်လို့ ကြားဖူးတယ်၊ အနားကို တစ်ကောင်မှ အရောက်မခံနဲ့"*

ဟု အော်ဟစ်သတိပေးလေ၏။

သို့သော် ကံကောင်းထောက်မစွာနှင့် သူတို့နှစ်ဦးမှာ ထိုနေရာမှ





လွတ်မြောက်လာကြ၏။

ထိုအခါ လဘာန်လနှင့် အထမ်းသမားသည် တစ်ဦးကိုတစ်ဦး အဓိပ္ပာယ်ပါပါ ကြည့်ရှုမိ၏။ မဂမ်ယူ၏ကျိန်စာကို သူတို့ ကောင်းစွာယုံကြည်ကြသည် မဟုတ်ပါလား။

ထိုကျိန်စာက ယခုအချိန်တွင် ကလွှကျိစယ်ယုံသာရှိသေးသည်ဟုလည်း တွေးလိုက်မိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်တွင် အဝတ်တစ်စ စည်းနှောင်၍ သစ်ကိုင်းခြောက်ကို အားပြု၍ ကျောက်လှမ်းလာသော လူတစ်ယောက်သည် အဝေးရှိ တောင်စောင်းမှ ခြေတံရှည်အိမ်ကလေးကို မြင်တွေ့လျှင် မျက်နှာ ရွှင်ပြသွား၏။

သူသည် ထိုအိမ်ကလေးသို့ ဦးတည်၍ ထော့နဲ့ ထော့နဲ့ဖြင့် လျှောက်လှမ်းလာစဉ် ရှူးရှူး ဝါးဝါးထိုး၍ ဟောင်လိုက်သော ခွေးဟောင်သံကို ကြားလိုက်ရ၏။

ခွေးဟောင်သံက သူနှင့်မလှမ်းမကမ်းရှိ သစ်တောအုပ်မှ ထွက်ပေါ်လာခြင်းဖြစ်၏။ မကြာမီ သူ၏ခါးလယ်ခန့်ရှိမည့် အနက်ရောင် ခွေးကြီးတစ်ကောင်ကိုပါ ဘွားခနဲ တွေ့လိုက်ရ၏။





ခွေးကြီးက သစ်ကိုင်းခြောက်ကိုအားပြု၍ ရပ်တန့်နေသူအား ကိုက်ခဲရန်ဖြူလိုဟန်နှင့် တဟုန်ထိုး ပြေးလွှားလာနေ၏။

ထိုအခိုက် သစ်တောအုပ်အတွင်းမှ ကချင်ဘာသာစကားဖြင့် ခွေးကို ဟန့်တားသံ ထွက်ပေါ်လာ၏။ ခွေးနက်ကြီးမှာ သခင်၏အလို ကို သိရှိဟန်နှင့် ရုတ်တရက် ရပ်တန့်ကာ နောက်ကြောင်းသို့ ပြန်လှည့် ပြေးလေ၏။

ထိုအခါ ကချင်သင်တိုင်းရှည်ကြီးကိုဝတ်ဆင်၍ ခေါင်းထက်ရှိ ကြပါးနေပြီဖြစ်သော ဆံပင်ရှည်ကို့ကို စုစည်းထုံးနှောင်၍ ဝါးတံဖြင့် ထိုးထားသော အဘိုးအိုတစ်ယောက်က ခွေးနက်ကြီးကို ဆီးကြို လေ၏။

အဘိုးအို၏နှုတ်ခမ်းတွင် ဝါးဆေးတံကို မီးခိုးတထောင်းထောင်း ထအောင် ဖွာလျက်ရှိကာ ပလိုင်းတစ်လုံးကို လွယ်ပိုးထား၏။

သစ်ကိုင်းခြောက်ကို အားပြုရပ်နေသူက ကချင်စကား တတ်ကျွမ်းလေရာ အဘိုးအိုကိုလှမ်း၍

*"အဘကို ကျေးဇူးတင်ပါတယ်၊ ကျွန်ုပ်က ခုက္ခသည် တစ်ယောက်ပါ၊ ဒီပတ်ဝန်းကျင်မှာ လူနေအိမ် ခြေရှိမယ်လို့ မျှော်လင့်မထားဘူး၊ ဟောဟို တောင်စောင်းက အိမ်ကလေးကိုတွေ့လို့ ဝမ်းသာအားရနဲ့ ရောက်လာတာပါ"*



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုလေ၏။ အဘိုးအိုက ဖျတ်လတ်စွာ လှမ်းလာရင်း ထိုသူကို စူးစိုက်ကြည့်ကာ

"အဲဒါ ငါ့အိမ်ပဲ၊ အဲဒီအိမ်ကိုဆောက်ထားတာ နှစ်ပေါင်း တော်တော်ကြာနေပြီ၊ ဒါပေမဲ့ မောင်ရင်ဟာ ပထမဆုံးရောက်လာတဲ့ ရှားရှားပါးပါး ဧည့်သည်ပါပဲ၊ ခုကွာရောက်လာတယ်ဆိုတော့ ပိုပြီး ကျေညီရမှာပေါ့၊ ကောင်းကောင်းဧည့်ခံရမှာပေါ့၊ ဒီမှာ ငါ့သားရဟင်ချင်းလို့ ကျွန်နဲ့အဘွားကြီးပဲရှိတယ်၊ ယောဒီ ကောင်ကြီးလည်း အပါအဝင်ပေါ့လေ"

ဟု ဆိုကာ ခွေးနက်ကြီးကို ညွှန်ပြ၏။

ထို့နောက် အဘိုးအိုက ဧည့်သည်အား အိမ်သို့ခေါ်ဆောင်လာ၏။

ခြေတံရှည်အိမ်အောက်တွင် အဘိုးအိုကဲ့သို့ အနက်ရောင် သင်တိုင်းရှည် ဝတ်ဆင်ထားသော အဘွားအိုတစ်ယောက်က သစ်သားဆုံတွင် ဆန်ဖွတ်နေ၏။

အဘွားအိုသည် ဧည့်သည်ကိုပါ လှမ်း၍မြင်တွေ့ဟန်နှင့် အနီးသို့ရောက်လျှင် ဆန်ဖွတ်ခြင်းကို ရပ်တန့်ကာ

"ခြေထောက်မှာ ဒဏ်ရာဖြစ်လာတယ် ထင်တယ်၊ အဲဒီဒဏ်ရာကို ဆေးကုဖို့ အရင်လုပ်ရမယ်"





ဟု ပြောလေတော့၏။

ဧည့်သည်သည် မိမိကို ဘာမျှစူးစမ်းမေးမြန်းခြင်းမရှိဘဲ စိတ်သဘောထားဖြူစင်ပုံရသော အဘိုးအို၊ အဘွားအိုအား ချက်ချင်းပင် အမိအဖများကဲ့သို့ ရိုသေလေးစားသွား၏။

သူသည် ဝါးကွပ်ပျစ်တွင် သက်သောင့်သက်သာထိုင်ပြီးနောက်

"ကျွန်တော့်နာမည်က 'ဘာမြ' လို့ ခေါ်ပါတယ်၊ တောင်ကျချောင်းတစ်ခုကို ဖောင်နဲ့ဖြတ်ကူးရင်း ဖောင်ပျက်ပြီး ရေစီးနဲ့မျောပါခဲ့ပါတယ်၊ မျောပါလာရင်း ဝါးလုံးတစ်လုံးကို ဖက်တွယ်လိုက်မိလို့ အသက်မသေခဲ့တာပါ၊ ကမ်းကိုကပ်နိုင်တဲ့အချိန်ရောက်တော့ အားအင်ကုန်ခမ်းပြီး မောပန်းတဲ့ဒဏ်နဲ့ သတိလစ်သွားပါတယ်၊ သတိရတော့ မှောင်မိုက်နေပါပြီ၊ တောထဲမှာ တစ်ညလုံး ဒုက္ခခံပြီး မနက်လင်းကတည်းက ကြိုးစားပြီး ခရီးဆက်ခဲ့တာပါ၊ ခြေထောက်ကဒဏ်ရာကတော့ သစ်ငုတ်တစ်ခုနဲ့ ထိုးမိလိုက်မိလို့ ဟက်တက်ကွဲသွားတာပါ"

ဟု ရှင်းပြလေ၏။

ထို့နောက် အဘိုးအိုက ဦးဘာမြ၏ဒဏ်ရာကိုကြည့်ပြီး တောတွင်းဆေးရွက်ဆေးမြစ်များနှင့် ကုသပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ အဘွားအိုက ခေါင်းရည်အိုးနှင့်အတူ ထမင်းနှင့် ငါးဟင်းတို့ကို အသင့်ပြင်ပြီးဖြစ်၏။

နောက်တစ်နေ့သို့ရောက်လျှင် ဦးဘမြဲသည် အိပ်ရာမှ စောစောပင် နိုးထလာ၏။ သူ၏ဒဏ်ရာမှာ အနည်းငယ် သက်သာလာပြီဖြစ်၏။

နောက်သုံးလေးရက်ဆိုလျှင် ခရီးဆက်၍ ရလောက်ပေပြီ။ သူ့အတွက် အခြားအရာအားလုံးထက် တောင်ကျချောင်းတွင် ကျန်ရစ်ခဲ့သော တူးခေါင်ကိုရှာဖွေရန်သာ စိတ်စောနေ၏။

မိမိတောင် ထိုနေရာမှ မသေမပျောက် လွတ်ကင်းခဲ့သည်ဆိုလျှင် တူးခေါင်လည်း လွတ်မြောက်ရမည်ဟု ယုံကြည်မိ၏။

တောင်ကျချောင်းတစ်လျှောက် လိုက်လံရှာဖွေလျှင် တူးခေါင်၏ သကင်းကို ရရှိနိုင်၏။ သို့သော် ခရီးဆက်ရန်အတွက် လက်နက် ရိက္ခာနှင့် အဖော်လိုအပ်၏။

ထို့ကြောင့် ဦးဘမြဲသည် အိမ်အောက်ထပ် ကွပ်ပျစ်တွင် အဖန်ရည်ဝိုင်းနှင့် ဆတ်သားခြောက်ဖုတ်၊ ထမင်းကြမ်းတို့ကို အသင့်ပြင်ကာ စောင့်နေသော အဘိုးအဘွားများထံရောက်လျှင် သူ၏ရွှေသိုက်ရှာဖွေခြင်း ခရီးအကြောင်းကို အစအဆုံး ပြောလိုက်တော့၏။

သူ၏စကားဆုံးလျှင် အဘွားအိုက





*"မင်းရဲ့သားကလေးပါ ခုကွ ရောက်ခဲ့တာပါ ပါလား"*

ဟု ရေရွတ်လေ၏။ အဘိုးအိုက ဝါးဆေးတံကိုဖွာ၍

*"မင်းအတွက် ရွှေသိုက်ကိုရှာဖွေဖို့ထက် သားကို အရင်ရှာဖွေရဦးမှာပေါ့"*

ဟု ပြောလေ၏။

ထိုအခါ ဦးဘမြဲက ခေါင်းညိတ်ပြီး လည်ပင်းတွင် ကြိုးနှင့်ဆွဲထားသော အိတ်ရုံ့ကလေးကို စမ်းသပ်မိ၏။

ထိုအထဲတွင် လက်မခန့်မှ ချေးစေ့ခန့်အထိ သဘာဝအလျောက် ပုံသဏ္ဍာန်အမျိုးမျိုး ဖြစ်ပေါ်နေသော ရွှေတုံးရွှေခဲကလေးများရှိ၏။ ယခုတော့ ထိုအရာများကို အသုံးပြုရပေတော့မည်။ ထိုရွှေတုံးရွှေခဲများသည် သူတို့ရှာဖွေနေသည့် ရွှေသိုက်မှ တစ်ချိန်က ရရှိခဲ့ခြင်း ဖြစ်၏။

မည်ကဲ့သို့ရရှိခဲ့သည်ဆိုခြင်းကို ဦးဘမြဲက ဆက်လက် ပြောပြသွားသောချင်တော့ပေ။ အတိတ်၏ ကြေကွဲစရာများက ရင်ထဲသို့ တိုးဝင်လာတော့မည် ဖြစ်၏။

ထို့ကြောင့် ဦးဘမြဲသည် အိတ်ရုံ့ကလေးတွင်းမှ ရွှေတုံးများကို ထုတ်ဝက်ခွဲကာ အဘိုးအို၏လက်တွင်းသို့ထည့်လေ၏။ ပြီးလျှင် မြေပေါ်တွင် ဆင်း၍



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို ကူညီစောင့်ရှောက်ခဲ့တဲ့အတွက် ကျေးဇူးဆပ်တာပါ၊ အဲဒီကျေးဇူးကို ဘယ်တော့မှ မေ့ပျောက်သွားမှာ မဟုတ်ပါဘူး"

ဟု ပြောကာ ရိုရိုသေသေပင် ကန်တော့လေ၏။

အဘိုးအိုက ရွှေတုံးများကို တစ်လှည့်၊ ဦးဘမြကိုတစ်လှည့် ကြည့်ပြီး ရယ်မောကာ

"ဒီဟာတွေက တို့အတွက် မျိုးစပါး လက်တစ်ဆုပ်စာလောက်တောင် အဖိုးမတန်ပါဘူးကွယ်၊ တို့မှာ တောင်ယာလယ်တစ်ကွက်က စပါးနည်းနည်းရတယ်၊ စိုက်ခင်းကလေးတွေက ဟင်းသီးဟင်းရွက်တွေရတယ်၊ ဒီဒေသမှာ ပေါများချင်တိုင်း ပေါများနေတဲ့ အင်းအိုင် ချောင်းမြောင်းတွေထဲက ငါးကလေး၊ ဖားကလေးတွေလည်း ရတယ်၊ ဘာမှ မလိုအပ်ပါဘူး"

ဟု ငြင်းဆန်လေ၏။

အဖွားအိုကမူ တစ်စုံတစ်ရာကို တွေးမိဟန်နှင့် မျက်လုံးမှ မျက်ရည်များ ရစ်ဝိုင်းလာ၏။ အဘိုးအိုက ထိုအဖြစ်ကြောင့် သက်ပြင်းချကာ ဦးဘမြ၏လက်ထဲသို့ ရွှေစများကို ပြန်ထည့်၍

"ငါ့ရဲ့အမယ်အိုကြီးလည်း မင်းကိုမြင်တော့





သူ့သားကို သတိရသွားပုံပဲ၊ ကဲ ကဲ... မင်း ငါနဲ့ လိုက်ခဲ့စမ်းပါ"

ဟု ဆိုကာ ကွပ်ပျစ်ထက်မှဆင်းသက်ပြီး တောအုပ်ဆီသို့ လှမ်းလေ၏။

ဦးဘမြလည်း ဘုမသိ ဘမသိဖြင့် အဘိုးအိုနှင့် လိုက်ပါခဲ့၏။ သွားလာရင်းပင် အဘိုးအိုက အနောက်ဘူးစူးရှိ ယောင်စဉ်တောင်တန်းများကို လက်ညှိုးညွှန်ကာ

"ဟောဒီအတိုင်း နှစ်ရက်ခရီးလောက်သွားရင် 'မိုင်းခွန်' ဆိုတဲ့ ရွာကြီးကိုရောက်လိမ့်မယ်၊ အဲဒီရွာကြီးဟာ အလွန်စည်ကားတဲ့ရွာကြီးပေါ့၊ မင်းအတွက် ခရီးထွက်မယ်ဆိုရင် အဲဒီရွာကို အရင်သွားပြီးမှ လိုအပ်တာတွေ ပြင်ဆင်ရလိမ့်မယ်"

ဟု ပြောလေ၏။ ဦးဘမြက

"အင်း... ကျွန်တော့်ရဲ့ခရီးစဉ်နဲ့တော့ ဆန့်ကျင်ဘက်ပဲ၊ အရေးကြီးတာက စားနပ်ရိက္ခာနဲ့ အဖော်တစ်ယောက်၊ နှစ်ယောက်ငှားရဖို့ပါပဲ"

ဟု ဆိုလေရာ အဘိုးအိုက ခေါင်းညိတ်ပြီး

"ရနိုင်မှာပါ၊ အဲဒီမှာ ငါတို့ရဲ့ ဆွေမျိုးနီးစပ်တော်တဲ့လူတွေရှိတယ်၊ မင်းကို ကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



လမ်းညွှန်ပေးလိုက်ပါ့မယ်၊ ဟိုးအရင်ကသော့ ငါဟာ အဲဒီရွာကြီးကို တစ်လတစ်ကြိမ်တော့ ရောက်ခဲ့တာပဲ၊ မင်းကတော့ ငါတို့ အဘိုးအဘွားကြီးနှစ်ယောက်တည်း ဘာကြောင့် ဒီလောက်ခေါင်ပဲ့နေရာမှာ နေနေသလဲဆိုတာ တွေးမိမှာပဲ၊ တို့ကလည်း ဘာအကြောင်းနဲ့ဖြစ်ဖြစ် ဒီနေရာမှာ ခေါင်းချမယ်လို့ ဆုံးဖြတ်ထားခဲ့တာကွ၊ ဒီမှာပဲ ငါ့သားက ရှိနေတာကိုး''

ဟုပြောလေ၏။

ဦးဘမြက နားမလည်ဟန်ဖြင့် တစ်စုံတစ်ရာမေးမည့်ဟန်ပြင်လိုက်၏။ ထိုအခိုက် အဘိုးအိုက တောအုပ်အတွင်းရှိ တစ်နေရာတွင် ရပ်တန့်ကာ

''ဟိုးရှေ့က မြက်ရိုင်းတွေပေါက်နေတဲ့မြေပုံမို့မို့ဟာ သေဆုံးသွားတဲ့ ငါ့သားကို မြှုပ်နှံထားတာပေါ့၊ သူနဲ့အတူအဖော်တွေလည်းရှိ သေးတယ်ကွ၊ ထူးဆန်းတာက အဲဒီအဖော်တွေက ငါ့သားရဲ့ရန်သူတွေပဲ''

ဟုပြောပြန်ရာ ဦးဘမြသည် ပါးစပ်အဟောင်းသားဖြစ်သွားပြန်၏။ ထို့နောက် အဘိုးအိုက ဆက်၍

''အဲဒီနားက ကညင်ပင်ကြီးမှာ သစ်ခေါင်းတစ်ခုရှိတယ်၊ သစ်ခေါင်းထဲကို ရှာဖွေကြည့်စမ်းပါကွာ''

ဟု ခိုင်းစေပြန်၏။ ဦးဘမြသည် ခြုံနွယ်ပိတ်ဆို့နေသော သစ်ပင်ကြီး၏ သစ်ခေါင်းအတွင်း ရှာဖွေလေရာ ရေလုံမိုးကာနှင့်ထုပ်ပိုးထားသော အထုပ်ကြီးတစ်ထုပ်ကို တွေ့ရလေ၏။

အထုပ်ကြီးက လေးလံလှ၏။ ထိုအခါ အဘိုးအိုက

''ဒီပစ္စည်းတွေက ငါ့သားရဲ့ရန်သူတွေ ပိုင်ဆိုင်တဲ့ဟာတွေပဲ၊ မင်းအတွက် ကောင်းကောင်းအသုံးဝင်မှာပါ''

ဟုပြောလေ၏။

ဦးဘမြသည် စိတ်ဝင်တစားနှင့် အထုပ်ကြီးကို ဖြေလေရာ အတွင်း၌ စစ်သုံးရိုင်ဖယ်သေနတ်တစ်လက်၊ ခြောက်လုံးပြူးတစ်လက်နှင့် စက်သေနတ်ကလေး တစ်လက်ကိုတွေ့ရ၏။

ထိုလက်နက်များအတွက် ကျည်ဆန်ကလည်း အလုံအလောက်ပင်ရှိ၏။

ထို့အပြင် တောတွင်းသုံးပစ္စည်းများဖြစ်သည့် တောစီးဖိနပ်၊ ရေဘူး ဟန်းကောချိုင့် စသည်တို့ကိုလည်း တွေ့ရလေရာ

''ဒါတွေဟာ အင်္ဂလိပ်စစ်သားတွေရဲ့အသုံးအဆောင်တွေပဲ''







www.burmeseclassic.com

ဟုဆိုလိုက်ရာ အဘိုးအိုက

"ဟုတ်တယ်၊ ငါ့သားဟာ တစ်နေ့မှာ တောလည်တွက်ရင်း မျက်စိလည်လမ်းမှားလာတဲ့ အင်္ဂလိပ်စစ်သားသုံးယောက်နဲ့တွေ့ဆုံခဲ့တယ်၊ သူဟာ ဟိုးအရင်ကတည်းက အင်္ဂလိပ်စစ်သားဆိုရင် အလွန်ပဲမုန်းတီးခဲ့တယ်၊ မိုင်းခွန်ရွာကြီးမှာရှိတဲ့ ဆွေမျိုးတွေဆီ အလည်သွားရင်း အဲဒီမှာမကြာခဏလာပြီး ကပ်စခန်းချတတ်တဲ့ အင်္ဂလိပ်စစ်တပ်ရဲ့ ဆိုးရွားယုတ်မာမှုတွေကို သူက ကြားခဲ့ဖူးတာကိုး၊ လွန်ခဲ့တဲ့နှစ်တွေက အဲဒီရွာကြီးကို အင်္ဂလိပ်ဘုရင်ခံတောင် တိုင်းခန်းလှည့်လည်ရင်း ရောက်ခဲ့တယ်လို့ ကြားရတယ်၊ ထားပါတော့ ဒီအကြောင်းကို တိုတိုပဲပြောရရင် ငါ့သားက အဲဒီအင်္ဂလိပ်စစ်သားတွေကို အလစ်အငိုက်ယူပြီး တိုက်ခိုက်ခဲ့ပုံရတယ်၊ သူဟာ အဲဒီတိုက်ပွဲမှာ အောင်နိုင်ခဲ့ပေမဲ့ သူ့ရဲ့အသက်ကိုပါ စွန့်လွှတ်ခဲ့ရတယ်၊ ငါတို့လင်မယားဟာ တောနက်ထဲမှာ သေနတ်သံတွေကြားပြီး ငါ့သားပျောက်ဆုံးနေတဲ့အတွက် ရှာဖွေကြည့်တော့မှ သူတို့ရဲ့အလောင်းတွေကို တွေ့ရတော့တာပဲ၊ ဒါကြောင့် ငါတို့ဟာ သားခေါင်းချခဲ့တဲ့





နေရာမှာပဲ အသက်ထက်ဆုံး နေထိုင်မယ်လို့ ဆုံးဖြတ်ခဲ့ကြတာပေါ့၊ ဆွေမျိုးတွေ မကြာခဏ လာခေါ်ပေမဲ့ တို့ရဲ့ဆုံးဖြတ်ချက်ကို မပြောင်းခဲ့ပါဘူး၊ ဟောဒီလက်နက်တွေက စွန့်စားသွားလာရမဲ့မင်းအတွက် အသုံးဝင်မှာပါ"

ဟုပြောလေတော့၏။

❀ ❀ ❀

သရဖီလှိုင်စာပေ

အမှတ် (၇)၊ အာသောကလမ်း၊ ကျောက်မြောင်း၊

ရန်ကုန်မြို့။

www.burmeseclassic.com



ညီညာစွာ စီ၍ထပ်ထားသော ထင်းပုံကြီးက မီးတို့ဖြင့် အလျှံ ညီးညီးတောက်လောင်လျက်ရှိ၏။

ထင်းများကြားတွင် သစ်မွေးတုံးများကို ထည့်သွင်းထားလေရာ မွှေးပျံ့သောရနံ့က အနီးတစ်ဝိုက် လွှင့်ပျံ့နေ၏။

ထင်းပုံကြီးထက်မှ ဖိတ်ဖြူပတ်၍ထားသော အသက်ကင်းမဲ့နေသည့် ရုပ်အလောင်း (၄) လောင်းက မီးလျှံ၊ မီးခိုးများနှင့် ဖုံးလွှမ်းနေ၏။

ရုပ်အလောင်းများကို မီးသင်္ဂြိုဟ်နေကြသော လူစုမှာမူ တိတ်ဆိတ်ငြိမ်သက်ခြင်းက မင်းမူထား၏။ မီးပုံကြီးကို တွေတွေကြီး စိုက်ကြည့်နေသော လူမျိုးစုခေါင်းဆောင်၏ မျက်လုံးများက ရီဝေနေ၏။





သူ၏ရင်ထဲသို့လည်း မီးညွန့်မီးလျှံများက တိုးဝင်လောင်မြိုက်နေသလို ဓါးပြားကြီး၏ အရိုးပေါ်ပင်ထားသောလက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လျက်ရှိ၏။

အချိန်အတန်ကြာလျှင် တိုက်ပွဲ၌ ကျဆုံးသွားသော စစ်သည်တော် (၃)ဦးနှင့်အတူ သူ၏အစ်ကိုရင်းဖြစ်သူတို့ ပြာမှုန့်ဘဝသို့ကူးပြောင်း၊ ပျောက်ကွယ်သွားကြပေလိမ့်မည်။

သားမွေးဝတ်ရုံရှည်ကြီးနှင့် လှံကြီးများလိုရှိနေသော စစ်သည်များကလည်း သူတို့၏ သွေးသောက်များ နောက်ဆုံးခရီးကို ဦးညွှတ်ရင်း ငြိမ်သက်နေကြ၏။

လူမျိုးစုခေါင်းဆောင်၏အကြည့်က အနီးရှိ တူးခေါင်ထံ ရောက်ရှိလာ၏။

ထို့နောက် တူးခေါင်၏ ပခုံးပေါ်လက်တင်၍

*"မင်းနဲ့ငါဟာ ဒီနေ့ကစပြီး မိတ်ဆွေဖြစ်သွားပါပြီ၊ တကယ်တော့ မင်းကိုငါ အသုံးချဖို့ ကြံစည်ခဲ့တယ်၊ ဟောဒီက ရုပ်အလောင်းတွေထဲမှာ ကျောက်တောင်ပေါ်က တွန်းချခံလိုက်ရတဲ့သူဟာ ငါ့ရဲ့ အစ်ကိုပါပဲ၊ သူဟာ တစ်ဖက်လူစုရဲ့ ဖမ်းဆီးခြင်းကို ခံခဲ့ပြီး သူ့အစား လူတစ်ယောက်နဲ့ အစားထိုးလဲလှယ်ပေးမှ သူ့ကို လွှတ်ပေးမြောက်စေမယ်လို့ တစ်ဖက်က*



www.burmeseclassic.com

www.burmeseclassic.com



ကမ်းလှမ်းလာခဲ့တယ်၊ ဒါကြောင့် အသင့်ရှိနေတဲ့ မင်းကို လူစားထိုးဖို့ ကြံစည်ခဲ့တာပါ”

ဟု ပြောလေ၏။ တူးခေါင်က သက်ပြင်းချ၍

“ကျုပ် အဲဒီကိစ္စကို ဘယ်လိုမှ သဘောမထားပါဘူး၊ တကယ်တော့ ခင်ဗျားတို့ဟာ ကျုပ်အသက်ကို တောင်ကျချောင်းထဲက ကယ်တင်ခဲ့တာပဲ၊ ကျုပ်ကို ကြိုက်သလိုစီရင်ပိုင်ခွင့်ရှိပါတယ်၊ တစ်ဖက်ကလူတွေနဲ့ ခင်ဗျားတို့ အတော်ရန်ငြိုးကြီးမားပုံပဲ”

ဟု မှတ်ချက်ချလေရာ လူမျိုးစုခေါင်းဆောင်က တဟုန်းဟုန်း တောက်လောင်နေသော မီးပုံကြီးကို ငေးမောကြည့်လိုက်ပြီး

“သူတို့နဲ့ငါတို့ဟာ ဘိုးဘေးတွေ အတူတူက ဆင်းသက်ပေါက်ဖွားလာတဲ့ မျိုးနွယ်စုတူတွေပဲ၊ ဒါ့အပြင် လွန်ခဲ့တဲ့ (၁၀)နှစ်လောက်က အဲဒီကျောက်တောင်ကြီးရှိတဲ့အရပ်မှာ စုစုစည်းစည်းနဲ့ နေထိုင်ခဲ့ကြသေးတယ်”

ဟု စတင်ပြောဆိုလေ၏။

လူမျိုးစုခေါင်းဆောင်၏စကားအရ သူတို့သည် ဂါဗက်ကုန်းမြေမှ တစ်ဆင့် ပက်ကျိုင်းတောင်ကြီးကိုဖြတ်၍ အရှေ့ဘက်သို့ ပျံ့နှံ့လာသော လူမျိုးစုတစ်စုဖြစ်သည်ဆို၏။





သူတို့၏ဘိုးဘေးများသည် ဂါဗက်အနွယ်ဝင်များသာ ဖြစ်၏။ အခြားသူများက လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် အခြားလူမျိုးနွယ်များနှင့် ရောနှော၍ လူမျိုးစုသစ်များဖြစ်ပေါ်ကာ အခြေတကျ နေထိုင်ခဲ့ကြသော်လည်း သူတို့ကမူ ဂါဗက်တို့၏ ရှေးထုံးစဉ်လာများကို မပျောက်ပျက်အောင် ထိန်းသိမ်းရင်း ကမ္ဘာလောကကြီးနှင့် အဆက်ဖြတ်ကာ လျှို့ဝှက်နေထိုင်ခဲ့ကြ၏။

လွန်ခဲ့သော (၁၀)နှစ်ခန့်က သူတို့လူမျိုးစုသည် တောင်ကြား ဒေသတစ်ခုတွင် နေထိုင်ခဲ့ကြသည်။ ထိုဒေသသည် ရာသီဥတု ဆိုးရွားလွန်းသည့်အခါတွင် ရေဘေးအန္တရာယ်နှင့် ရင်ဆိုင်ရတတ်၏။

ထို့ကြောင့် လူမျိုး၏အကြီးအကဲများ၊ သက်ကြီးရွယ်အိုများ စုစည်းတိုင်ပင်ကာ လျှို့ဝှက်လုံခြုံသောနေရာဒေသသစ်တစ်ခုကို ရှာဖွေရန် ဆုံးဖြတ်ကြ၏။

မကြာမီ သူတို့သည် နေရာကောင်းနှင့် ချုံနွယ်ပေါများလှသော ကျောက်တောင်ကြီးများ ပတ်လည်ဝိုင်းနေသည့် လုံခြုံစိတ်ချရသော နေရာတစ်ခုကို တွေ့ရှိခဲ့ကြ၏။

သို့သော် ထိုနေရာသို့ရောက်ရှိရန် ကျောက်တောင်ကြီးများက အဟန့်အတားဖြစ်နေ၏။ သူတို့သည် ထိုနေရာသို့ လွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်ရန် ကျောက်တောင်ကြီးတစ်ခုတွင် လျှို့ဝှက်လမ်းများ ဖောက်လုပ်ခြင်းကို (၁)နှစ်ကြာ ပင်ပန်းခက်ခဲစွာ ပြုလုပ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရ၏။

နောက်ဆုံးတွင် အားလုံး ထိုနေရာသို့ ပြောင်းရွှေ့နိုင်ခဲ့ပြီဖြစ်၏။ သူတို့နှင့်အတူ နွားနောက်များ၊ သိုးဆိတ်များနှင့် မြင်းများကိုပါ ခေါ်ဆောင်ခဲ့၏။

ထိုနေရာတွင် တိရစ္ဆာန်တို့အတွက် စားကျက်မြေသည် စိုက်ပျိုးထွန်ယက်စားသောက်ရန် သင့်တော်၏။ စမ်းချောင်းများက ဟိုမှသည်မှ ဖြတ်၍ ကျောက်တောင်ကြီးများအခြေမှ စီးဆင်းနေ၏။

ထိုထက်ပို၍ ရာသီဥတုဒဏ်ကို မခံစားရဘဲ သက်သောင့်သက်သာ နေထိုင်နိုင်ကြ၏။

အချို့သည် တောအုပ်ထဲ၌ သစ်လုံးအိမ်များ ဆောက်လုပ်နေထိုင်ကြသလို အချို့ကလည်း ကျောက်နံရံများကို ထွင်းထု၍ ဂူများဖောက်ကာ နေထိုင်ကြ၏။

သူတို့၏ဘဝက အပူအပင်ကင်းမဲ့ပြီး အခြားရန်လိုတတ်သည့် လူမျိုးနွယ်စုများ၏လက်မှ ကင်းလွတ်ကာ ပျော်ရွှင်ချမ်းမြေ့ဖွယ်အတိသာ ဖြစ်၏။

တူးခေါင်သည် လူမျိုးစုခေါင်းဆောင်၏စကားကို နားစိုက်နေ၏။ သူ၏မျက်လုံးထဲတွင် လသာသောညများ၌ ကျောက်တောင်များ ပိုင်းပတ်နေသော ဒေသ၌ လုလင်ပျို၊ လုံမပျိုတို့ မီးပုံဖိုကာ အတီးအမှုတ်၊ အကအခုန်များနှင့် ပျော်ရွှင်ကြည်နူးနေပုံကို မြင်





ယောင်မိ၏။

လူကြီးသူမများကလည်း လူမျိုးစု၏ ထုံးတမ်းစဉ်လာ ဓလေ့များကို လက်ဆင့်ကမ်း ပြောဆိုနေတတ်ကြသလို လူငယ်လူရွယ်များကလည်း စိတ်ဝင်တစား ရှိနေတတ်ကြ၏။

ထိုသို့ရှိနေရာမှ တစ်နေ့တွင် သူတို့မျိုးနွယ်စုအတွက် ကံကြမ္မာဆိုးက မယောင်မှတ်ဘဲ ကျရောက်လာဟော့၏။ တူးခေါင်ကို စိတ်ရှည်လက်ရှည် ပြောပြနေသော လူမျိုးစုခေါင်းဆောင်က

*"အဲဒီကံကြမ္မာဆိုးကို တို့လူမျိုးစုတွေထဲက မိသားစုတစ်စုက သယ်ဆောင်လာခဲ့တာပဲဖြစ်တယ်၊ သူတို့ဟာ တစ်နေ့မှာ စိုက်ခင်းမြေအတွက် ချုံထွင်ရင်း မထင်မှတ်ဘဲ ကျောက်တောင်မြေက စီးဝင်နေတဲ့ စမ်းပေါက်တစ်ခုမှာ ဥမင်လိုဏ်ဂူလိုဖြစ်နေတဲ့နေရာက အစုလိုက် အပြုံလိုက်ရှိနေတဲ့ ရွှေတုံးရွှေခဲတွေကို တွေ့ရှိလိုက်ကြတယ်၊ နောက်ဆုံးတော့ အားလုံး သိရှိသွားခဲ့ပြီး အဲဒီဥမင်လိုဏ်ထဲမှာ ထပ်မံရှာဖွေတဲ့အခါ ရွှေတုံးရွှေခဲတွေ တွေ့ရပြန်တယ်၊ တကယ်တော့ အဲဒီနေရာဟာ ရွှေသိုက်တစ်ခုပါပဲ"*

ဟု ပြောလေ၏။

တူးခေါင်သည် လှုပ်လှုပ်ရှားရှားဖြစ်သွား၏။ သူ၏ဖခင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေနေသည့် ရွှေသိုက်ဆိုသည်မှာ ထိုရွှေသိုက်ပင်ဖြစ်နေမည်လား မသိဟု တွေးမိ၏။

လူမျိုးစုခေါင်းဆောင်က ဆက်၍

"အဲဒီမှာပဲ ရွှေသိုက်ကိုအကြောင်းပြုပြီး လူမျိုးနွယ်စုတွေကြားမှာ သဘောထားကွဲလွဲမှုတွေ ဖြစ်ပေါ်လာတာကတော့ တချို့က ဒီရွှေတုံး ရွှေခဲတွေကို ဘယ်လိုမှအသုံးမပြုဘဲ ဒီအတိုင်းထားဖို့ စဉ်းစားကြတယ်၊ ဘာကြောင့်လဲဆိုရင် သူတို့အတွက် ဒီနေရာမှာ ဘာမှမလိုအပ်အောင် ပြည့်စုံနေတယ် မဟုတ်လား၊ ရွှေတုံးရွှေခဲတွေကို အကြောင်းပြုပြီး သူတို့ရဲ့ ဒေသကလေးဟာ အခြားသူတွေနဲ့ ကူးလူးဆက်ဆံရမယ်၊ ဒီသတင်းတွေ အပြင်ကိုပေါက်ကြားရင်လည်း အခြားလူမျိုးနွယ်စုတွေရဲ့ တိုက်ခိုက်လုယက်မှုကို ခံရနိုင်တယ်လို့ တွေးမိကြတယ်၊ အချို့ကတော့ ရွှေတုံးတွေကို အသုံးပြုပြီး ဒီထက်ပို စည်းစိမ်ခံစားနိုင်တယ်၊ အပြင်လောကကြီးနဲ့ဆက်သွယ်ပြီး လူမျိုးနွယ်စုတွေရဲ့ တိုးတက်မှုကို အများကြီး ပြုလုပ်နိုင်တယ်လို့ ဆုံးဖြတ်ကြတယ်၊ အဲဒီမှာ ရွှေတွေကို အသုံးချဖို့ စိတ်အားထက်သန်နေတဲ့လူစုကတော့





ကက်ကြမ္မာဖတ်ဆရာကြီးရဲ့ မိသားစုပဲ၊ လူမျိုးစုထဲမှာ သူဟာ ခေါင်းဆောင်တစ်ယောက်ဖြစ်သလို ရှေးအစဉ်အဆက် ထိန်းသိမ်းခဲ့တဲ့ စာပေယဉ်ကျေးမှုတွေနဲ့ အခြားဘာသာစကားတွေကိုပါ တတ်ကျွမ်းတဲ့ပညာရှိကြီးလည်းဖြစ်တယ်၊ ဒါပေမဲ့ သူဟာ ရွှေသိုက်ကြောင့် လောဘတက်ပြီး သူ့ရဲ့မိသားစုဝင်တွေရဲ့ တိုက်တွန်းမှုနဲ့ အခြားသဘောထားကွဲလွဲသူတွေကို ပြင်းပြင်းထန်ထန် ဆန့်ကျင်တယ်၊ သူ့ရဲ့လုပ်ပိုင်ခွင့်အာဏာကို အသုံးချပြီး ရွှေသိုက်ကို တူးဖော်ခဲ့တယ်၊ တကယ်တော့ အဲဒီကက်ကြမ္မာဖတ် ဆရာကြီးဟာ ငါတို့လူငယ်လူရွယ်တွေရဲ့ ပညာသင်ကြားပေးရာ ဆရာကြီးတစ်ယောက်ပါပဲ၊ ငါဟာ သူ့ဆီက ရိုးရာယဉ်ကျေးမှုလေ့ ထုံးစံတွေအပြင် မြန်မာစကား၊ အိန္ဒိယစကားတွေကိုပါ သင်ယူခဲ့ဖူးတယ်၊ အခုတော့ ရန်သူတွေဖြစ်ခဲ့ပြီပေါ့"

ဟု ပြောကာ မီးပုံကြီးဆီသို့ လှမ်းမျှော်ကြည့်လိုက်ပြန်၏။ ထိုအခါ တူးခေါင်က

"ခင်ဗျားက ရွှေသိုက်ကို အသုံးမပြုတဲ့လူစုဘက်ကပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလိုက်ရာ ထိုသူက ခေါင်းညိတ်ပြီး

"ဟုတ်တယ်၊ အဲဒီရွှေသိုက်ဟာ ငါတို့လူမျိုးစုရဲ့ လျှို့ဝှက်တံခါးတွေကို မျိုးဖျက်ပစ်လိုက်မှာပဲ၊ ဘာကြောင့်လဲဆိုရင် ရွှေသိုက်ကြောင့် အခြားလူမျိုးစုတွေနဲ့ တစ်နည်းမဟုတ်တစ်နည်း ကူးလူးဆက်ဆံရတော့မှာပေါ့၊ ပြီးရင် ငါတို့ရဲ့သွေးတွေဟာ အခြားသွေးတွေနဲ့ ရောနှောလာတော့မယ်၊ ကြာရင် မျိုးနွယ်စုလည်း အခြားမျိုးနွယ်စုတွေလို မှုရင်း မျိုးနွယ်ပျောက်သွားရမှာပဲ၊ ဒါကြောင့် ငါဟာ စိတ်သဘောထားတူတဲ့ လူတွေစုပြီး ကံကြမ္မာဖတ်ဆရာကြီးကို ဆန့်ကျင်ခဲ့တယ်၊ သူ့ရဲ့အင်အားကလည်း မသေးတော့ နောက်ဆုံးမှာ ငါတို့ဟာ အားလုံးကိုစွန့်ခွာပြီး ပုန်ကန်သူတွေဖြစ်လာရတော့တာပေါ့၊ အဲဒီမှာ အမိအဘတွေမရှိတော့တဲ့ ငါတို့ညီအစ်ကိုက ခေါင်းဆောင်ခဲ့တယ်၊ တစ်နေ့မှာ ငါ့ရဲ့အစ်ကိုကို ကံကြမ္မာဖတ်ဆရာကြီးရဲ့လူစုက ဖမ်းမိသွားပြီး လူစားထိုးလဲလှယ်ဖို့ အကြောင်းကြားခဲ့တယ်၊ တကယ်တော့ အဲဒီမှာ ငါ့ကို ထောင်ပြီးဖမ်းဖို့ အကွက်ဆင်လိုက်တာပါ၊ ကျန်တာတွေတော့ ငင်းသိပြီးတဲ့အတိုင်း





ပါပဲ"

ဟု ပြောလေ၏။ တူးခေါင်က

"ကံကြမ္မာဖတ်ဆရာကြီးရဲ့ အလိုအတိုင်း အားလုံးက လိုက်လုပ်နေကြတာပဲလား"

ဟု မေးမြန်းလေရာ လူမျိုးစုခေါင်းဆောင်က

"ကြားရတဲ့သတင်းက တစ်ခုမှမကောင်းဘူး၊ ငါတို့ဟာ ကိုယ့်လူမျိုးအချင်းချင်း သတ်ဖြတ်ချင်စိတ်မရှိဘူး၊ ဒါပေမဲ့ ငါတို့ ထွက်ခွာလာပြီးနောက်ပိုင်းမှာ ကံကြမ္မာဖတ်ဆရာကြီးက သူ့ကို ဆန့်ကျင်သူတွေကို မသမာတဲ့နည်းတွေသုံးပြီး အမိန့်နာခံအောင် ပြုလုပ်ခဲ့တယ်၊ အဲဒါက လူကိုမိန်းမောတွေဝေစေတတ်တဲ့ ဆေးဝါးတွေကို တိုက်ကျွေးခဲ့တာပဲ၊ တို့နဲ့ တိုက်ခိုက်တဲ့ ဝတ်ရုံဖြူနဲ့လူတွေဟာ အဲဒီလို အမိန့်နာခံအောင်လုပ်ထားတဲ့ လူတွေချည်းပါပဲ၊ အခုဆိုရင် ကံကြမ္မာဖတ်ဆရာကြီးနဲ့ သူ့ရဲ့မိသားစုတွေဟာ လူမျိုးစုတွေကို လိုသလို ထိန်းချုပ်နိုင်တဲ့ အခြေအနေကို ရောက်နေပြီ"

ဟု ပြောဆိုလေတော့၏။

***



www.burmeseclassic.com

www.burmeseclassic.com



အောင်ပွင့်တို့လူစုသည် ခရီးဆက်လက်ထွက်လာရာ ရေကန်ကျယ်ကြီးတစ်ခု၏နဘေးသို့ ရောက်ရှိလာခဲ့၏။

ရေကန်ကျယ်ကြီးမှဖြတ်၍ လှမ်းမျှော်ကြည့်လိုက်လျှင် တစ်ဖက်မှ ကျောက်တောင်မြင့်ကြီးများကိုမြင်တွေ့နေရ၏။

ဝင်လုဆဲနေရောင်ကြောင့် ကန်ရေပြင်က နီညိုရောင်သန်းကာ ကျောက်တောင်မြင့်များကလည်း အရိုးစုလက်ချောင်းများကို ထောင်ထားသလိုရှိ၏။

အောင်ပွင့်က သိုမြင်ကွင်းမှ အကြည့်လွှဲဖယ်ပြီး

*"ဘကျော်ရေ... ဟိုလူကြီးရဲ့မှတ်စုထဲက အတိုင်း ကျောက်တောင် မြင့်ကြီးတွေတော့ တွေ့ပြီ၊ အခုအတိုင်းဆိုရင် အဲဒီကိုရောက်ဖို့ ဒီရေကန်ကျယ်ကြီးကို ဖြတ်သန်းရဦးမယ်၊ ထုံးစံအတိုင်း နောက်*





*တစ်နေ့မှာ ဖောင်တစ်ခု တည်ဆောက်ကြတာပေါ့၊ မင်းလည်း ရိက္ခာအတွက် အချိန်ရှိတုန်း ရှာဖွေကြည့်ပါလား၊ လတ်လတ်ဆတ်ဆတ် အသားကင်နဲ့ ဗိုက်ဖြည့်ရတာပေါ့"*

ဟု ခိုင်းစေလေ၏။

လဘန်လနှင့် အထမ်းသမားသည် အောင်ပွင့်၏အမိန့်နှင့် ရွက်ဖျင်တဲထိုးကာ မီးပုံကြီးတစ်ခုကိုဖို၍ ညနေစာအတွက် ပြင်နေချေပြီ။ ဘကျော်က သေနတ်ကို စစ်ဆေးကြည့်ပြီး

*"ဒီအချိန်မှာ သားကောင်ရဖို့ မကျိန်းသေဘူး၊ ဒါပေမဲ့ ကျုပ်နည်းနည်းတော့ လှည့်ရှာကြည့်လိုက်မယ်လေ"*

ဟု ပြောကာ တောထဲသို့ဝင်ရောက်သွား၏။ အောင်ပွင့်က လှမ်း၍

*"ဘကျော်.. ဝေးဝေးလံလံတော့မသွားနဲ့ဟော့"*

ဟု မှာလိုက်သေး၏။

ဘကျော်သည် အနည်းဆုံး ယုန်တစ်ကောင်လောက်တော့ရမည် ဟု မှန်းလေ၏။

သူသည် တောထဲတွင် မျက်လုံးကို လျှင်လျှင်ထား၍ သွား လာနေလေရာ မသိစိတ်က သူ့ကို တစ်စုံတစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



ခြောင်းမြောင်းကြည့်ရှုနေသည်ဟု ခံစားမိကာ ကြက်သီးများထလာ၏။ သူ၏နှုတ်ဖျားကမူ

*"ဒီတောနက်ထဲမှာ ဘယ်လိုလူမျိုးတွေရှိနေဦးမှာလဲ၊ တောဝင်ရင် ဖြစ်လေ့ဖြစ်ထရှိတဲ့အတိုင်း စိတ်ချောက်ချားတာနေမှာပါ"*

ဟု ရေရွတ်လိုက်၏။

ထိုအခိုက် သူ၏နောက်မှ ချွတ်ခနဲ ခြေနင်းသံကိုကြား၍ ဆတ်ခနဲ သေနတ်နှင့် လှည့်၍ယိုးချိန်လိုက်၏။

သို့သော် ထိုနေရာ၌ မည်သည့်အရာမျှ ရှိမနေချေ။ ဘကျော်က ဟက်ခနဲရယ်၍

*"ဟဲ တဲ... ဒီနေ့မှ ငါ့စိတ်ထဲ ဘာကြောင့် ထိတ်လန့်စိတ် ဝင်နေရတာလဲ မသိဘူး၊ ရယ်စရာတော့ဖြစ်နေပြီ"*

ဟု တစ်ကိုယ်တည်း ပြောဆိုလိုက်၏။

သူသည် ဆက်လက်ထွက်ခွာလာရာ မြက်ခင်းပြင်တစ်ခုတွင် အိပ်တန်းမဝင်သေးဘဲ မြက်နုကလေးများကို ကိုက်ဖြတ်စားသောက်နေသော ထိပ်ကွက်ယုန်ကလေးသုံးကောင်ကို တွေ့လိုက်ရ၏။

ဘကျော်သည် သူ၏လက်နက်နှင့် ယုန်ကို မည်ကဲ့သို့ပစ်ခတ်ရမည်ကို ကောင်းစွာသဘောပေါက်၏။ ယမ်းအားပြင်းထန်သော





ရိုင်ဖယ်လ်သေနတ်နှင့် ယုန်ကို တိုက်ရိုက်ပစ်ခတ်ပါက တစ်စစီဖြစ်သွားပေလိမ့်မယ်။

ထို့ကြောင့် မျက်နှာချင်းဆိုင်၍ နီးကပ်စွာရှိနေသော ယုန်နှစ်ကောင်၏ ခေါင်းနှစ်လုံးကြားသို့မှန်း၍ သေနတ်နှင့်ပစ်ခတ်လိုက်တော့၏။

ဒိုင်းခနဲ သေနတ်သံထွက်ပေါ်လာသည်နှင့်အတူ ကျည်သွားနှင့် နီးကပ်နေသော ယုန်နှစ်ကောင်သည် တစ်ချက်နှစ်ချက်မျှခုန်၍ သေဆုံးသွားလေ၏။

အခြားယုန်များမှာ ထွက်ပြေးပျောက်ကွယ်သွားချေပြီ။ ယုန်ဟူသော သတ္တဝါသည် အသည်းငယ်လေရာ သေနတ်သံနှင့်ကျည်သွားရာ လမ်းကြောင်းကွင်းရှိနေ၍ ထိတ်လန့်ကာ သေဆုံးသွားခြင်းဖြစ်၏။

အချို့မုဆိုးများသည် ယုန်များကို ဒဏ်ရာမပေါ်စေဘဲ ထိုကဲ့သို့ပစ်ခတ်တတ်ကြ၏။

ဘကျော်က ယုန်သေနှစ်ကောင်ကို နားရွက်ရှည်များမှဆွဲ၍ အပြန်လမ်းသို့ ခြေဦးလှည့်လိုက်စဉ် ရုတ်တရက် ကြက်သီးကဖြန်းခနဲထသွားပြန်၏။

သူသည် စိတ်မလုံဘဲ ဘေးဆီသို့ ဝေ့ဝဲအကဲခတ်လေရာ သစ်ပင်ကြီးတစ်ပင်နောက်မှ အရိပ်တစ်ခုကို ဖျတ်ခနဲ တွေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရှ၏။

အရိပ်က ကြည့်နေစဉ်မှာပင် ရုတ်ခြည်း ပျောက်ကွယ်သွား၏။ ဘကျော်သည် ချက်ချင်းပင် ဖောချွေးပြန်ကာ

"လူတစ်ယောက်ပါလား၊ ဒီလူဟာ ငါ့ကို လိုက်ပြီးချောင်းမြောင်းနေပုံရတယ်၊ ဒီပုံစံကို ငါ ကောင်းကောင်းသိပါတယ်"

ဟု ရေရွတ်မိပြီး ထိတ်လန့်တကြားနှင့်

"ဒီပုံစံက ဟိုကောင်ရဲ့ပုံစံပဲ၊ ဟုတ်တယ်၊ ငါ အမြင်မလွဲဘူး"

ဟု ဆိုကာ စခန်းသို့ သုတ်ချေတင်လေတော့၏။

အောင်ပွင့်သည် မျက်စိမျက်နှာပျက်ကာ ယုန်နှစ်ကောင်ကို ဆွဲ၍ ပြန်ရောက်လာသော ဘကျော်ကို နားမလည်ဟန်နှင့် ကြည့်လိုက်၏။

ဘကျော်က လဘန်လဲထဲ ယုန်များကို ပစ်ပေးလိုက်ပြီး

"အရေခွာတ်ပြီး တံစို့ထိုးကင်စမ်းကွာ၊ ဒီည တော့ ပိုပြီးသောက်ရလိမ့်မယ်ထင်တယ်"

ဟု ပြောလေ၏။

ထို့နောက် အောင်ပွင့်အနီးသို့ရောက်လျှင် ခြေပစ်လက်ပစ်ထိုင်ကာ အဖြစ်အပျက်ကို ရှင်းပြလေ၏။





အောင်ပွင့်သည်လည်း ဘကျော်နည်းတူ ထိတ်လန့်ဟန်ဖြစ်ပေါ်ကာ လှုပ်လှုပ်ရှားရှားနှင့်

"ဘကျော်... မင်းပြောတာအမှန်ပဲနော်၊ လုံးဝ မဖြစ်နိုင်ဘူး၊ ဒီကောင် တောင်ကျချောင်းထဲမျောပြီး အစအန တောင် ရှာလို့ရတော့မှာ မဟုတ်ဘူး၊ တော တိရစ္ဆာန်တစ်ကောင်ကောင်နဲ့ အမြင်မှားတာ ဖြစ်လိမ့်မယ်"

ဟု ပြောလေ၏။ ဘကျော်က နှုတ်ခမ်းကိုတင်းတင်းစေ့ပြီး ခေါင်းယမ်းကာ

"ဒီလိုမှကွာ၊ ငါတို့ကိုနဲ့ပုံစံကို ကျုပ် ဘယ်လိုမှ အမြင်မမှားနိုင်ဘူး၊ ဒီကောင်ပျောက်သွားတာ ကျုပ် တို့လက်ချက်မှမဟုတ်ဘဲ၊ ဦးဘမြ တို့လူနာက ကျုပ် တို့လက်ချက်ထင်နေတယ်လေ၊ ဒါပေမဲ့ ဒီကောင့်ကို ကျုပ် လက်ဖျားနဲ့တောင် မတို့ရသေးဘူး၊ သူ့ဘာသာ ချောင်းထဲနစ်ပြီး သေတယ်လို့ ကျုပ်တို့က သတ်မှတ်ထားတာကိုး"

ဟု ဆိုလိုက်လေရာ အောင်ပွင့်က ခေါင်းကိုသာ တွင်တွင် ခါယမ်းပြီး

"ဘယ်လိုမှမဖြစ်နိုင်ဘူးဟော့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ငြင်းဆန်လေ၏။

ထိုအခိုက် ရေကန်စပ်ဆီသို့ ရေသွားခပ်နေသော အထမ်းသမားသည် ဝါးကျည်တောက်များကိုပင် မယူအားဘဲ ထိတ်လန့်တကြား အော်ဟစ်ကာ စခန်းဆီသို့ ပြေးလွှားလာနေ၏။

သူသည် နှုတ်ဖျားမှ သွေးရူးသွေးတန်းနှင့်

"မဂမ်ယူရဲ့ဝိညာဉ်ကိုတွေ့လိုက်တယ်၊ မဂမ်ယူ သရဲဖြစ်ပြီး ကျုပ်ကို လာနှုတ်ဆက်တယ်၊ မဂမ်ယူ... မဂမ်ယူ... မင်းရဲ့ကျိန်စာထဲမှာ ငါတို့မပါဘူး"

ဟု မရပ်မနား အော်ဟစ်လေ၏။

စခန်းရောက်သည်အထိ ရပ်တန့်ခြင်းမရှိသေးသောကြောင့် အောင်ပွင့်က ထိုသူ၏ပါးကို တဖြန်းဖြန်းရိုက်လိုက်ပြီး

"ဟေ့ကောင်... အဓိပ္ပာယ်မရှိ ဘာတွေအော်နေတာလဲ"

ဟု ငေါက်ငန်းလိုက်မှ ရပ်တန့်သွား၏။

သို့သော် အထမ်းသမားသည် မှောင်ရိပ်သန်းနေပြီဖြစ်သော ကန်စပ်သို့ လက်ညှိုးညွှန်ကာ တုန်လှုပ်ဟန်နှင့်

"ကျုပ် ရေခပ်မလို့ပြင်တုန်း ကန်စပ်က ချုံပုတ်တစ်ခုအောက်မှာ ငုတ်တုတ်ထိုင်နေတဲ့ မဂမ်ယူကို တွေ့လိုက်ရတာပဲ၊ မဂမ်ယူက ကျုပ်ကိုတောင် ပြုံးပြသွား





သေးတယ်၊ ပြီးတော့ မျောက်တစ်ကောင်လို ခုန်ပြီး ချုံပုတ်တွေကြားမှာ ပျောက်သွားတော့တာပဲ၊ အိုး... အဘိုးအဘေးတွေရဲ့ ဝိညာဉ်တွေ ကျုပ်တို့ကို ပစ်မထားပါနဲ့၊ မဂမ်ယူရဲ့ ကျိန်စာဟာ ကျုပ်တို့နဲ့ မသက်ဆိုင်ပါဘူး"

ဟု ပြောဆိုကာ မြေပေါ်တွင်ပြားပြားဝပ်၍ ဆုတောင်းနေလေတော့၏။

လဘန်လသည် ယုန်သေများကို ဆုပ်ကိုင်ရင်း မျက်နှာဖြူဖတ်ဖြူရော် ဖြစ်နေလေ၏။ အောင်ပွင့်နှင့် ဘကျော်တို့မှာမူ အကန့်ကြားမှု တိတ်ဆိတ်နေ၏။

ထို့နောက်မှ အောင်ပွင့်က မျက်နှာကြီးနီရဲလျက် ခြောက်လုံးပြူးကို ဆတ်ခနဲဆွဲထုတ်ပြီး

"လူပဲဖြစ်ဖြစ်၊ ဝိညာဉ်သရဲပဲဖြစ်ဖြစ် ဟောဒီက ငါ့သေနတ်နဲ့ တွေ့ပြီသာမှတ်တော့"

ဟု ကြိမ်းဝါးကာ တောတွင်းသို့ တဒိုင်းဒိုင်း ပစ်ခတ်လိုက်တော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



လူမျိုးစုခေါင်းဆောင်နှင့် နောက်လိုက်များသည် အတည်တကျ နေထိုင်ခြင်းမရှိဘဲ လုံခြုံစိတ်ချရာ နေရာများတွင် ဟိုမှ၊ သည်မှ ပြောင်းလဲကာ နေထိုင်ကြ၏။

သူတို့သည် တကယ့်တောတွင်းသားများလိုပင်ရှိ၏။ သူတို့အဟွက် ခိုနားရန် သားရေနွယ်စများ အသုံးပြု၍ တဲများ ဆောက်လုပ်ကြ၏။

ရိက္ခာအတွက် အမဲလိုက်ခြင်းမှရရှိကာ အခြားအလေ့ကျပေါက်သည့် သစ်ဥ၊ အသီးအနှံများကိုသာ စားသောက်ကြ၏။





တိုက်ပွဲတွင် ကျဆုံးသွားသူများအား သင်္ဂြိုဟ်ခြင်းကိစ္စပြီးစီးလျှင် တူးခေါင်လည်း တစ်ရက်မျှမဆိုင်းချင်ဘဲ လူမျိုးစုခေါင်းဆောင်အား နှုတ်ဆက်၍ ထွက်ခွာရန် ပြင်လေ၏။

သူသည် ဖခင်ကြီးအတွက် နိုးရိမ်စိတ်ပိုနေပြီဖြစ်၏။ သူတောင်မှ တောင်ကျချောင်း၏ဘေးဒုက္ခများမှ လွတ်မြောက်ခဲ့လျှင် ဖခင်ကြီးလည်း ဘေးမသီ ရန်မခဘဲ လွတ်မြောက်မည်ဟု ယုံကြည်မိ၏။

လူမျိုးစုခေါင်းဆောင်၏အမည်မှာ 'ယောတ' ဖြစ်၏။ ထို့ကြောင့် တူးခေါင်က ညစာအတွက် သမင်သားနှင့် သစ်ဥသစ်ဖုများ ရောနှောချက်ပြုတ်ထားသည့် လွန်စွာချိုမြိန်လှသော စွပ်ပြုတ်ကို စားသောက် ရင်း

"ယောတ… ကျုပ် မကြာခင် ဒီက ထွက်ခွာ
တော့မယ်၊ ကျုပ်နဲ့ အတူ ကျုပ်ရဲ့ဖခင်ကြီးပါ တောင်
ကျချောင်းထဲမှာ အန္တရာယ်တွေ့ခဲ့တယ်လို့ ကျုပ်ပြောခဲ့
ဖူးပါတယ်၊ ကျုပ်ဖခင်ကြီး အခုထိ အသက်ရှင်သန်
နေလိမ့်မယ်လို့ ကျုပ်ယုံကြည်တယ်၊ ဒါကြောင့်
ဖခင်ကို ရှာဖွေဖို့ ကျုပ် ခရီးဆက်ရလိမ့်မယ်"

ဟု ပြောလိုက်၏။

ယောတက မီးပုံထဲသို့ ထင်တုံးကြီးကိုပစ်ထည့်လိုက်ကာ မျက်နှာမှာ လေးနက်ဟန်နှင့်



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မှာ ကျဆုံးသွားတဲ့သူတွေအတွက် ပူဆွေး ဝမ်းနည်းနေရတာနဲ့ မင်းကို မေ့လျော့နေမိပြီ၊ ငါ့ကို ခွင့်လွှတ်ပါ၊ မင်းမှာလည်း မင်းဘဝအကြောင်းတွေ ရှိလိမ့်ဦးမယ်၊ ငါ့ကို မိတ်ဆွေအဖြစ် သတ်မှတ်တယ် ဆိုရင် မင်းတို့ဘာကြောင့် ဒီနယ်ကိုရောက်လာရသလဲ ဆိုတာ ပြောစေချင်တယ်၊ ဒါကလည်း ငါ တတ်နိုင် တဲ့ဘက်က ကူညီချင်လို့ပါ"

ဟု ဆိုလေ၏။ တူးခေါင်က သက်ပြင်းချ၍

"ကျုပ်အထင်မမှားဘူးဆိုရင် ခင်ဗျားတို့လူမျိုး စုတွေအတွက် ပြဿနာတွေဖြစ်ပေါ်စေတဲ့ ရွှေသိုက် ဟာ ကျုပ်တို့ရှာဖွေဖို့ရောက်လာတဲ့ ရွှေသိုက်ပဲ ဖြစ်လိမ့်မယ်၊ လွန်ခဲ့တဲ့ အနှစ် (၂၀)ကျော်က ကျုပ်ရဲ့ ဖခင်ဟာ သစ်တောဌာနဘက်မှာ အမှုထမ်းခဲ့တယ်၊ ဒီနယ်ထဲမှာ သွားလာရင်း တစ်ကိုယ်တည်း မျက်စိ လည်လမ်းမှားပြီး ရွှေသိုက်ကိုတွေ့ခဲ့ တယ်လို့ဆိုတယ်၊ ကျုပ်လည်း အဲဒီလောက်ပဲသိခဲ့ပါတယ်၊ ပြီးတော့ ကျုပ်ဖခင်ဟာ အဲဒီအတိတ်အကြောင်းတွေကို ပြန်ပြီး ပြောပြဖို့ ဆန္ဒမရှိခဲ့ဘူး၊ သူ့အတွက် နာကျင်ကြေကွဲ စရာတွေ အသက်ပြန်ဖြစ်မှာစိုးလို့ ထင်ပါရဲ့"





ဟု အစချီကာ အဖြစ်အပျက်အလုံးစုံကို ပြောဆိုလိုက်၏။ တူးခေါင်၏စကားဆုံးလျှင် 'ဟောတ' သည် ဆတ်ခနဲထရပ်ပြီး ကောင်းကင်သို့မော့၍

"ထူးဆန်းတဲ့ တိုက်ဆိုင်မှုတွေပါပဲလား"

ဟု ရေရွတ်လေ၏။ ထို့နောက် တူးခေါင်အနီးသို့ လှမ်းလာကာ

"မင်း စာမရီဆိုတာ သိသလား"

ဟု မေးမြန်း၏။ တူးခေါင်က

"စာမရီဆိုတာ ဟိမဝန္တာနဲ့ တိဗက်ဒေသတွေမှာ ကျက်စားတတ်တဲ့ အမွေးရှည်နွားတစ်မျိုးလို့ ကြားဖူး တယ်"

ဟု အဖြေပေးလိုက်ရာ 'ဟောတ' က ခေါင်းယမ်းပြီး

"တို့လူမျိုးနွယ်စုတွေအနေနဲ့ စာမရီဆိုတာ ဒီထက်ပိုပြီး အဓိပ္ပာယ် လေးနက်ပါတယ်၊ စာမရီ ဆိုတာ မင်းပြောသလို အမွေးရှည်နွားတစ်မျိုးဆိုတာ မှန်ပါတယ်၊ တိဗက်လူမျိုးတွေအတွက်ဆိုရင် စာမရီ နွားမျိုးဟာ သူတို့ မရှိမဖြစ်သုံးဆောင်နေတဲ့ နို့ အတွက်ပဲဖြစ်ဖြစ်၊ အရိုးတွေ၊ အရေတွေ၊ အသား တွေအတွက်ပဲဖြစ်ဖြစ် အဓိကအသုံးဝင်ဆုံး အရာ တစ်ခုပါပဲ၊ အဲဒီအသုံးဝင်မှုဟာ အားလုံးရဲ့ ပြီးပြည့်စုံ



www.burmeseclassic.com

www.burmeseclassic.com



ကို ဖြည့်ဆည်းပေးရာရောက်တဲ့အတွက် အထွဋ်အမြတ်ထားစရာ အရာတစ်ခုလည်း ဖြစ်လာခဲ့တယ်၊ သူတို့ဟာ စာမရီဆိုတဲ့ အမွေးရှည်နွားမျိုးကို အလေးအနက်ပဲ အထွဋ်အမြတ်ထားခဲ့ကြတယ်၊ တစ်နည်းအားဖြင့် စာမရီဟာ ကောင်းခြင်းတွေနဲ့ ပြည့်စုံခြင်းတွေရဲ့ အမှတ်သင်္ကေတလည်း ဖြစ်လာခဲ့တယ်၊ ဒီလိုပဲ လူမျိုးစုရဲ့ အခြားနည်းလမ်းနဲ့ စာမရီကို အလေးအနက်ထားခဲ့တဲ့အကြောင်းတွေရှိသေးတယ်၊ ကောင်းမွန်ခြင်းနဲ့ ပြီးပြည့်စုံခြင်းရဲ့ အမှတ်လက္ခဏာဖြစ်တဲ့ လူပုဂ္ဂိုလ်တစ်စုံတစ်ယောက်ကို စာမရီလို့ ဘွဲ့အမည်ပေးပြီး အထွဋ်အမြတ်ထားခဲ့ကြတာပဲ''

ဟု ပြောလေ၏။ တူးခေါင်က စိတ်ဝင်တစား နားစွင့်နေလေရာ ယောတက ဆက်၍

''အဲဒီလူပုဂ္ဂိုလ်ကို ကံကြမ္မာဖတ်ဆရာကြီးလို ပညာဉာဏ်ကြွယ်ဝသူတွေက သေသေချာချာ စိစစ်ရွေးချယ်ရတယ်၊ စာမရီဟာ မွေးဖွားစဉ်ကတည်းက ကောင်းကင်မှာရှိတဲ့ ဂြိုဟ်နက္ခတ်တွေရဲ့ ကောင်းမွန်မှုနဲ့ ကြုံကြိုက်နေသူဖြစ်ရတယ်၊ နူးညံ့သိမ်မွေ့မှု၊ ပြေပြစ်ချောမွေ့မှုတွေဟာလည်း သိသာထင်ရှားစွာ ဖြစ်ပေါ်





နေရသေးတယ်၊ တကယ်တော့ စာမရီဟာ အဲဒီအရာတွေနဲ့ ပြည့်စုံတဲ့ မိန်းမပျိုအသွေကိုရည်ရွယ်တာပါ၊ စာမရီဟာ အမိအဖတွေရှိပေမဲ့ အားလုံးဟာ စာမရီရဲ့ အမိအဖတွေပါပဲ၊ မျိုးနွယ်စုရဲ့သမီးပျိုဆိုတဲ့ အမှတ်လက္ခဏာဟာ စာမရီပါပဲ၊ စာမရီဟာ နှစ်ပေါင်းများစွာကြာမှ တစ်ဦးတလေ ပေါ်ထွက်တတ်တာပါ''

ဟု ဆိုလေရာ တူးခေါင်က ခေါင်းညိတ်ပြီး သမင်သားစွပ်ပြုတ်ကို စားသောက်ကာ

''ကျုပ်တို့မြန်မာကျေးရွာတွေမှာ ယဉ်ကျေးသိမ်မွေ့ပြီး ချောမောပြေပြစ်တဲ့ မိန်းမပျိုကလေးကို ကွမ်းတောင်ကိုင်လို့ ရွေးချယ်တဲ့ပုံစံမျိုးပဲ၊ ဒါပေမဲ့ စာမရီကတော့ လေးနက်တဲ့အဓိပ္ပာယ်ရှိ လိမ့်မယ်၊ စာမရီဟာ အရွယ်ရောက်လာတော့ သဘာဝအရ အိမ်ထောင်သားမွေးပြုဖို့ ရှောင်လွှဲလို့ရမှာလား၊ လူမျိုးစုရဲ့ ချစ်ခင်ရာ အထွဋ်အမြတ်ထားရာ အရာအဖြစ်ပဲ ဒီအတိုင်းရှိနေရမှာပဲလား''

ဟု မေးမြန်းလိုက်၏။ ယောတက တူးခေါင်အနီးတွင် ထိုင်ပြီး

''ကွမ်းတောင်ကိုင်ဟာ ယဉ်ကျေးသိမ်မွေ့မှုနဲ့



www.burmeseclassic.com

www.burmeseclassic.com



ချောမောပြေပြစ်မှုတို့ရဲ့ သင်္ကေတလိုပဲ စာမရီလည်း အတူတူပါပဲ၊ ဒါပေမဲ့ စာမရီရဲ့ သင်္ကေတဟာ နည်းနည်းတော့ရှုပ်ထွေးတယ်၊ အချိန်တန်အရွယ် ရောက်ရင် စာမရီဟာ အိမ်ထောင်သားမွေးပြုရ မှာဖြစ်သလို သူရွေးချယ်လိုက်တဲ့ အမျိုးကောင်း သားဟာ ရဲရင့်တည်ကြည်ပြီး ခေါင်းဆောင်ကောင်း တွေရဲ့ အရည်အချင်းကို ပိုင်ဆိုင်ရမှာဖြစ်တယ်၊ စာမရီဟာ အရွယ်ရောက်တဲ့အထိ အခြားယောကျ်ား တွေနဲ့ ပြောဆိုဆက်ဆံခြင်းမပြုရဘဲ မျိုးနွယ်စုထဲက အမျိုးသမီးတွေရဲ့ တင်းကျပ်တဲ့စောင့်ရှောက်မှုနဲ့ ကြီးပြင်းစေရတာလည်း စည်းကမ်းချက်တစ်ခုပါပဲ၊ အဲဒီအချိန်မှာ စာမရီဟာ မိန်းမသားတို့တတ်အပ်တဲ့ အိမ်ထောင်ထိန်းသိမ်းမှုတွေနဲ့ လူမျိုးစုရဲ့ ဓလေ့ထုံးစံ တွေ၊ အခြားဘာသာစကားတွေကိုလည်း လေ့လာ ဆည်းပူးရသေးတယ်၊ ဒ့ါအပြင် ယောကျ်ားသားတွေ တတ်အပ်တဲ့ ဓါးခုတ်၊ လှံထိုး၊ အမဲပစ်မြင်းနဲ့ စစ်ဆင်စစ်တက် အတတ်တွေကိုလည်း တတ်ကျွမ်း အောင် သင်ကြားရသေးတယ်''

ဟု ပြောလေ၏။ တူးခေါင်က





''စာမရီဖြစ်ဖို့အတွက် အဲဒီအမျိုးသမီးဟာ ထူးချွန်ထက်မြက်ဖို့ လိုတယ်''

ဟု မှတ်ချက်ချလေရာ ယောတာက

''ဟုတ်တယ်၊ ဒီထက်ပိုပြီး စာမရီဟာ အရွယ် လည်းရောက်ပြီ၊ သူ့အတွက် တတ်သင့်တတ်အပ်တာ တွေလည်း တတ်ကျွမ်းခဲ့ပြီဆိုရင် သူ့ကို နောက်ဆုံး အနေနဲ့ သဘာဝလောကကြီးနဲ့ တိုက်ရိုက်ထိတွေ့ပြီး သဘာဝတရားကြီးထဲက လေ့လာသင်ယူစရာတွေကို (၁)နှစ်တိတိ သင်ယူရသေးတယ်၊ စာမရီဟာ လူမျိုးစုရဲ့ အထွဋ်အမြတ်ဖြစ်သလို မိန်းမသားတွေ အတွက်လည်း စံပြဖြစ်ရမယ်လို့ အဆိုရှိတယ်၊ ဒါကြောင့် တစ်ကိုယ်တည်း အမှီအခိုကင်းကင်း ရပ်တည်နိုင်မှ အားအင်ပြည့်ဝတဲ့ စွမ်းဆောင်မှုတွေ ရှိနိုင်တယ်ဆိုတဲ့ လူမျိုးစုရဲ့ဆောင်ပုဒ်အတိုင်း အဲဒီ မိန်းမပျိုကို မျိုးနွယ်စုရဲ့နေထိုင်ရာပြင်ပမှာ တစ်ကိုယ် တည်း နေထိုင်ရပ်တည်စေတယ်''

ဟု ပြောပြန်၏။ တူးခေါင်က

''မိန်းမပျိုလေးတစ်ယောက်က တောတောင် ထဲမှာ တစ်နှစ်တိတိ နေထိုင်ရတာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ ယောတက

"မှန်တယ်၊ ဒါကြောင့်လည်း စာမရီဟာ နှစ်ပေါင်းများစွာကြာမှ တစ်ယောက်တလေ ပေါ်ထွက်လာတာပေါ့၊ ပြီးတော့ မင်းကို ထူးဆန်းတဲ့ တိုက်ဆိုင်မှုတစ်ခု ပြောပြရဦးမယ်"

ဟု ပြောဆိုလေ၏။ တူးခေါင်သည် စောစောက ယောတ၏နှုတ်မှ ထိုစကားမျိုး ရေရွတ်ခဲ့သေးသည်ကို အမှတ်ရကာ

"အဲဒီတိုက်ဆိုင်မှုဆိုတာကလည်း စာမရီနဲ့ပတ်သက်နေလိမ့်မယ် ထင်တယ်"

ဟု မေးမြန်းလိုက်လေရာ ယောတက လုံ့ရှည်တစ်ချောင်းနှင့်မီးပုံကို ထိုးဆွကာ

"စာမရီ၊ ရွှေသိုက်၊ ပြီးတော့ ဘမြဲဆိုတဲ့လူတစ်ယောက်၊ အားလုံးနဲ့ ပတ်သက်နေတယ်"

ဟု အဖြေပေးလေ၏။ တူးခေါင်က မျက်မှောင်ကြုတ်၍

"ကျုပ်အဖေက ဦးဘမြဲပဲ"

ဟု ရေရွတ်လေရာ ယောတက လက်ကာပြပြီး

"မင်းရဲ့အကြောင်းတွေကြားပြီး မင်းအဖေအမည်ဟာ ဦးဘမြဲဆိုတာ သိခဲ့ရတယ်၊ ပြီးတော့ မင်းတို့ဟာ ရွှေသိုက်ကိုရှာဖွေဖို့ ရောက်လာတယ်





ဆိုတော့ ငါတို့ရင်ထဲမှာဖြစ်နေတဲ့ ပဟေဠိတချို့ ရှင်းသွားခဲ့တယ်ကွ"

ဟု ပြောလေ၏။ တူးခေါင်က ခေါင်းယမ်းပြီး

"ကျုပ်တော့ ဘာမှနားမလည်ဘူး"

ဟု ရေရွတ်လေ၏။ ယောတက တူးခေါင်နှင့် မျက်နှာချင်းဆိုင်ကာ

"ဒီလိုကွ၊ လွန်ခဲ့တဲ့ အနှစ် (၂၀)လောက်က တို့ရဲ့မျိုးနွယ်စုထဲမှာ ရှားရှားပါးပါး စာမရီတစ်ယောက် ပေါ်ထွန်းခဲ့ဖူးတယ်၊ ဒါပေမဲ့ သူဟာ နောက်ဆုံးအဆင့် သဘာဝလောကကြီးဆီက ပညာတွေသင်ယူဖို့ ထွက်ခွာသွားတဲ့ တစ်နှစ်အတွင်းမှာပဲ သေမှန်း၊ ရှင်မှန်းမသိ ပျောက်ဆုံးသွားခဲ့တယ်၊ တွေ့မဲ့တွေ့တော့လည်း တို့မျိုးနွယ်စုတွေ ကျောက်တောင်ကြီးတွေ ဝန်းရံထားတဲ့ဒေသကိုရောက်ပြီး ရွှေသိုက်ကိုတွေ့ရှိတဲ့အခါ ရွှေသိုက်ရှိရာ ဥမင်လိုဏ်ဂူထဲမှာ တွေ့လိုက်ရတော့တာပါပဲ၊ အဲဒီမှာ စာမရီရဲ့အရိုးစုအပြင် ကျောက်နံရံထက်မှာ မြန်မာစာနဲ့ ရေးထွင်းထားခဲ့တဲ့ စာကြောင်းအချို့ပါရှိနေခဲ့တယ်၊ အဲဒီစာကြောင်းတွေဟာ တို့အတွက်တော့ ပဟေဠိလိုပါပဲ၊ အခုတော့



www.burmeseclassic.com

www.burmeseclassic.com



ရှင်းသွားပါပြီ၊ စာကြောင်းကတော့ "စာမရီ...မင်းဟာ ဝါ့ရင်ထဲ အမြဲရှင်သန်နေမှာပါ၊ အမြဲ တဲ့ကွ"

ဟု ပြောလေ၏။

ယောတ၏စကားဆုံးလျှင် တူးခေါင်၏ရင်ထဲတွင် ပြင်းပြစွာ လှုပ်ခတ်သွား၏။ ဖခင်ကြီး၏ စိတ်ခံစားမှု တစ်စွန်းတစ်စကိုလည်း နားလည်မိသလို ရှိ၏။

စာမရီဟူသောအမည်သည် သူ၏တစ်ကိုယ်လုံး သွေးကြော များနှင့် အတူ လှည့်ပတ်စီးဆင်းနေသလိုလည်း ခံစားလိုက်ရ တော့၏။

* * *

ပန်းအိစံ ကွန်ပျူတာ
ဆိုင်အမှတ်(၇) မျက်နှာစာတန်း၊ ကျောက်မြောင်းဈေး၊ တာမွေ။





အောင်ပွင့်တို့လူစုသည် ဖောင်တစ်ခုပြုလုပ်ပြီး၍ ရေကန် ကျယ်ကြီးကို ဖြတ်သန်းရန် အသင့်ဖြစ်နေချေပြီ။ ကန်ရေပြင်က တည်ငြိမ်ပြီး ကင်းစင်လေရာ ဖောင်ကိုလည်း အထူးခိုင်မာအောင် တည်ဆောက်ရန်မလိုချေ။

ထို့နောက် အောင်ပွင့်က လူသူ၊ လက်နက်ရိက္ခာအားလုံး ဖောင် ပေါ်တွင် တင်ဆောင်ပြီး ထွက်ခွာရန် အမိန့်ပေးလိုက်၏။ ဘကျော်ကမူ မျက်မှောင်ကြီးကြုတ်လျက် တစ်စုံတစ်ရာကို တွေးတောနေဟန်ရှိ၏။

ကန်ရေပြင်ကျယ်ကြီးကိုကြည့်ရင်း သူ့စိတ်ထဲ အန္တရာယ်အငွေ့ အသက်ကို ရရှိနေသောကြောင့် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံး၏လက်ထဲတွင် ထိုးဝါးကိုယ်စီကိုင်ဆောင်ကာ ဖောင်ကိုရွေ့လျားအောင် ပြုလုပ်ကြ၏။ ထိုအခါ အောင်ပွင့်က

"ရေက တို့ထင်ထားတာထက် ပိုပြီးနက်ရှိုင်းတယ်"

ဟု ရေရွတ်လေ၏။

ဖောင်က တရွေ့ရွေ့နှင့် ရေထဲတွင် ဖြတ်သန်း သွားလာနေ၏။ ဖောင်၏ဦးပိုင်းမှ လဘန်လသည် ထိုးဝါးကို အားစိုက်ထိုးရင်း လူကပါ ဖောင်တစ်လျှောက် သွားလာနေလေရာ သူ၏ထိုးဝါးချက်မလှမ်းမကမ်းတွင် စကောပိုင်းခန့် ပွက်ခနဲထလာသော ရေပွက်ကြီးကို မြင်တွေ့လိုက်ရပြီး အထမ်းသမားကို

"ဒီအိုင်ထဲမှာ ငါးကြီးတွေရှိမယ်ထင်တယ်"

ဟုပြောလေ၏။

ထိုအခိုက် အောင်ပွင့်ဘက်မှလည်း ထိုရေပွက် ထက် နှစ်ဆခန့်ရှိမည့် ရေပွက်ကြီးတစ်ခု ပွက်ခနဲဖြစ်ပေါ်လာပြန်၏။ အောင်ပွင့်က ရယ်မောပြီး

"ငါးဆိုရင်လည်း တော်တော်ကြီးလိမ့်မယ်ဟေ့၊ တနိုင်းခထဲမှာတောင်မှ လူတစ်ရပ်လောက်ရှိတဲ့ ငါးရံ့ကြီးတွေရှိနေတာပဲ"

ဟုဆိုလေ၏။





ဘကျော်ကမူ စိတ်စနိုးစနောင့် ဖြစ်နေလေရာ ကျောတွင်လွယ်ပိုးထားသော ရိုင်ဖယ်လ်ကို စမ်းသပ်လိုက်မိ၏။

ထိုအခိုက် ညင်သာစွာရွေ့လျားနေသောဖောင်သည် ရေအောက်မှ တစ်စုံတစ်ရာနှင့် ထိခိုက်မိသလို သိမ့်ခနဲ တုန်သွား၏။

တစ်ပြိုင်နက်ပင် သူတို့၏ဖောင်နှင့် (၁၀)ပေမျှ အကွာအဝေးရှိသော ရေပြင်တွင် ပြောင်ချောနေသော မည်းမည်းခုံးခုံးအရာကြီး တစ်ခု ပေါ်လာကာ ဖျတ်ခနဲ ပျောက်ကွယ်သွား၏။

ဘကျော်သည် ချက်ချင်းပင် ထိုးဝါးကိုချ၍ သေနတ်ကို အသင့်ပြင်ပြီး အော်ဟစ်ကာ

"လဘန်လတို့ ထိုးဝါးကို အားစိုက်ပြီး ဟိုဘက်ကမ်းကို မြန်မြန်ရောက်အောင်လုပ်စမ်း၊ တနိုင်းခထဲမှာ ဒီလိုကောင်ကြီးတွေလည်းရှိတယ်၊ မျှော့လိုလို၊ ငါးရှဉ့်လိုလို၊ မြွေလိုလိုအကောင်ကြီးတွေပဲ၊ သူတို့ အင်အားက တို့ကို ကောင်းကောင်းဒုက္ခပေးနိုင်တယ်"

ဟု ပြောလိုက်၏။ အောင်ပွင့်က ထိုအရာကြီး ပျောက်ကွယ်သွားရာသို့ ရှုးစိုက်ကြည့်ပြီး

"ဒီလောက်လည်း မစိုးရိမ်ပါနဲ့ ဘကျော်"

ဟု ဆိုလေ၏။

ထိုအခါ ဘကျော်က အောင်ပွင့်ထံ ရှုးစိုက်ကြည့်ပြီး မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ပျက်သွားကာ

*"ခင်ဗျားနောက်မှာ အန္တရာယ်ပေါ်လာပြီ"*

ဟု အော်ဟစ်သတိပေးလိုက်၏။

လူ၏လက်တစ်ဖက်ခန့်ရှိပြီး အဖျားသွယ်သော အမြီးကဲ့သို့ မည်းမည်းအရာကြီးက အောင်ပွင့်၏နောက်ကျောရေပြင်မှ ပေါ်ထွက်လာ၏။

ထို့အတူ အောင်ပွင့်သည်လည်း ထိုအရာကြီး၏ ဇွေ့ယမ်း ရိုက်ခတ်မှုနှင့်အတူ ရေထဲသို့ လွင့်စင်သွားတော့၏။

ထိုအဖြစ်အပျက်ကြောင့် လဘန်လနှင့် အထမ်းသမားထံမှ ဖြိုင်တူပင်

*"မြွေနဂါး... မြွေနဂါး"*

ဟု ထိတ်လန့်တကြား အော်ဟစ်သံတို့ထွက်ပေါ်လာ၏။

အောင်ပွင့်သည် ရေထဲသို့ နစ်မြုပ်သွားလေရာ ဘကျော်က သေနတ်ကို ရေပြင်သို့ထိုးချိန်ပြီး ရေပွက်ကြီးတစ်ပွက်ဖြစ်ပေါ်၍ လျှောခနဲမြင်လိုက်ရသော မည်းမည်းအရာကြီးထံ ပစ်ခတ်လိုက်၏။

ထိုနေရာတွင် ချက်ချင်းပင် သွေးရောင်တို့ရဲသွား၏။ ထို့အတူ ဖောင်အောက်မှ ပြင်းထန်သောအဟုန်နှင့် တွန်းခြင်းကိုခံရကာ ဖောင်သည် ဦးစိုက်ပဲ့ထောင်၍ ဝရုန်းသုန်းကား ဖြစ်သွာ၏။

ပစ္စည်းများကို ရေလုံးမိုးကာနှင့်ထုပ်၍ ဖောင်နှင့်တွဲကာ





ချည်ထားသောကြောင့် ဆုံးရှုံးခြင်းမှ ကင်းဝေးသွား၏။

ဘကျော်သည် သတိရှိသူဖြစ်လေရာ ဖောင်ပေါ်မှ လွင့်စင် မကျစေရန် ထိန်းသိမ်းလိုက်နိုင်၏။ လဘန်လနှင့် အထမ်းသမားမှာမူ ခြေကားယား၊ လက်ကားယားနှင့် ရေထဲသို့ ကျသွားပြီဖြစ်၏။

ချက်ချင်းပင် ဖောင်က တည်ငြိမ်သွား၏။ ထိုအခိုက် ဖောင်နှင့် မလှမ်းမကမ်းရှိရေပြင်တွင် ရေပွက်ကြီးများ တဖွားဖွားဖြစ်ပေါ်လျက် သွေးရောင်တို့က ပျံ့နှံ့နေ၏။

အောင်ပွင့်သည် မျက်လုံးပြူးကျယ်ရင်း ရေထဲမှ ဘွားခနဲပေါ် လာကာ

*"ဘကျော်... ငါ့ကိုကူပါဦး"*

ဟု အသံပေးလိုက်၏။

ဘကျော်၏မျက်နှာမှာ စိုးရိမ်ဟန်ပျောက်ကွယ်သွားပြီး ထိုးဝါးကို အောင်ပွင့်ထံ လှမ်းလိုက်၏။ မကြာမီ ရေထဲမှ လဘန်လနှင့် အထမ်းသမားတို့ ဘွားခနဲ၊ ဘွားခနဲ ပေါ်ထွက်လာကာ ဖောင်ဆီသို့ အားကုန် ကူးခတ်လာလေ၏။

သူတို့အားလုံး ဖောင်ပေါ်သို့ရောက်လျှင် ဘကျော်က ထိုးဝါးကို အားစိုက်ထိုးရင်း

*"ကံကောင်းတယ်ဟေ့... ဟိုရေပွက်ကြီးတွေ နေရာမှာ လက်တစ်ဝါးသာသာလောက်ရှိတဲ့*



www.burmeseclassic.com

www.burmeseclassic.com



*ငွေရောင်တောက်တောက်ငါးတွေ ရေပေါ်ကို ခုန်ခုန်တက်လာတာ တွေ့တယ်မဟုတ်လား၊ အဲဒါ အသားစားငါးတွေပဲ၊ တို့ဖောင်ကိုမှောက်ပစ်ဖို့ ကြိုးစားတဲ့ကောင်ကြီးဆီက သေနတ်ဒဏ်ရာကထွက်တဲ့ သွေးနံ့နဲ့ အသားစားငါးတွေ ရောက်လာတာပဲ၊ ဒီကောင်ကြီးကို အသားစားငါးတွေမဲနေလို့ တို့ သက်သာသွားတာ"*

,ဟု ပြောဆိုလိုက်တော့၏။

ထိုနေရာတစ်ပိုက်ရှိ ရေပြင်တွင် လဘာန်လို့အခေါ် မြွေနဂါးကြီးအား အသားစားငါးများက ဝိုင်းဝန်းကိုက်ခဲနေလေရာ ရေပြင်က မငြိမ်မသက်နှင့် တဝုန်းဝုန်းဖြစ်ပေါ်နေလေ၏။

တစ်ချက်ချက်တွင် လူးလွန့်၍ ရေပြင်သို့ပေါ်ထွက်လာသော မြွေနဂါးကြီး၏ ကိုယ်လုံးကြီးကို ဖျတ်ခနဲ၊ ဖျတ်ခနဲ မြင်တွေ့နေရ၏။

ဖောင်က ကမ်းသို့ထိုးဆိုက်မိလျှင်ပင် အောင်ပွင့်က ဦးစွာခုန်လွှားသွားပြီးရေပြင်ကိုကြည့်ကာ

*"ဒီနေရာကို နောက်တစ်ကြိမ်ဖြတ်ဖို့ တော်တော်စဉ်းစားရလိမ့်မယ်၊ ဟိုအကောင်ကြီးမျိုး နောက်ထပ် ဘယ်နှစ်ကောင်ရှိမလဲဆိုတာ မမှန်းနိုင်သလို အသားစားငါးတွေလည်း ဘယ်လောက်*





*များပြားမလဲ မသိဘူး၊ ဒါကြောင့် ငါတို့မသိတဲ့ တခြားအန္တရာယ်တွေရှိနေမှာလည်း ကျိန်းသေတယ်"*

ဟု တုန့်ရင်စွာနှင့် ရေရွတ်လေ၏။

ထိုအခိုက် မြက်ခင်းပြင်အတိုင်း အဖြူရောင်သင်တိုင်းအရှည် ဝတ်ဆင်ထားသူများက ပစောက်ပုံဝိုင်းရံ၍ သူတို့ထံ လှမ်းလာနေသည်ကို တွေ့လိုက်ရ၏။

ထိုသူများ၏လက်ထဲတွင် လေးမြားကိုယ်စီ ကိုင်ဆွဲထားကြ၏။ ဘကျော်က ခေါင်းယမ်းပြီး သက်ပြင်းချကာ

*"ငါ့ရိုင်ဖယ်က ဒီလူတွေအားလုံးကို ဘယ်လိုမှ ယှဉ်နိုင်မှာမဟုတ်ဘူး"*

ဟု ညည်းညူလေ၏။ အောင်ပွင့်ကမူ ပါးစပ်အဟောင်းသားနှင့်

*"ဒီလူတွေ ဘယ်ကပေါ်လာတာလဲ"*

ဟု ရေရွတ်လိုက်၏။

ဝိုင်းရံထားသူများက တဖြည်းဖြည်းနီးကပ်လာ၏။ ထိုအခါ လူစုကို ဦးဆောင်လာသည့် မုတ်ဆိတ်ဖြူနှင့် ခေါင်းတွင် ငှက်မွေး ငှက်တောင်များ ထိုးစိုက်ထားသော အဘိုးအိုက လက်တွင်းမှ ရွှေရောင် ကြိမ်လုံးကလေးကို ဝှေ့ယမ်းကာ ရပ်တန့်ရန် အချက်ပြလေ၏။

အဘိုးအို၏အကြည့်က စူးရဲလှ၏။ လဘာန်လနှင့် အထိမ်း



www.burmeseclassic.com

www.burmeseclassic.com



သမားသည် ဒူးများ တဆတ်ဆတ်တုန်ပြီး မြေပြင်သို့ ပြားပြားဝပ်ကာ

"ကျုပ်တို့ကို ချမ်းသာပေးပါ"

ဟု တောင်းပန်လေ၏။ ထိုအခါ တစ်ဖက်မှ အဘိုးအိုက မြန်မာစကားနှင့်ပင်

"သင်တို့လက်ထဲက သေနတ်လက်နက်တွေ ချပါ၊ ပြီးရင် ဒီနေရာကို ဘာကြောင့်ရောက်ရှိလာသလဲဆိုတာ အမှန်အတိုင်းပြောပါ၊ လိမ်လည်လှည့်ဖြားပြီး ပြောဆိုမယ့်ဆိုရင် သင်တို့အားလုံး ယောဒိကမရဏာရေအိုင်ထဲကို ဒုတိယအကြိမ် ပြန်ရောက်သွားမှာဖြစ်တယ်"

ဟု အမိန့်ပေးလေတော့၏။

အောင်ပွင့်နှင့် ဘကျော်သည် တစ်ဦးကိုတစ်ဦး ဖျတ်ခနဲကြည့်ရှမိကြ၏။ အဘိုးအို၏အမိန့်ကို မနာခံလျှင် မကြာမီ မြားတံများက သူတို့ထံ ပျားပိတုန်းများလို လွင့်ပျံလာတော့မည်ဖြစ်၏။

ထို့ကြောင့် အောင်ပွင့်က ဘကျော်ကို ခေါင်းညိတ်ပြပြီး

"လောလောဆယ် အညံ့ခံလိုက်ကြတာပေါ့၊ နောက်မှ မီးစင်ကြည့်ကကြမယ်"

ဟု ပြောလိုက်တော့၏။

* * *





တူးခေါင်သည် ယောတတို့နှင့်အတူ ရက်အနည်းငယ် နေထိုင်ခဲ့ရ၏။ သူသည် ဖခင်ကြီးကို ရှာဖွေရန် စိတ်စောနေလေရာ ယောတက

"ငါလူတွေဟာ ဒီနယ်မှာ နေရာအနှံ့အပြားကို လှည့်လည်ပြီး ကင်းထောက်နေကြတာဖြစ်တယ်၊ ဘာကြောင့် ဒီလိုကင်းထောက်နေသလဲဆိုရင် ကျောက်တောင်တွေဝန်းရံထားတဲ့ ငါတို့ဒေသက ရွှေတွေကို ကံကြမ္မာဖတ်ဆရာကြီးရဲ့မိသားစုက အပြင်လောကကို ထုတ်ယူဖို့ ကြိုးစားနေတယ်လို့ သတင်းရထားတယ်၊ သူတို့ခြေလှမ်းကို ငါတို့က ဦးအောင်သိ



www.burmeseclassic.com

www.burmeseclassic.com



ထားဖို့ လိုအပ်တဲ့အတွက် ကင်းထောက်နိုင်းထား ရတာပေါ့ကွာ၊ ငါ့ရဲ့ကင်းထောက်တွေက မင်းဖခင်ကို ကောင်းကောင်း စုံစမ်းပေးနိုင်လိမ့်မယ် ထင်တယ်၊ မင်းအနေနဲ့ဆိုရင် ဦးတည်ချက် ရေရေရာရာမရှိဘဲ ကောက်ရိုးပုံထဲပျောက်တဲ့အပ်ကို ရှာဖွေနေရသလို ဖြစ်မှာပဲ၊ မင်းဖခင်ရဲ့သတင်းကိုရရှိမှ ကြိုက်သလို လုပ်ပေတော့"

ဟု ပြောခဲ့၏။

ဤသို့ဖြင့် ရက်အနည်းငယ်မျှကြာမြင့်လာသောအခါ ကင်းထောက်တစ်ယောက်ထံမှ တူးခေါင်မျှော်လင့်နေသည့်သတင်းကို ရရှိ ၏။

ထိုအခါ ဟောတက တူးခေါင်ကို

"မင်းမျှော်ပါလာတဲ့ တောင်ကျချောင်းအတိုင်း ဆန်ပြီး ကုန်လမ်းက လူတစ်စု ခရီးနှင်နေတယ်လို့ သိရတယ်၊ လူသုံးယောက်ပါဝင်တဲ့ အဲဒီလူစုထဲမှာ မင်းပြောပြခဲ့တဲ့ ဦးဘမြရဲ့ပုံသဏ္ဍာန်မျိုးရှိတဲ့ လူကြီး တစ်ယောက်လည်း ပါဝင်တယ်လို့ဆိုတယ်"

ဟု ရှင်းပြ၏။

တူးခေါင်သည် ထခုန်မတတ် ဝမ်းသာသွား၏။ ဖခင်အတွက်





မျှော်လင့်ချက်ပေါ်လာပြီ မဟုတ်ပါလား။ သူသည် ထိုရက်ပိုင်းအတွင်း ဟောတထံမှ ထိုနယ်မြေဒေသ၏ မြေအနေအထားများကို ကောင်းစွာမှတ်သားခဲ့ရ၏။

ထို့ကြောင့် သူ့အတွက် လမ်းပြမပါရှိဘဲ ကောင်းစွာသွားနိုင်အောင် နယ်မြေအနေအထားကို ခန့်မှန်းမိနေပြီဖြစ်၏။

ဟောတက ခရီးဆက်မည့်တူးခေါင်အတွက် သူတို့ကဲ့သို့ သားမွေးဝတ်ရုံရှည်ကြီးဝတ်ဆင်စေကာ ဒူးလေးတစ်လက်နှင့် မြားကျည်တောက်ကိုပါ ပေးလေ၏။

ပြီးနောက် ဟောတက တိုက်ပွဲဝင်ရာတွင် အသုံးပြုခဲ့သော ကြေးခရာရှည်ကလေးကိုလည်းတူးခေါင်၏ခါးတွင် ချိတ်ဆွဲပေးကာ

"မင်းအတွက် အခက်အခဲရှိတဲ့အချိန်မှာ ဟောဒီ ကြေးခရာကလေးကိုမှုတ်ပြီး ဆက်သွယ်ပါ၊ ငါတို့လူတွေနဲ့ နီးစပ်နေရင် အကူအညီပေးလို့ရတယ်၊ ပြီးတော့ ကြုံကြိုက်လာခဲ့လို့ ကျောက်တောင်ကြီးတွေနဲ့သားက ရေကန်ကျယ်ကြီးကို ဖြတ်သန်းမယ်ဆိုရင် ရေကန်ထဲမှာ လူကို ကောင်းကောင်းဒုက္ခပေးနိုင်တဲ့ မြွေကြီးတွေ၊ အသားစားငါးတွေရန်က ကာကွယ်ဖို့ နည်းလမ်းတစ်ခုကိုလည်းပေးလိုက်မယ်၊ အဲဒါက ရေကန်ကျယ်ကြီးရဲ့အစပ်မှာ ပေါက်ရောက်နေတဲ့



www.burmeseclassic.com

*ချုံပုတ်ကလေးတွေက အဝါရောင် အသီးတွေကိုခွဲပြီး အထဲက အဆီလို မှစ်ချွဲချွဲအရာတွေကို ကိုယ်ခန္ဓာမှာ သုတ်လိမ်းသွားရင် မင်းအနံ့အနားကို ဘာကောင်မှ ကပ်လာမှာမဟုတ်ဘူး”*

ဟု မှာလေ၏။

ထိုအခါ တူးခေါင်သည် ယောတ၏စစ်သည်များ၊ ထိုနည်းလမ်းနှင့် ရေကန်ကိုဖြတ်၍ လှျို့ဝှက်ချီတက်ခဲ့သည်ကို အမှတ်ရမိ၏။

ထို့နောက် တူးခေါင်သည် ယောတနှင့် နောက်လိုက်နောက်ပါအားလုံးကို နှုတ်ဆက်၍ လက်နက်၊ ရိက္ခာအစုံအလင်နှင့် ခရီးထွက်ခဲ့၏။

သူသည် ယောတ၏လမ်းညွှန်မှုအတိုင်း သွားလာခဲ့ရာ နောက်ဆုံးတွင် တောင်ကျချောင်း၏ ကမ်းနံဘေးသို့ရောက်လာခဲ့၏။

မိမိကလည်း ဖခင်ကြီးကို တောင်ကျချောင်းအတိုင်း စုန်၍ရှာဖွေရန် စဉ်းစားခဲ့သလို ဖခင်ကြီးသာ အသက်ထင်ရှားရှိလျှင် မိမိကိုလည်း တောင်ကျချောင်းအတိုင်း ဆန်၍ရှာဖွေမည်သာဖြစ်၏။

မကြာမီ မှဆိုးတစ်ပိုင်းဖြစ်ကာ ခြေရာကောက်ကျွမ်းကျင်လှသော တူးခေါင်သည် လူအချို့ ဖြတ်သန်းသွားလာခဲ့ပြီး စခန်းချခဲ့ရာ အမှတ်အသားများကို တောင်ကျချောင်းနံဘေးတွင် တွေ့ရှိရ၏။

တူးခေါင်သည် ထပ်မံ၍ သတိထားကာကြည့်ရှုလေရာ သူ့





အတွက် အဖိုးမဖြတ်နိုင်အောင်ရှိနေသော အမှတ်အသားများကို ဝမ်းမြောက်စွာ တွေ့ရှိလိုက်ရ၏။

တူးခေါင်၊ ဖခင်နှင့် မဂမ်ယူတို့သာ သိရှိနားလည်သည့် အမှတ်အသားအဖြစ်သစ်ပင်ကြီးတို့တွင် ဓါးထစ်ရာများကို တွေ့ရ၏။

ထိုဓါးထစ်ရာများမှာ ဖခင်ကြီး၏ လက်ရာသာဖြစ်ရပေမည်။ ဓါးထစ်ရာများက ခရီးလမ်းကြောင်းကို ဖော်ပြနေလေရာ ဖခင်ကြီးသည် တောင်ကျချောင်းအတိုင်း ဆန်၍သွားလာနေခြင်းဖြစ်ကြောင်း သိရ၏။

တူးခေါင်သည် လမ်းတစ်လျှောက် အမှတ်အသားများကို ရှာဖွေ၍ ခရီးပြင်းနှင်လေတော့၏။

တစ်နေရာသို့အရောက်တွင် တူးခေါင်သည် သစ်ပင်ကြီးတစ်ပင်ထက်သို့ တက်၍ ခရီးလမ်းအခြေအနေကို ကြည့်ရှုလေရာ သူ၏ရှေ့တစ်မိုင်အကွာအဝေးရှိ တောအုပ်အတွင်းမှ မီးခိုးတလူလူကို တွေ့လိုက်ရ၏။

ရာသီဥတုက သာယာနေသောကြောင့် ထိုကဲ့သို့ ကံကောင်းထောက်မစွာ တွေ့လိုက်ရခြင်းဖြစ်၏။ တူးခေါင်သည် စိတ်အားတက်ကြွပြီး ချက်ချင်းပင် ထိုနေရာသို့ ထွက်ခွာလေ၏။

အတန်ကြာလျှင် တူးခေါင်သည် လှျိုတစ်ခုထဲမှ ဖြတ်၍ကျော်လာရာ သူ့ရှေ့မှ ရိပ်ခနဲဖြတ်သန်းသွားသော အဖြူရိပ်ကလေးရိပ်ကို

www.burmeseclassic.com



တွေ့လိုက်ရ၏။

အဖြူရိပ်က လျှင်မြန်ဖျတ်လတ်စွာနှင့် တူးခေါင် ဦးတည်ရာ မီးခိုးတန်း ထွက်ပေါ်ရာသို့ သွားလာနေသည်ကို သတိပြုမိ၏။

တူးခေါင်လည်း မလှမ်းမကမ်းမှ ခွာ၍လိုက်ပါလာခဲ့၏။ အဖြူရိပ်သည် တူးခေါင်ကို သတိပြုမိဟန်မရှိဘဲ ခရီးဆက်နေ၏။

နောက်ဆုံးတွင် တောင်စောင်းတစ်ခုရှိ ကျောက်ဆောင် ထူထပ်ရာနေရာကို ကျော်လွန်ပြီး မြေပြန့်တစ်နေရာတွင် လူတစ်စု သည် မီးပုံကြီး ဖို၍ နေ့လယ်စာကို စားသောက်နေဟန်ရှိသည်ကို တွေ့လိုက်ရ၏။

ထိုအချိန်၌ အဖြူရိပ်က ကျောက်ဆောင်များကို အကာအကွယ် ပြုပြီး ပုန်းလျှိုးကွယ်လျှိုးနှင့် လူစုထံ ခြောင်းမြောင်းနေပြီဖြစ်၏။

တူးခေါင်သည် ထိုသူ၏နောက်ကျောသို့ရောက်ရှိပြီး သေချာစွာ အကဲခတ်မိ၏။ အဖြူရိပ်သည် အဖြူရောင်သင်တိုင်းရှည်ကို ဝတ်ဆင်ထားလေရာ ပောတတို့၏ရန်သူတော် ကံကြမ္မာဖတ် ဆရာကြီး၏လူတစ်ယောက်ဖြစ်ရပေမည်။

ထို့ကြောင့် တူးခေါင်က အချိန်မဆိုင်းဘဲ အဖြူရိပ်ထံ ပြေးဝင်၍ လက်ရဖမ်းဆီးရန် ကြိုးစားလိုက်၏။

သူသည် လွှားခနဲ ခုန်လွှား၍ အဖြူရိပ်နှင့် လုံးထွေးသွား၏။ သို့သော် ရုတ်ခြည်းပင် တူးခေါင်သည် ထင်မှတ်ထားသလို





မဟုတ်ဘဲ မိန်းမပျိုတစ်ယောက်မှန်းသိလိုက်ရ၏။

မိန်းမပျိုသည် တူးခေါင်နှင့်လုံးထွေးရင်း နက်မှောင်သော ဆံပင်တို့ ပြေလျော့သွား၏။ သူမက လျှင်မြန်စွာပင် တူးခေါင်၏ ချုပ်ကိုင်မှုကို လျှောခနဲလွတ်ထွက်သွားအောင် ပြုလုပ်၏။

တူးခေါင်က အံ့သြတကြီးနှင့်

*"မင်း... မင်းကို ငါတွေ့ခဲ့ဖူးတယ်"*

ဟု ရေရွတ်လိုက်၏။

တစ်ခါက မဂမ်ယူနှင့်တောလည်ရင်း သစ်နက်ကို မပစ်ခတ်ရန် ဟန့်တားခဲ့သည့် မိန်းမပျိုဖြစ်၏။

ထိုအချိန်၌ စခန်းချနေသူများက တူးခေါင်တို့ကို မြင်တွေ့သွား၏။ အမှန်ပင် ထိုသူများမှာ ဦးဘမြဲတို့ဖြစ်၏။

တူးခေါင်၏စကားမဆုံးမီပင် မိန်းမပျိုက

*"ရှင်တို့ကရော ဘာကြောင့် ဒီနယ်ထဲရောက် လာတာလဲ"*

ဟု မေးမြန်းရင်း တဆက်တည်းပင် တိုက်ခိုက်ရန် ပြေးဝင် လာ၏။

တူးခေါင်က မိန်းမပျို၏တိုက်ခိုက်မှုကို ရှောင်တိမ်းရင်း

*"ငါတို့ ဒီနယ်ထဲရောက်လာပေမဲ့ ဘယ်သူ့ကိုမှ နှောင့်ယှက်ဒုက္ခပေးမှာမဟုတ်ပါဘူး"*



www.burmeseclassic.com

www.burmeseclassic.com



ဟု ရှင်းပြရ၏။

သို့သော် မိန်းမပျိုမှာ ကျွန်းရဲမလေးလိုပင် တူးခေါင်ကို အဆက်မပြတ် တိုက်ခိုက်လျက်သာရှိ၏။ သူမ၏ ခြောင်းမြောင်းနေမှုကို တူးခေါင်က တွေ့ရှိသွား၍ ဒေါမာန်ထနေဟန်လည်းတူ၏။

ထိုအခိုက် သေနတ်သံတစ်ချက် ဒိုင်းခနဲကျယ်လောင်စွာ ထွက်ပေါ်လာပြီး ဦးဘမြကာ

*"ငါ့သား… ဒီတစ်ခါတော့ ကံကြမ္မာက တို့ကို မျက်နှာသာပေးလိုက်တာပဲ"*

ဟု အော်ဟစ်ပြောဆိုလေ၏။

သေနတ်သံကြောင့် မိန်းမပျို၏တိုက်ခိုက်မှုက ရပ်တန့်သွား၏။ ဦးဘမြက မိန်းမပျိုကို စူးစိုက်ကြည့်ပြီး

*"မိန်းကလေး… ကျုပ်တို့ဟာ လူကောင်းတွေပါ"*

ဟု ပြောဆိုလေ၏။ မိန်းမပျိုကမူ တူးခေါင်ထံ လက်ညှိုးညွှန်ပြီး

*"လူကောင်းတွေဆိုရင် သူ့ဆီက သားမွေးဝတ်ရုံရှည်က ဘယ်လိုရလာတာလဲ၊ ဒါဟာ ကျွန်မတို့ လူမျိုးစုတွေဝတ်ဆင်တဲ့ သားမွေးဝတ်ရုံဆိုတာ မြင်ရုံနဲ့သိတယ်၊ သူက ကျွန်မတို့လူမျိုးစုတစ်ယောက်ကိုသတ်ဖြတ်ပြီးဝတ်ရုံကိုအပိုင်သိမ်းလာတာဖြစ်မယ်"*





ဟု ပြောလိုက်ရာ တူးခေါင်က ဟက်ခနဲရယ်ကာ

*"ဒါဆိုရင် ဟောတကိုတော့ မင်းသိမှာပေါ့၊ ဟောတက ငါ့အတွက် မိတ်ဆွေကောင်းတစ်ယောက်အဖြစ် သက်သေပြရင်း ဟောဒီဝတ်ရုံကြီးကို လက်ဆောင်ပေးလိုက်တာပဲကွ၊ ပြီးတော့ ငါ့အထင်သာမှန်ကန်မယ်ဆိုရင် မင်းဟာ စာမရှိပဲဖြစ်ရမယ်"*

ဟု ဆိုလိုက်၏။

တူးခေါင်၏စကားကြောင့် မိန်းမပျိုနှင့်ထပ်တူပင် ဦးဘမြသည်လည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေတော့၏။

***



www.burmeseclassic.com

www.burmeseclassic.com



အောင်မွှင့်နှင့် ဘကျော်တို့၏မျက်လုံးများက အရောင်တဖျတ်ဖျတ် လက်နေကြ၏။ သူတို့နှစ်ဦး မရှုယ်ဘဲနှင့် စော်ကဲမင်းဖြစ်ချေပြီ။

သူတို့ရှေ့၌ များပြားလှသော ရွှေတုံးရွှေခဲကြီးက ရှိနေ၏။ ကံကြမ္မာဖတ်ဆရာကြီးက သူတို့ကို

"ဒါဟာ ရွှေသိုက်ထဲက ရွှေတုံးရွှေခဲတွေ အကုန်လုံးပဲ၊ ဒီဟာတွေ အသုံးပြုပြီး ကျုပ်တို့လူမျိုးစု ချမ်းသာကြွယ်ဝစွာ စည်းစိမ်ခံစားနိုင်တော့မယ်၊ မောင်ရင်တို့ဟာ အပြင်လောကသားတွေဖြစ်တဲ့ အတွက် ကျုပ်က ပူးပေါင်းချင်တယ်၊ မောင်ရင်တို့ အတွက် အသက်ဆေးက လွှတ်တဲ့အပြင် အကျိုး ကျေးဇူးကြီးကြီးမားမားလည်း ရရှိလိမ့်မယ်၊ ဒီရွှေ





တွေကို အပြင်လောကနဲ့ အဆက်အသွယ်ပြီး ရောင်းချတဲ့အခါ မောင်ရင်တို့က အကူအညီပေးရမယ်၊ မောင်ရင်တို့ရဲ့ သေနတ်လက်နက်တွေကို အသုံးပြုပြီး ဘေးအန္တရာယ်တွေကို ကာကွယ်ပေးရမယ်"

ဟု ပြောဆိုနေလေ၏။

အောင်မွှင့်တို့မှာမူ ၎င်း၏စကားကို ကြားတစ်ချက်၊ မကြားတစ်ချက်ရှိနေ၏။

သူတို့နှစ်ဦး၏အတွေးအာရုံထဲတွင် မျက်လုံးရှေ့မှ ရွှေပုံကြီးက စိုးမိုးထား၏။

ကံကြမ္မာဖတ်ဆရာကြီးက သူတို့ကို သစ်လုံးအိမ်တစ်ဆောင်တွင် နေရာချထားကာ ကောင်းစွာစည့်ခံ၏။ လဘာန်လနှင့် အထမ်းသမားမှာ သူတို့၏အစေအပါးအဖြစ် ရှိနေဆဲပင်ဖြစ်၏။

အောင်မွှင့်နှင့် ဘကျော်သည် ထူးဆန်းသော တိုင်းပြည်တစ်ခုသို့ ရောက်ရှိနေသလို ခံစားမိ၏။ ထိုနေရာရှိ မိန်းမပျိုကလေးများ၏ အသားအရေက ဖြူဝင်းပြီး ချောမောပြေပြစ်၏။

ယောကျ်ားများမှာလည်း ရဲရင့်သန်စွမ်းဟန်ရှိသော်လည်း စိတ်နှင့် ကိုယ်မကပ်သလို တွေဝေငေးငိုင်စွာရှိနေကြ၏။ သို့သော် ထိုသူများသည် ကံကြမ္မာဖတ်ဆရာကြီး၏ အမိန့်ညွှန်ကြားချက်ကို တစ်သဝေ မတိမ်း လိုက်နာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာဖတ်ဆရာကြီးကမူ ကျောက်နံ့ရံတွင် အဆောင်ဆောင် အခန်းခန်းနှင့် လိုဏ်ဂူပေါင်းများထွင်းကာ နေထိုင်ကြ၏။

သူတို့လူမျိုးများအားလုံး အပူအပင်မရှိဘဲ နေထိုင်ကြသည်မှာ အထင်းသားရှိနေသော်လည်း ကံကြမ္မာဖတ်ဆရာကြီးကမူ တစ်စုံတစ်ရာအတွက် စိုးရိမ်ထိတ်လန့်နေဟန်ရှိ၏။

ညသို့ရောက်လျှင် ၄င်းက အောင်ပွင့်တို့ကိုခေါ်၍ စားသောက်ပွဲဖြင့် ဧည့်ခံကာ အစီအစဉ်အတိုင်း အသေးစိတ်ကို တိုင်ပင်လေ၏။

အောင်ပွင့်တို့ကမူ ကံကြမ္မာဖတ်ဆရာကြီး၏ဆန္ဒအတိုင်း လိုက်လျောနေသော်လည်း အတွင်းစိတ်က ရွှေများကို အပိုင်စီးရန် အကွက်ချနေကြပြီ ဖြစ်၏။

ထိုအချိန်၌ သစ်လုံးအိမ်တွင်ရှိနေသည့် လဘန်လနှင့် အထမ်းသမားတို့ထံ သားမွေးဝတ်ရုံရှည်ကို ခြုံလွှမ်းထားသူတစ်ဦး ရောက်ရှိလာ၏။

ထိုသူက အိမ်တွင်းသို့ရောက်လျှင် ဆီမီးတိုင် အလင်းရောင်နှင့် အတွင်းသို့ ဝေ့ဝဲကြည့်ရှုပြီး

*"လဘန်လ၊ အောင်ပွင့်တို့တော့ ပျော်ပွဲခံနေပြီ ထင်တယ်"*

ဟု ပြောလေ၏။

လဘန်လက ထိုသူကို စူးစိုက်ကြည့်၍ မျက်လုံးကို ပွတ်သပ်





ကာ

*"မင်း ဘယ်သူလဲ"*

ဟု မေးမြန်း၏။

ထိုသူက သားမွေးဝတ်ရုံကြီးကို ဖယ်လိုက်ပြီး

*"ငါ့ကိုတောင် မမှတ်မိတော့ဘူးလားကွ"*

ဟု ဆိုလေရာ အထမ်းသမားသည် ခုန်၍ထလိုက်ပြီး ထိတ်လန့်တကြားနှင့်

*"မဂမ်ယူ... မဂမ်ယူရဲ့ဝိညာဉ်"*

ဟု အော်ဟစ်လေတော့၏။ မဂမ်ယူက ထိုသူ၏ပါးစပ်ကို လက်ဖြင့်ပိတ်၍

*"နေစမ်းပါကွာ၊ မင်းအော်သံကို အပြင်ကကြား သွားရင် အားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်၊ ငါက လူအစစ်ပါကွ"*

ဟု ပြောဆိုလိုက်၏။ လဘန်လက မဂမ်ယူကို မျက်လုံးကြီး အပြူးသားနှင့်ကြည့်ပြီး

*"မင်း တကယ်မသေဘူးနော်၊ မင်းရဲ့ဝက်စွယ် လည်ဆွဲနဲ့ ဒူးလေးကို ငါကိုယ်တိုင် ချောင်းစပ်မှာတွေ့ ခဲ့တာပဲ"*

ဟု ပြောလေရာ မဂမ်ယူက တည်ငြိမ်စွာဖြင့်



www.burmeseclassic.com

"ငါဟာ အောင်ပွင့်တို့ကို မုန်းတီးသလို မင်းတို့လည်း ငါနဲ့အတူတူပဲလို့ ထင်တယ်၊ သူတို့ကို ငါ ကောင်းကောင်းကြီး လက်စားချေချင်တယ်ကွ၊ ဒါကြောင့် သေသေချာချာစဉ်းစားပြီး သေဆုံးသွားချင်ယောင်ဆောင်လိုက်တာပဲ၊ ငါဟာ ဦးဘမြဲတို့သားအဖရဲ့အဖြစ်ဆိုးတွေကို မြင်တွေ့ခဲ့သလို တစ်ချိန်လုံး မင်းတို့နောက်မှာ အရိပ်လိုရှိနေတာပဲ၊ အောင်ပွင့်တို့ဟာ တစ်ချိန်ချိန်မှာ တို့အပါအဝင် ဦးဘမြဲတို့သားအဖကို ယုတ်မာကောက်ကျစ်တဲ့အကြံဉာဏ်တွေ သုံးလိမ့်မယ်ဆိုတာ ကြိုတွေးမိခဲ့တယ်၊ ဒါကြောင့် သူတို့ရဲ့အကြံကို ဟန့်တားနိုင်အောင် ငါက ကိုယ်ယောင်ဖျောက်ပြီး အရိပ်လိုကပ်ပါနေတာပဲ၊ ဒါပေမဲ့ အခုတော့ အားလုံး ကစဉ့်ကလျားတွေဖြစ်ပြီး တူးခေါင်နဲ့ဦးဘမြဲလည်း သေမှန်း၊ ရှင်မှန်းမသိ ဖြစ်နေရပြီ၊ ငါကတော့ ဒီကောင်တွေကို မဖြစ်ဖြစ်တဲ့နည်းနဲ့ လက်စားချေမှာပဲ"

ဟု ဆိုလေ၏။ လဘန့်လက တစ်စုံတစ်ရာကို စဉ်းစားမိပြီး

"ဒီနေရာကိုရောက်ဖို့ ကျောက်တောင်ကြီး တစ်ခုမှာ လှိုဏ်ဂူ ဥမင်လမ်းဖောက်ထားတယ်၊





ဒီနေရာမှာလည်း အစောင့်အရှောက်တွေ ချထားတယ်ကွ၊ မင်းဘယ်လိုလုပ်ရောက်လာတာလဲ"

ဟု မေးမြန်းလိုက်၏။ မဂမ်ယူက

"နွယ်ကြိုးတွေကို အသုံးပြုပြီး ကျောက်တောင်ကြီးကို သက်စွန့်ဆံဖျား ဖြတ်ကျော်လာရတာပေါ့ကွာ၊ ဒီကိုရောက်တော့ တောထဲမှာ ငါ့အတွက် နိုအောင်းစရာတွေက ပေါပါတယ်၊ ဒါတွေကို ထားပေတော့၊ လောလောဆယ် မင်းတို့ဆီကို ဟိုလူတွေအလစ်မှာ ငါလာပြီး ဆက်သွယ်မယ်၊ သူတို့ဘာတွေကြံစည်နေသလဲသိရင် တို့ဘက်က သူတို့ကို တုံ့ပြန်ဖို့နည်းလမ်းရှာရမှာပေါ့၊ အရေးကြုံရင် မင်းတို့သတ္တိမကြောင်ဖို့လိုတယ်"

ဟု မှာလေ၏။

ထိုအချိန်တွင် အကောင်းဆုံး စားသောက်ဖွယ်ရာများနှင့် ဇရက်မင်း စည်းစိမ်ကိုခံစားနေသော အောင်ပွင့်တို့ကို ကံကြမ္မာဖတ်ဆရာကြီးက အကြံအစည်တစ်ခုကို ပြောဆိုနေလေ၏။

၄င်းက ရွှေတုံးရွှေခဲများကို ပြင်ပသို့သယ်ဆောင်ရန် အနှောင့်အယှက်ရှိနေကြောင်း၊ ထိုအနှောင့်အယှက်မှာ ဟောတခေါင်းဆောင်သော လူစုသာဖြစ်ကြောင်း၊ ထိုလူစုကို လက်ဦးအောင်တိုက်ခိုက်၍



www.burmeseclassic.com

www.burmeseclassic.com



ဦးစွာနှိမ်နင်းမှသာ သူတို့အတွက် အနှောင့်အယှက်ကင်းမည်ဖြစ်ကြောင်း ပြောဆိုကာ

"မင်းတို့ရဲ့ သေနတ်လက်နက်တွေနဲ့ဆိုရင်
သူတို့ကို ကောင်း ကောင်း နှိမ်နင်းနိုင်မှာပါ"

ဟု အကူအညီတောင်းလေတော့၏။

###

သရဖီလှိုင်စာပေ
အမှတ် (၇)၊ အသောကလမ်း၊ ကျောက်မြောင်း၊
ရန်ကုန်မြို့။

သရဖီလှိုင်စာပေ



ဟောတ၏မျက်နှာမှာ တင်းမာခက်ထန်နေ၏။ သူ့ထံသို့ မကြာမီက ဆတ်သားတစ်ဦးနှင့်အတူ သတင်းစကားအချို့ ရောက်ရှိလာ၏။

ကံကြမ္မာဖတ်ဆရာကြီးနှင့် နောက်လိုက်များ သူတို့ထံ ဦးတည်ချီတက်လာနေပြီဆိုသည့်အကြောင်း ဖြစ်၏။ ထိုသူများနှင့်အတူ သေနတ်လက်နက်များ ကိုင်ဆောင်သည့် လူစိမ်းနှစ်ယောက်လည်း ပါရှိလာသည်ဟု သိရ၏။

ထိုလူစိမ်းများမှာ တူးခေါင်တို့ကို အကောက်ကြံလိုက်သူများသာ ဖြစ်ရမည်ဟု ခန့်မှန်းမိ၏။

သရဖီလှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟောတာက အံ့ကြိတ်ပြီး နောက်လိုက်များကို

"ရန်သူကို ခုခံဖို့ အသင့်ပြင်ထားပါ၊ ဒီတိုက်ပွဲဟာ ငါတို့အတွက် အရေးကြီးတဲ့ အဆုံးအဖြတ်ကို ပေးလိမ့်မယ်"

ဟု အမိန့်ပေးလိုက်တော့၏။

ထိုအချိန်၌ လူတစ်စုသည် အကာအကွယ်နေရာမှ တစ်စုံတစ်ရာကို ချောင်းမြောင်းကြည့်ရှုနေကြ၏။ သူတို့လူစုသည် တောင်စောင်းတစ်ခုတွင် ပြားပြားဝပ်ကာ အနီမှိုင်းလျှိုထဲမှ ဖြတ်သန်းသွားလာနေသော ကံကြမ္မာဖတ်ဆရာကြီးနှင့် နောက်လိုက်နောက်ပါများကို ကြည့်ရှုနေကြခြင်းဖြစ်၏။

အောင်ပွင့်နှင့်ဘကျော်မှာ ရှေ့ဆုံးမှနေ၍ ရင်ကော့၍ သွားလာနေ၏။ ချောင်းမြောင်းကြည့်ရှုနေသူများမှာ တူးခေါင်၊ ဦးဘမြနှင့် စာမရီဟူသော မိန်းမပျိုတို့ဖြစ်၏။

တူးခေါင်သည် အောင်ပွင့်တို့ကို မြင်တွေ့လျှင် ရိုင်ဖယ်ကို ဆုပ်ကိုင်ထားသောလက်က အလိုအလျောက် မောင်းတင်မိ၏။

ဦးဘမြက တူးခေါင်၏ပခုံးကိုပုတ်၍

"စိတ်ကိုထိန်းထားပါ၊ အချိန်မတန်သေးဘူး၊ အောင်ပွင့်တို့က ဟိုလူတွေနဲ့ ပူးပေါင်းသွားပြီကိုး"

ဟု ရေရွတ်လေရာ စာမရီက နှုတ်ခမ်းကို တင်းတင်းစေ့ကာ





"ကံကြမ္မာဖတ်ဆရာကြီးဟာ လူမျိုးစု စစ်သည်တွေကို မူးယစ်ရီဝေစေတတ်တဲ့ဆေးတွေ တိုက်ကျွေးပြီး ထိန်းချုပ်စေခိုင်းနေတာပဲ၊ ဒါကို ဘယ်လိုမှ လက်မခံနိုင်ဘူး၊ ပြီးတော့ ရွှေသိုက်ဟာ အပြင်လောကကို ပေါက်ကြားသွားရင် လူမျိုးစုတွေရဲ့ တည်ငြိမ်အေးချမ်းမှုတွေကို ထိပါးလာလိမ့်မယ်၊ သူတို့ရဲ့လုပ်ရပ်ကို အစွမ်းကုန် ဟန့်တားရမယ်"

ဟု ဆိုလေ၏။ ထိုအခါ တူးခေါင်က

"ဟောတာလည်း မင်းလိုပဲ ခံယူထားတယ်၊ ကံကြမ္မာဖတ်ဆရာကြီးနဲ့ နောက်လိုက်တွေ ဒီလိုသွားလာနေတာ အကြောင်းတစ်ခုခုရှိလိမ့် မယ်၊ အဲဒီအကြောင်းကလည်း ဟောတာတို့စခန်းကို တိုက်ခိုက်ဖို့ပဲဖြစ်မှာပါ၊ တကယ်ဆိုရင် ဟောတာဟာ ကျုပ်ရဲ့ကျေးဇူးရှင်ပါ၊ ကျုပ်တို့ သားအဖနှစ်ယောက် ဆုံတွေ့ဖို့လည်း သူပဲ ကူညီခဲ့တာပဲ၊ အခု ကျုပ်ဘက်ကပြန်ပြီး အကူအညီပေးချင်တယ်"

ဟု ပြောလိုက်ရာ ဦးဘမြက

"စာမရီရဲ့သဘောထား ဘယ်လိုရှိသလဲ"

ဟု မေးမြန်းလေ၏။ စာမရီက



www.burmeseclassic.com

"ယာတဟာ ဒီလူစုကို ရင်ဆိုင်နိုင်မှာပါ၊ ဒီအချိန်မှာ ကျောက်တောင်ဒေသမှာ အစောင့်အရှောက်နည်းပါးနေလိမ့်မယ်၊ ဒါဟာ ကျွန်မတို့အတွက် အခွင့်ကောင်းပဲ၊ အဲဒီနေရာကို အပိုင်စီးပြီး ထိန်းချုပ်ထားရမယ်၊ ကျွန်မတို့လူမျိုးစုတွေကို ကျွန်မ စည်းရုံးနိုင်လိမ့်မယ်ထင်တယ်၊ ပြီးတော့ ကျွန်မရပ်ရွာက ထွက်ခဲ့တာ ဒီနေ့ဆိုရင် တစ်နှစ်တိတိပြည့်ပါပြီ၊ စာမရီတစ်ယောက်ကို လူမျိုးစုတွေက ယုံကြည်အားထားသလို စာမရီဟာလည်း လူမျိုးစုတွေရဲ့ကောင်းကျိုးအတွက် တာဝန်အပြည့်ရှိတယ်၊ တကယ်ဆိုရင် ဒီလိုထုံးတမ်းအစဉ်လာတွေဟာ တစ်ခါတစ်ရံမှာ အမှန်တွေနဲ့လွဲချော်နေတတ်တာပါ၊ စာမရီတစ်ယောက်ကို ဒီလို ရွေးချယ်ခဲ့တော့ ဘာတွေထူးခြားလာမှာလဲ၊ ကျွန်မဟာ အဲဒီတင်းကျပ်တဲ့ စည်းကမ်းတွေကြောင့် အရွယ်ရောက်တဲ့အထိ သာမန်မိန်းကလေး တစ်ယောက်ရဲ့လွတ်လပ်မှုမျိုးတွေ ပျောက်ဆုံးခဲ့ရတယ်၊ တစ်နှစ်တိတိ တောထဲမှာ မိန်းမပျိုကလေးတစ်ယောက်တည်း လှည့်လည်နေရတာလည်း တကယ့်ကို အန္တရာယ်တွေနဲ့ ပြည့်နှက်နေတာပါ၊ ကျွန်မဟာ





ရပ်ရွာကထွက်လာကတည်းက ထင်မှတ်ဘဲ ကျောက်တောင်ပြိုကျတဲ့ ဒဏ်ရာတွေရပြီး သေဆုံးမလိုဖြစ်နေတဲ့ သစ်နက်တစ်ကောင်ကို ဆေးဝါးကုသပေးခဲ့ရတယ်၊ အဲဒီသစ်နက်ဟာ ကံကောင်းထောက်မစွာနဲ့ ရှင်သန်ခဲ့ပြီး တစ်ချိန်လုံး အခြားတောရိုင်းတိရစ္ဆာန်တွေရဲ့အန္တရာယ်က ကျွန်မကို ကာကွယ်ပေးခဲ့တယ်၊ သစ်နက်သာမရှိရင် ကျွန်မလည်း တစ်ချိန်တုန်းကပေါ်ပေါက်ခဲ့တဲ့ စာမရီလို ဘေးအန္တရာယ်တစ်ခုခုနဲ့တွေ့ပြီး ဒုက္ခရောက်နေလောက်ပါပြီ၊ နောင်တစ်ချိန်မှာ ကျွန်မတို့ လူမျိုးစုတွေရဲ့ စာမရီဆိုတာ ရှိတော့မှာမဟုတ်ပါဘူး၊ ကျွန်မလည်း သာမန်ဘဝနဲ့အချိန်တွေကုန်ဆုံးချင်ပါတယ်"

ဟု ပြောလေတော့၏။

သူတို့အားလုံး အတွေးကိုယ်စီနှင့် ငြိမ်သက်သွားကြ၏။ ဦးဘခြသည်လည်း မျက်လုံးအစုံရီဝေကာ တစ်ချိန်က စာမရီထံ စိတ်ကရောက်နေပေလိမ့်မည်။

ထိုစာမရီသည် တောထဲတွင် တစ်ကိုယ်တည်း မျက်စိလည်လမ်း မှားကာ အဖျားရောဂါခံစားနေရသည့်သူ့ကို ကယ်တင်ခဲ့၏။ ထို့နောက် ကျောက်တောင်ကြီးထဲသို့ လျှို့ဝှက်လမ်းတစ်ခုအတိုင်း



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဆောင်လာစဉ် ထိုလမ်းသည် ရွှေသိုက်တည်ရာဖြစ်နေကြောင်း သိရ၏။

စာမရီနှင့်သူသည် ထိုနေရာတွင်နေထိုင်ရင်း သံယောဇဉ်ငြိတွယ်ခဲ့၏။ သူတို့၏ချစ်ခရီးက ရှေ့ဆက်ရန်မဖြစ်နိုင်ကြောင်း၊ တင်းကျပ်သည့် စည်းကမ်းများနှင့်နေထိုင်ရသော စာမရီက ကြေကွဲစွာ ညည်းညူခဲ့၏။

သို့သော် သူနှင့်စာမရီတို့ သေကွဲကွဲရန်အကြောင်းက ဖန်လာ၏။ စာမရီသည် လူမမာအတွက် တောထဲတွင် အစာရှာဖွေရင်း မြွေဆိုးရန်ကြောင့် အဆိပ်သင့်ခဲ့၏။

သူမသည် မသေခင် သူ့ထံသို့ အရောက်ပြန်လာနိုင်ခဲ့၏။ ထိုအချိန်က သူ့အတွက် ကြေကွဲဝမ်းနည်းဖွယ်ရာအတိသာဖြစ်၏။

ရွှေသိုက်သည် သူ့အတွက် ကျောက်တုံးကျောက်ခဲသာ ဖြစ်သွား၏။ စာမရီမသေခင် လမ်းညွှန်ခဲ့သည့်အတိုင်း သူ၏အပြန်ခရီးမှာ ချောမောခဲ့လေ၏။

သူ့အတွက် အမှတ်တရအနေနှင့် ရွှေတုံးရွှေခဲအချို့ကို ယူဆောင်ခဲ့သော်လည်း အတိတ်၏ကြေကွဲဖွယ်ရာများကို အသစ်ဖြစ်မည်စိုး၍ ထိုနေရာသို့ နောက်တစ်ဖန် ခြေမချရန် ဆုံးဖြတ်ခဲ့၏။

ယခုတော့ ခြေပြန်ချဖြစ်ရုံမျှမက အခြားစာမရီတစ်ယောက်၏ ရင်တွင်းစကားများကို ကြားနေရပေပြီ။





တူးခေါင်သည် ဖခင်ကိုကြည့်၍ ကိုယ်ချင်းစာမိ၏။ ထို့နောက် ငြိမ်သက်နေသော စာမရီကို

*"မကြာခင် မင်းတို့လူမျိုးစု ငြိမ်းချမ်းတော့မှာပါ၊ အဲဒီတော့မှ မင်းရဲ့လူမျိုးစုတွေကို မင်းဖြစ်စေချင်တဲ့ဆန္ဒတွေ တဖြည်းဖြည်း အကောင်အထည်ဖော်ပြီး စည်းရုံးနိုင်မှာပါ"*

ဟု အားပေးလိုက်၏။ ထိုအခါ စာမရီက

*"တကယ်ဆိုရင် ဒီရွှေသိုက်ရဲ့ မူလပိုင်ရှင်ဟာ ဟိုးအရင်က စာမရီနဲ့ ဦးဘကြီးတို့ပဲဖြစ်တယ်၊ သူတို့ဟာ ရွှေသိုက်ကို အရင်ဆုံး တွေ့ရှိခဲ့တာမဟုတ်လား၊ အားလုံး ငြိမ်းချမ်းသွားရင် ရွှေသိုက်ကို ဦးဘကြီးစိတ်ကြိုက် စီရင်နိုင်ပါတယ်"*

ဟု ပြောလေတော့၏။

***



www.burmeseclassic.com

www.burmeseclassic.com



ဟောတ၏စခန်းသို့ ရှေ့ရှုချီတက်နေသော ကံကြမ္မာဖတ်ဆရာကြီးသည် တစ်စုံတစ်ရာကို မြင်တွေ့ကာ ကောင်းကင်ကိုမော့၍ ကြည့်ရှုလိုက်၏။

မကြာမီ အရှိန်အဟုန်နှင့် ပျံသန်းလာသော သိမ်းငှက်ကြီး တစ်ကောင်က သူ့ထံ ဝဲပျံ၍ ထိုးဆင်းလာ၏။

သိမ်းငှက်၏ ငွေကွင်းစွပ်ထားသောခြေထောက်တွင် စာရွက်ခေါက်တစ်ခုရှိ၏။ ကံကြမ္မာဖတ်ဆရာကြီးက မျက်မှောင်ကြုတ်ပြီး စာကိုဖတ်ရှုကာ ဒေါသအမျက်ခြောင်းခြောင်းထွက်သွားဟန်နှင့် အော်ဟစ်၍

"အခုချက်ချင်း ကျောက်တောင်ဒေသကို ပြန်ရမယ်"





ဟု အမိန့်ပေးလိုက်တော့၏။

အောင်ပွင့်နှင့် ဘကျော်မှာ အူကြောင်ကြောင်ဖြစ်သွားကြ၏။ အပြန်ခရီးတွင် ကံကြမ္မာဖတ်ဆရာကြီးက သူတို့ကို

"ကျုပ်တို့ ကျောက်တောင်ဒေသမှာ အခြေအနေတွေအားလုံး ပြောင်းလဲသွားပြီ၊ စာမရီပြန်ရောက်ပြီး ကျောက်တောင်ဒေသကို ထိန်းချုပ်ထားတယ်လို့ ကျုပ်ရဲ့မိသားစုဝင်တွေက သိမ်းငှက်နဲ့လျှို့ဝှက်စာပို့လိုက်တယ်၊ ဒီအတိုင်းဆိုရင် စာမရီဟာ ကျုပ်တို့ရဲ့ရွှေသိုက်ကိစ္စကို ဟန့်တားဖို့ အကြံရှိလိမ့်မယ်"

ဟု ပြောလေ၏။

အောင်ပွင့်တို့သည် လူမျိုးနွယ်စု၏ အထွဋ်အမြတ်ထားရာ စာမရီ၏ အကြောင်းကို ကြားခဲ့ပြီးဖြစ်၏။ ယခုတော့ သူတို့ ကောင်းစွာချယ်လှယ်ကာ ရွှေများကို ရယူနိုင်မည့်အရေးမှာ စာမရီကြောင့် ပျက်စီးရပေတော့မည်။

သူတို့လူစုသည် နောက်ကြောင်းပြန်လှည့်လာရာ ကျောက်တောင်ကြီးဆီသို့ ရောက်ရှိလာ၏။

မြက်ခင်းပြင်၌ သူတို့အားလုံး ရပ်တန့်မိချိန်တွင် ကျောက်တောင်ထက်မှ လူရိပ်တစ်ရိပ် ပေါ်ထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာဖတ်ဆရာကြီးက လေးသမားများကို အသင့်ပြင်ရန် အချိန်ပေးလိုက်သလို အောင်ပွင့်တို့ကလည်း ထိုသူကို သေနတ်များဖြင့် ချိန်ရွယ်လိုက်ကြ၏။

သို့သော် အောင်ပွင့်နှင့် ဘကျော်သည် ကျောက်တောင်ထက်မှ လူကို သေချာစွာမြင်တွေ့လိုက်လျှင် သေနတ်နှင့်ပစ်ခတ်ရန်ပင် မေ့လျော့ကာ ကြက်သေသေသွားကြ၏။

ကျောက်တောင်ထက်မှလူက ကျယ်လောင်စွာရယ်မောလိုက်ပြီး သူတို့ကို

"ကံကြမ္မာဖတ်ဆရာကြီး၊ လူမျိုးစုတွေအဲပေါ်မှာ ကောက်ကျစ်တဲ့ဉာဏ်နဲ့ ထိန်းချုပ်ပြီး လိုရာကို စေခိုင်းခဲ့တဲ့အပြစ်ကိုဝန်ခံရင် အသက်ချမ်းသာခွင့် ရလိမ့်မယ်၊ ဟိုလူယုတ်မာ အောင်ပွင့်တို့ဆရာတပည့် ကတော့ ယမမင်းဆီရောက်မှ အပြစ်ကိုဝန်ခံ ပေတော့"

ဟု ပြောဆိုလေ၏။

အောင်ပွင့်တို့နှစ်ယောက်မှာ ဆွေ့ဆွေ့ခုန်သွားသလို ကံကြမ္မာဖတ် ဆရာကြီးကလည်း မျက်နှာကြီးနီရဲကာ

"မင်း ဘယ်သူလဲ၊ ဘာကြောင့် ငါတို့နေရာကို ရောက်လာပြီး လူစွာလုပ်နေတာလဲ"



BURMESE CLASSIC .com



ဟု မေးမြန်းလေ၏။

ထိုအခါ အောင်ပွင့်က အော်ဟစ်ပြီး

"ဆရာကြီး... သူဟာ မဂမ်ယူဆိုတဲ့ မုဆိုးကောင်ပဲ၊ ကျုပ်တို့နဲ့ ခရီးအတူထွက်ခဲ့ပြီး သေဆုံးသွားပြီလို့ ထင်မှတ်ထားခဲ့တဲ့ကောင်ပဲ"

ဟု သတင်းပေးလိုက်၏။

ထိုအခါ ကံကြမ္မာဖတ်ဆရာကြီးက ရွှေကြိမ်လုံးကို ဝှေ့ယမ်း၍ လေးသမားများကို အချက်ပြလိုက်၏။

မြားတံများက ကျောက်တောင်ထက်ရှိ မဂမ်ယူထံ လွင့်ပျံလာလေ၏။

သို့သော် မဂမ်ယူက အမှုထားဟန်မရှိဘဲ ရယ်မောရင်းမှ လက်တွင်း၌ တစ်စုံတစ်ရာကို ဆုပ်ကိုင်ကာ မြက်ခင်းဆီသို့ ချိန်ရွယ်ဝှေ့ယမ်းလေ၏။

မဂမ်ယူ၏လက်တွင်းမှ စက်သေနတ်တစ်လက်သာရှိ၏။ မဂမ်ယူအတွက် ဦးဘမြ၏လက်ဆောင်ကောင်းဖြစ်၏။

အဆက်မပြတ်ပေါ်ထွက်လာသော စက်သေနတ်သံကြောင့် ကံကြမ္မာဖတ်ဆရာကြီးတို့လူစုနှင့် လေးသမားများ ဝရုန်းသုန်းကား ဖြစ်သွားကြ၏။

အောင်ပွင့်သည် မျက်လုံးပြူးကျယ်ကာ



www.burmeseclassic.com

www.burmeseclassic.com



*"ဒီကောင်က စက်သေနတ်တွေ ဘာတွေနဲ့ ပါလား"*

ဟု ရေရွတ်လိုက်၏။

ဘကျော်ကမူ အံကြိတ်၍ တစ်ချက်နှစ်ချက်မျှ သေနတ်နှင့် ပြန်လည်ပစ်ခတ်၏။ သို့သော် မိုးသီးမိုးပေါက်များလို ကျရောက်လာသည့် ကျည်ဆန်များကြောင့် နောက်သို့ ဒရောသောပါး ဆုတ်ခွာခဲ့ရ၏။

သို့သော် သူတို့အတွက် ဆုတ်ခွာခွင့်ရရန်ပင် အခွင့်အရေးမရှိသလိုဖြစ်သွား၏။ နောက်ဘက်တောအုပ်ဆီမှာ ညာသံပေး၍ ထွက်လာသော ယောတနှင့် စစ်သည်များကို ရင်ဆိုင်လိုက်ရသောကြောင့် ဖြစ်၏။

အောင်ပွင့်တို့သည် အခြေအနေမလှမှန်း ရိပ်မိသွားပြီဖြစ်၏။ ထို့ကြောင့် အကျိုးမဲ့ အသက်ကို အဆုံးရှုံးမခံနိုင်ကြလေရာ အသာပင် ကိုယ်ရှိန်သတ်၍ တိုက်ပွဲနှင့်လွတ်ကင်းရာသို့ ထွက်ရန်ပြင်ကြ၏။

သူတို့နှင့် မလှမ်းမကမ်းတွင် ကျောက်ဆောင်မြင့်တစ်ခုရှိ၏။ ထိုကျောက်ဆောင်မြင့်ကို ကျော်လွန်လျှင် ရေကန်စပ်နှင့် တောအုပ်ကြားသို့ရောက်ရှိကာ သူတို့လွတ်မြောက်နိုင်ပေမည်။

ထို့နောက် အောင်ပွင့်ကဦးဆောင်ပြီး ကျောက်ဆောင်ထက်သို့ ပြေးတက်လေ၏။





သူသည် အပေါ်သို့မရောက်မီပင် လူတစ်ယောက်က ဘွားခနဲ ပေါ်ထွက်လာပြီး ရင်ဝကို တည့်တည့်မတ်မတ်ကြီး အကန်ခံလိုက်ရကာ တလိမ့်ခေါက်ကွေး ပြုတ်ကျလာ၏။

သူ၏နောက်မှ ဘကျော်သည်ပင် မည်သို့မျှမတတ်နိုင်ဘဲ ရှိနေ၏။

ဘကျော်က လူရိပ်ကိုကြည့်ပြီး

*"ဩော်… မင်းတို့တစ်တွေက အသက်ပြင်းလှချေလား၊ ဒီတစ်ခါတော့ တကယ်သေရမှာပေါ့ကွာ"*

ဟု ကြိမ်းဝါးကာ သေနတ်နှင့်ထိုး၍ချိန်လိုက်၏။

လူရိပ်မှာ တူးခေါင်ဖြစ်၏။ တူးခေါင်က လျှင်မြန်စွာပင် ဘကျော်နှင့် လူချင်းပူးကပ်လိုက်ရာ ဘကျော်သည် ပစ်ခွင့်မသာတော့ချေ။

ဘကျော်၏ သေနတ်ကိုင်လက်ကလည်း တူးခေါင်၏ခါးမြှောင်ချက်မိ၍ သေနတ်သည်လည်း လွင့်စင်သွားပြီဖြစ်၏။

ဘကျော်က အံကြိတ်ပြီး

*"တွေ့ကြသေးတာပေါ့ကွာ"*

ဟု ကြိမ်းဝါးလေရာ တူးခေါင်က

*"ကျုပ်လည်း တွေ့ချင်နေတာ ကြာပြီဗျ"*

ဟု ပြောဆိုလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆောင်ထက်မှ နေရာကျဉ်းကျဉ်းကလေးတွင် သူတို့နှစ်ယောက် ပြင်းထန်စွာ တိုက်ခိုက်နေစဉ် အောင်ပွင့်သည် လူးလွန့်၍ ထလာ၏။

သူ၏လက်တွင်း၌ ခြောက်လုံးပြူးကို ဆုပ်ကိုင်ထားဆဲဖြစ်၏။ အောင်ပွင့်သည် ဘကျော်နှင့်တိုက်ခိုက်နေသော တူးခေါင်ထံ အကြည့်ရောက်သွားကာ မဲ့ပြုံးပြုံး၍

*"ဪ... တူးခေါင်၊ မင်းက မသေသေးပဲကိုး၊ ငါ့ကိုတောင် တိုက်ခိုက်လိုက်သေးတယ်၊ ဒီတစ်ချီတော့ မင်း တကယ်သေရတော့မှာပေါ့ကွာ"*

ဟု ရေရွတ်လိုက်၏။

အောင်ပွင့်သည် သေနတ်ကို တူးခေါင်ထံ ချိန်ရွယ်၍ မောင်းကို ဖြုတ်ချလိုက်၏။

အဖြစ်အပျက်က လျှင်မြန်စွာပင်၊ ထိုအချိန်၌ ဘကျော်သည် တူးခေါင်ထံ လွှားခနဲ ခုန်ဝင်သွားသည်နှင့် အံကိုက်ဖြစ်နေ၏။

ဘကျော်သည် မထင်မှတ်ဘဲ ကျည်လမ်းကြောင်းတွင် ကျရောက်၍ သေနတ်ထိမှန်ကာ ကျောက်ဆောင်ထက်မှ ကျွမ်းပြန်ကျသွား၏။

ထိုအချိန်၌ နှစ်ဖက်ရင်ဆိုင်တိုက်ပွဲဝင်နေသော လူများကြားအောင် အသံတစ်သံက ထွက်ပေါ်လာ၏။





*"အားလုံးနားထောင်ကြပါ၊ စာမရီဟာ ကိုယ့်လူမျိုးအချင်းချင်း တိုက်ခိုက်နေတာကို လက်ပိုက်ကြည့်မနေနိုင်ဘူး"*

ထိုအသံကြောင့် တိုက်ပွဲသည် ရုတ်ခြည်းရပ်တန့်သွား၏။ ဝတ်စုံဖြူနှင့် စာမရီသည် တိုက်ပွဲတွင်းသို့ ရဲဝင့်စွာ လှမ်းဝင်လာ၏။

ကံကြမ္မာဖတ်ဆရာကြီးမှာမူ မည်သူ့လက်ချက်မှန်းမသိဘဲ ရင်ဝတွင် မြားတန်းလန်းနှင့် အသက်ကင်းမဲ့နေစဉ် စာမရီ၏စကားကို အလွယ်တကူ နာခံကြခြင်းဖြစ်၏။

အောင်ပွင့်သည် မျက်လုံးမီးထွက်မတတ် စာမရီဟူသော မိန်းမပျိုကို စူးစိုက်ကြည့်နေ၏။ သူမကြောင့်ပင် ရှေ့သိုက်နှင့် ဝေးကွာခဲ့ရ၏။

အောင်ပွင့်မှာ လောဘကြောင့် ရူးသွပ်သွားသူလို တဟားဟား အော်ဟစ်ရယ်မောကာ စာမရီ၏အသက်ကို ချွေရန် ပြင်လေတော့၏။

သို့သော် ဟောတ၏ခါးမြားကြီးက သူ့ထံဝဲပျံလာပြီး လောဘသားအတွက် ဇာတ်သိမ်းပေးလိုက်၏။

ကျောက်ဆောင်ထက်မှ မားမားကြီးရပ်လျက်ရှိသော တူးခေါင်သည် မကြာမီရောက်ရှိလာတော့မည့် ငြိမ်းချမ်းခြင်းနိမိတ်ကို မြင်ယောင်မိကာ နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်မိ၏။

ထိုအတူ ကျောက်တောင်ကြီးထက်မှ တိုက်ပွဲမြက်ခင်းသို့ မမှိတ်



www.burmeseclassic.com

www.burmeseclassic.com



မသုန် အဖြစ်အပျက်အလုံးစုံကို ကြည့်ရှုနေသော ဦးဘမြဲဟူသော လူကြီးတစ်ယောက်ကမူ သူတို့၏ရွှေသိုက်ရှာဖွေခြင်းခရီး အောင်မြင်စွာ အဆုံးသတ်သွားသလို သားဖြစ်သူ၏ရင်ထဲ၌ စာမရှိဟူသော အမည်နာမတစ်ခု ကပ်၍ပါလာဦးမည်ကို စိုးရိမ်နေမိလေတော့၏။

ဘာမျှမရှိခြင်းဟာ ပြီးပြည့်စုံခြင်းပါပဲ

*မင်းသွေးသစ္စာ*

BURMESE CLASSIC .com



www.burmeseclassic.com